# လောကပါလ

## ဥပဒေရေးရာစာစောင်

**ISSN 1513-9174** အမှတ်စဉ် (၃၅) ဒီဇင်ဘာလ ၂၀၀၉ ခုနှစ်၊

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

BURMA LAWYERS' COUNCIL

P.O Box 144 Mae Sod, Tak, 63110 Thailand

Email: blcsan@ksc.th.com, Website: www.blc-burma.org

# လောကပါလဥပဒေရေးရာစာစောင်

**အမှတ်စဉ် [၃၅] – ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ**

## မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)


.........................................................................................

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**

မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**

မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သူရိန်၊ သန်းနိုင်ထွေး

သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့



ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။


ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand

E-mail ; blcsan@ksc.th.com, Website; www.blc-burma.org

**လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၅)၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ**

## မာတိကာ


**စာမျက်နှာ**

**(၂၀၁၀) ရွေးကောက်ပွဲ**

- နိုင်ငံရေးလမ်းပြမြေပုံနှင့် (၂၀၁၀) ရွေးကောက်ပွဲ ၄

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ**

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၁) ၁၂
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၂) ၁၇

**ဥပဒေစိုးမိုးရေး**

- သံဃာတော်များကို တရားလက်မဲ့ ဖမ်းဆီးချုပ်နှောင်နေခြင်းများအပေါ် ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက် ၂၁
- အပြစ်မဲ့ပြည်သူတို့အပေါ် တရားလက်မဲ့ဖမ်းဆီးနေခြင်းများကို ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက် ၂၄

**နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ**

- နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရှစ်ကြိမ်မြောက် ညီလာခံတက်ရောက်ခဲ့သော မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ ၂၇
- မြန်မာနိုင်ငံအတွင်း၌ ပြင်းထန်သောပြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအပေါ် စည်းရုံးလှုပ်ရှားမှုများ မြှင့်တင်ပေးရန် လိုအပ်ကြောင်း ၃၀

**မြန်မာရွှေ့ပြောင်းအလုပ်သမားများရေးရာ**

- ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာအတွက် နိုင်ငံသားစိစစ်ရေးလုပ်ဆောင်ရန် လိုအပ်သော အချက်များ ၃၉

## မာတိကာ

စာမျက်နှာ

• ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ယာယီနိုင်ငံကူး လက်မှတ်များ ပြုလုပ်ပေးရေးအပေါ် ဆွေးနွေးသုံးသပ်ခြင်း ၆၄

**စာပဒေသာ**

• နိုင်ငံရေးအမှုလိုက် ရှေ့နေတစ်ဦးရဲ့ ဒိုင်ယာရီမှတ်စု ၆၈





**လောကပါလ ဥပဒေရေးရာစာစောင်**

**အမှတ်စဉ် (၃၅)**

**၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ**




## [၂၀၁၀] ပြည့်နှစ်ရွေးကောက်ပွဲ

# နိုင်ငံရေးလမ်းပြမြေပုံ နှင့် [၂၀၁၀] ပြည့်နှစ်ရွေးကောက်ပွဲ

*သော်တာဝင်း (မိသော်)*

လွန်ခဲ့တဲ့ ၁၈၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု သမ္မတကြီး လင်ကွန်း Abraham Lincoln က ပြည်တွင်းစစ်အတွင်းမှာ ကျဆုံးသွားကြတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ပြုတဲ့အနေဖြင့် ပြောကြားသည့် သမိုင်းဝင်မိန့်ခွန်းထဲမှာ ပြည်သူလူထုရဲ့ အစိုးရဆိုတာဟာ၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်ပြီး၊ ပြည်သူလူထု အကျိုးစီးပွားအတွက် လုပ်ဆောင်တဲ့ အစိုးရဖြစ်ရမယ်ဆိုတဲ့ "Government of the people, by the people, for the people" လို့ ထည့်သွင်းပြောကြားသွားပါတယ်။

အမေရိကန်ပြည်ထောင်စု သမ္မတကြီး လင်ကွန်း ပြောကြားခဲ့တဲ့ အဆိုပါ ကမ္ဘာကျော် မိန့်ခွန်း ကောက်နုတ်ချက်ဟာ ယနေ့ထက်တိုင် ဒီမိုကရေစီအစိုးရများအကြောင်း၊ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအကြောင်းကို ပြောဆိုကြတဲ့အခါ၊ အဓိပ္ပါယ်ဖွင့်ဆိုကြတဲ့အခါ တိုင်းမှာ ထည့်သွင်းပြောဆို ကိုးကားလေ့ရှိတဲ့ စကားရပ်တခု ဖြစ်လို့နေပါပြီ။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုတာကလည်း အမိဝမ်းတွင်းကနေ အတူတကွ မွေးဖွားလာကြတဲ့ အမွှာညီအစ်ကို အမွှာညီအစ်မလို့ပင် တင်စားပြောဆိုကြရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီမိုကရေစီနည်းကျ တရားမျှတတဲ့ ရွေးကောက်ပွဲများမရှိဘဲ ဒီမိုကရေစီကို ဖော်ဆောင်လို့မရပါဘူး။

ဒီမိုကရေစီကိုလိုလားတယ်၊ ဒီမိုကရေစီကိုမြတ်နိုးတယ် ဒီမိုကရေစီဝါဒ ထွန်းကားစေချင်တယ်ဆိုရင် အခြေခံအားဖြင့် နိုင်ငံရေးပါတီနှင့်အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ခွင့်ပြုပြီး၊ အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိရမှာဖြစ်ပါတယ်။ ထို့ပြင် မိမိ၏အယူအဆများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်၊ လွတ်လပ်စွာ မဲပေးနိုင်ခွင့်၊ အစိုးရနှင့် ပြည်သူ့ဝန်ထမ်း ရာထူးများအတွက် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် မိမိ၏ပါတီကို ပြည်သူလူထုက ထောက်ခံဆန္ဒမဲပေးစေရန် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးခွင့်၊ သတင်းများရယူပိုင်ခွင့်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခွင့်များကို အာမခံချက်ပေးရမှာဖြစ်ပါတယ်။ အဲဒီ အထက်ဖော်ပြပါအချက်များကို အာမခံချက်မရှိဘဲနှင့် ဒီမိုကရေစီစနစ်ကို ထူထောင်မယ်ဆိုတာကတော့ ခါးတောင်းကျိုက်တခြား ဖင်တခြားဆိုတဲ့ စကားပုံလိုဖြစ်နေမှာပါဘဲ။

တရားမျှတသောရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ရေသောက်မြစ်တခုဖြစ်သကဲ့သို့ပင် လူ့အခွင့်အရေး အခြေခံ အချက်တခုလည်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်–"တရားမျှတသောရွေးကောက်ပွဲများမှတဆင့် လူတိုင်းသည် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့် ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်

ခွင့်ရှိသည်။” ဟု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၂၁)၊ အပိုဒ်ခွဲ (၁) တွင် ဖော်ပြထားပါသည်။ ဤပြဋ္ဌာန်းချက်သည် ကိုယ်စားပြုဒီမိုကရေစီစနစ်အရ ဒီမိုကရေစီနည်းကျ လူထုကိုယ်စားပြုအစိုးရအား တရားမျှတသော ရွေးကောက်ပွဲများ ရှိမှသာလျှင် ဖြစ်နိုင်ကြောင်း လူ့အခွင့်အရေးတခုအဖြစ် ဖော်ပြထားခြင်းဖြစ်ပါသည်။

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများဟာ အခြေခံလူ့အခွင့်အရေးတခု ဖြစ်တယ်ဆိုတာကို ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ဖော်ပြထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးနောက် ၁၉၄၅ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြပါတယ်။ ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် နိုင်ငံတကာအစိုးရများက လိုက်နာကျင့်သုံးကြရမည့် နိုင်ငံတကာစံများ သတ်မှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးစေမည့် အန္တရာယ်များနှင့်ပတ်သက်၍ ရန်စကျူးကျော်သည့် နိုင်ငံများကို ကုလသမဂ္ဂက အရေးယူမှုများ ပြုလုပ်နိုင်ရန်အတွက် အခြေခံစည်းမျဉ်းများကို ကုလသမဂ္ဂပဋိညာဉ် စာတမ်းမှာ ထည့်သွင်းရေးဆွဲနိုင်ခဲ့ကြပါတယ်။

ထို့အတူ နိုင်ငံအသီးသီး၏ ပြုမူဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးအပေါ် တည်မှီရမည်ဟူသော ဆန်းသစ်သည့် အယူအဆတရပ်သည်လည်း တပြိုင်တည်းမှာပင် ပေါ်ထွန်းလာခဲ့ပြီးနောက် နိုင်ငံအတော်များများရှိ အစိုးရများက တင်းမာစွာ ဆက်လက်ထိန်းသိမ်းထားလိုကြသည့် နိုင်ငံတော်အချုပ်အခြာအာဏာဆိုင်ရာ အစိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် ၌ ကြီးမားသော ဂယက်ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) အပိုဒ် (၂၁)၊ အပိုဒ်ခွဲ(၃)မှာ “ပြည်သူလူထု၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြား၍ တရားမျှတစွာကျင်းပသော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ မဲဆန္ဒပေးနိုင်ခွင့်ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်” ဟု ဖော်ပြထားပါသည်။ တနည်းအားဖြင့်ဆိုပါက နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာခြင်းသာဖြစ်ပြီး၊ ပြည်သူလူထု၏ဆန္ဒအမှန်ကိုလည်း လွတ်လပ်၍တရားမျှတသော ရွေးကောက်တင်မြှောက်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့်သာလျှင် အာမခံချက်ရှိကြောင်းကို အခြေခံလူ့အခွင့်အရေးအဖြစ် ဖော်ညွှန်းထားခြင်းပင် ဖြစ်ပါသည်။

စစ်အာဏာရှင်များလက်အောက်မှာ နေထိုင်ကြရတဲ့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲသမိုင်းကြောင်းအနေအထားကို ပြန်ပြောင်းကြည့်လိုက်မည်ဆိုပါက ရုပ်ပျက်ဆင်းပျက်နိုင်ပြီး၊ ခါးသီးလှတဲ့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရဲ့ ပကတိအနေအထားကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တပါတီအာဏာရှင်စနစ်ကို တွန်းလှန်ဖြိုဖျက်ပစ်နိုင်ခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီးနောက်မှာ စစ်အာဏာရှင်တစုက နိုင်ငံတော်အာဏာကို အတင်းအဓမ္မ သိမ်းပိုက်ခဲ့ပြီး ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ တောင်းဆိုတဲ့အတိုင်း ပါတီစုံ

ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်အောက်မှာ မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံရေးပါတီများနှင့် အထွေထွေရွေးကောက်ပွဲများကိုကျင်းပဖို့အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေ၊ ရွေးချယ်တင်မြှောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်ဥပဒေများကို ထုတ်ပြန်ကြေညာခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ်၊ မေလ(၂၇) ရက်နေ့မှာတော့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်အထိ လွတ်လပ်ပြီး တရားမျှတဲ့ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုပြီး တစုံတရာအကောင်ထည်ဖော်ခဲ့ခြင်းလည်း မရှိပါဘူး။

မြန်မာနိုင်ငံဟာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးစနစ်များအောက်မှာ ရွေးကောက်ပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ကြပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်စဉ်မှာ အုပ်ချုပ်ရေးဌာနနှင့် ဥပဒေပြုကောင်စီများအတွက် ရွေးကောက်ပွဲများရှိခဲ့ပါတယ်။ ၁၉၂၂ ခုနှစ်နှင့် ၁၉၃၅ ခုနှစ်အကြားမှာ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ ဥပဒေပြုကောင်စီ ရွေးကောက်ပွဲ (၄) ကြိမ်ပြုလုပ်ခဲ့ပါတယ်။ တခါ ၁၉၃၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာ စတင်ခဲ့တဲ့ (၉၁) ဌာန အုပ်ချုပ်ရေးစနစ်အတွက် ၁၉၃၆ ခုနှစ်မှာ မင်းတိုင်ပင်အမတ် ရွေးကောက်ပွဲ (၁) ကြိမ်ပြုလုပ်ခဲ့သလို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတွက် ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ပြုလုပ်ခဲ့ပြီး လွတ်လပ်တဲ့မြန်မာနိုင်ငံ၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာ အာဏာပိုင်နိုင်ငံတခုဖြစ်လာပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို (၁၉၅၂)၊ (၁၉၅၆) နှင့် (၁၉၆၀) ပြည့်နှစ်များမှာ ကျင်းပခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ၁၉၆၂ ခုနှစ်မှာ စစ်တပ်ကအာဏာသိမ်းခဲ့ပြီး တပါတီအာဏာရှင်စံနစ်ကို ထူထောင်ခဲ့ပါတယ်။ တပါတီတည်း ပြိုင်ဘက်မရှိတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအောက်မှာလည်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့အတွက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကို (၁၉၇၄) (၁၉၇၈) (၁၉၈၂) နှင့် (၁၉၈၆) ခုနှစ်များမှာ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ကွဲပြားခြားနားတဲ့ နိုင်ငံရေးစနစ် အသီးသီးအောက်မှာ မတူကွဲပြားတဲ့ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြသော်လည်း ရွေးကောက်ပွဲရလာဒ်ကိုတော့ အသီးသီး အကောင်ထည်ဖော်နိုင်ခဲ့ကြပါတယ်။

အတိတ်ကာလမှာ ကြုံတွေ့ခဲ့ရတဲ့ရွေးကောက်ပွဲများအပေါ်မှာအခြေခံပြီး နအဖလက်အောက်မှာ ကျင်းပမည့် (၂၀၁၀) ပြည့်နှစ် ရွေးကောက်ပွဲဆိုတာဟာ ဘယ်လိုအခြေအနေမျိုးနှင့် ဘယ်လိုရေခံမြေခံတို့အပေါ်မှာ ပေါ်ပေါက်လာခဲ့ရတယ်ဆိုတာကို လေ့လာဖို့လိုပါတယ်။ အခြေခံယူဆချက်ကတော့ ဒီမိုကရေစီရေခံမြေခံရှိမှသာလျှင် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရမျိုးကို ရရှိမှာဖြစ်ပါတယ်။ နအဖရဲ့ စစ်အာဏာရှင်စနစ်အောက်မှာ မိမိတို့ကိုယ်တိုင် တာဝန်ယူကျင်းပခဲ့တဲ့ လွတ်လပ်၍ တရားမျှတသော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်မပြုတဲ့အပြင် ရွေးကောက်ပွဲအနိုင်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ပါတီဝင်များ

ကို ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှာ လုပ်ကြံသတ်ဖြတ်ဖို့ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တဲ့ ဒီပဲယင်းလုပ်ကြံမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။

နိုင်ငံတကာအစိုးရများနှင့်အတူ အစိုးရမဟုတ်သည့် နိုင်ငံတကာဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးက ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအပေါ် ဝိုင်းဝန်းဝေဖန် ရှုတ်ချနေစဉ်ကာလအတောအတွင်းမှာပင် အားလုံးရဲ့အာရုံကို လွှဲပြောင်းနိုင်ဖို့အတွက် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့မှာ နအဖစစ်အစိုးရအနေဖြင့် "နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်" ဆိုတဲ့ အချက် (၇) ချက်ပါ လမ်းပြမြေပုံဆိုတာကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဆိုတာဟာ အဆိုပါလမ်းပြမြေပုံမှာပါတဲ့ အဆင့်(၇) ဆင့်အနက်က (၅) ဆင့်မြောက်မှာဖြစ်ပြီး "ပဉ္စမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း" ဆိုတဲ့ အဆင့်ကို သွားနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီဝါဒထွန်းကားဖို့အတွက် ရည်ရွယ်ပြီး ရွေးကောက်ပွဲများ ကျင်းပရန်ပြုလုပ်ခြင်း ဟုတ်မဟုတ် ဆိုတာကို သုံးသပ်ကြည့်မည်ဆိုရင်လည်း ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတာကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှာ နအဖက ကြေညာချက်အမှတ် (၂၊ ၂၀၀၈) ကို ထုတ်ပြန်ပြီးကြေညာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုကြေညာတဲ့ အချိန်တုန်းက မြန်မာနိုင်ငံမှာ မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှ အတည်ပြု ပြဋ္ဌာန်းထားခြင်း မရှိသေးပါဘူး။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုတာက ၂၀၀၈ ခုနှစ်၊ မေလမှာ လူထုဆန္ဒခံယူပွဲ လုပ်ပြီး လူထုကအတည်ပြုမှသာလျှင် ပေါ်ပေါက်လာရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရသာလျှင် ကျင်းပပြုလုပ်ရမယ့် ရွေးကောက်ပွဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတောင် အတည် မပြုရသေးခင်မှာ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းမဲ့ ရွေးကောက်ပွဲကိုကျင်းပဖို့ ရက် သတ်မှတ်ကြေညာတယ်ဆိုတဲ့အချက်က ဘာကိုဖော်ညွှန်းပြသနေသလဲဆိုတော့ စစ်အာဏာ ရှင်များဟာ လူထုဆန္ဒအပေါ်မှာအခြေမခံဘဲ သူတို့စစ်အာဏာရှင်တစုရဲ့ ဖြစ်ချင်တဲ့ဆန္ဒတခု တည်းကိုသာ လုံးဝအခြေခံခြင်းဖြစ်ကြောင်း ထင်ထင်ရှားရှား ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

စစ်အာဏာရှင်များရဲ့ဆန္ဒကဘာလဲဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) မှာ ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်တဲ့ အခန်း (၁)၊ အခြေခံမူများအခန်း၊ ပုဒ်မ (၆)(စ) မှာ ဖော်ပြထားတဲ့အတိုင်း "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်။" ဆိုတဲ့ပြဋ္ဌာန်း ချက်ကိုအခြေခံတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအစရှိတဲ့ နိုင်ငံတော်ရဲ့ အချုပ် အခြာအာဏာများမှာ စစ်ခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲမဝင်ဘဲ အလိုအလျောက် ခွဲတမ်းဝင်ယူနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အတည်ပြုမယ် အဲဒီနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်ထည်ဖော်မဲ့ ကိုယ်စားလှယ်တွေကိုရရှိဖို့ ရွေးကောက်ပွဲများ ကိုဖန်တီးပြီး မည်သည့်မတရားတဲ့နည်းကိုသုံးရသည်ဖြစ်စေ သုံးပြီး အနိုင်ရအောင်လုပ်မယ် ဆိုတဲ့ စစ်အာဏာရှင် သက်ဆိုးရှည်ရေးအမြင် နိုင်ငံရေးရေခံမြေခံအပေါ်မှာ ၂၀၁၀ ပြည့်နှစ် ရွေး ကောက်ပွဲကိုကျင်းပမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ နအဖလက်အောက်မှာ ကျင်းပမည့် (၂၀၁၀) ပြည့်နှစ် ရွေးကောက်ပွဲရဲ့ အခြေအနေကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုပြီး မည်မျှလောက်အထိ လူ့အခွင့်အရေး အခြေခံ၊ ဒီမိုကရေစီအခြေခံစံများနှင့် ကိုက်ညီမှုရှိမရှိကို အနိမ့်ဆုံးအားဖြင့် အောက်ဖော်ပြပါအချက်များအပေါ်မှာ အခြေခံထားပြီး ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်။

## (က) ဥပဒေပြုလွှတ်တော်

ဒီမိုကရေစီဝါဒဆိုသည်မှာ လူအများစု၏ဆန္ဒအတိုင်း အုပ်ချုပ်ခြင်းဖြစ်သည်။ အုပ်ချုပ်ခြင်းဆိုသည်မှာ တရားဥပဒေအရ အုပ်ချုပ်ခြင်းဖြစ်ပြီး တရားဥပဒေဆိုသည်မှာလည်း လူတဦးတယောက်၊ တစုတဖွဲ့၊ တပါတီ၊ လူမျိုးတမျိုးကသာ တဖက်သတ် ပြုလုပ်ထားသော ဥပဒေမျိုးမဟုတ်ဘဲ အားလုံးသော ပြည်သူလူထု၏ အကျိုးစီးပွားအတွက် တရားမျှတမှုရှိသည့် ဥပဒေများကိုဆိုလိုခြင်း ဖြစ်ပါသည်။

ဥပဒေပြုလွှတ်တော်များ (ပါလီမန်) တွင် ကိုယ်စားပြုခြင်းနှင့် ပတ်သက်၍ အခြေနေပုံစံ သုံးမျိုးနှင့်ကိုက်ညီစွာ ကိုယ်စားပြုနိုင်ဖို့ လွန်စွာအရေးကြီးပါတယ်။ ပထမတမျိုးကတော့ ဒေသအလိုက် ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ဥပဒေပြုလွှတ်တော်မှာ မြန်မာနိုင်ငံအတွင်း မဲဆန္ဒနယ်ပယ်အသီးသီးကို ကိုယ်စားပြုတဲ့ စစ်မှန်တဲ့ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စုဆည်းရာ၊ ဆုံစည်းရာနေရာဖြစ်ဖို့ လိုအပ်ပါတယ်။ မြို့ကြီး ပြကြီးများမှာ အခြေစိုက်လေ့ရှိကြတဲ့ နိုင်ငံရေးပါတီကြီးများအနေဖြင့် ဖြစ်စေ၊ အဖွဲ့အစည်းများအနေဖြင့်ဖြစ်စေ မိမိတို့နှင့် နီးစပ်ရာ မြို့ပြဆိုင်ရာပုဂ္ဂိုလ်များကိုသာ ဖြစ်စေ၊ မိမိတို့အပေါ်သစ္စာခံမည့် ပုဂ္ဂိုလ်များကိုသာ ဖြစ်စေ ရွေးချယ်ခြင်း (သို့မဟုတ်) လူမျိုးတမျိုးက လက်ဝါးကြီးအုပ် နေရာယူထားတဲ့ အဖွဲ့အစည်းတခုက အဆိုပါလူမျိုးတူ လူအစုအဝေးကိုသာရွေးချယ်၍ လွှတ်တော်များသို့ စေလွှတ်ကြမည်ဆိုလျှင် ပါလီမန်လွှတ်တော်များတွင် အရေးကြီးတဲ့ ဒေသကိုယ်စားပြုမှုများ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ နအဖ က စေလွှတ်မည့် စစ်တပ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များဟာ အထက်ဖော်ပြပါ အခြေအနေမျိုးမှာ ရှိနေပါတယ်။

ဒုတိယတမျိုးကတော့ လုပ်ငန်းအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များကို ကိုယ်စားပြုခြင်းဖြစ်ပါတယ်။ လွှတ်တော်များမှာ လုပ်ငန်းတမျိုးတည်းကိုသာ ကိုယ်စားပြုသူများ အများအပြား ပါဝင်နေပါက အခြားသောလုပ်ငန်းများအတွက် ကိုယ်စားပြုသူများ ပါဝင်မှုအရေအတွက် နည်းပါးလွန်းနေသဖြင့် လွှတ်တော်၏ အခန်းကဏ္ဍသည် ပြည့်စုံကောင်းမွန်မှု ရှိတော့မည်မဟုတ်ပါ။ နအဖ ကစေလွှတ်မည့် စစ်တပ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ဟာ နိုင်ငံတော်အတွက် အရေးပါတဲ့ အခြားသော အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့ အချိုးညီကိုယ်စားပြုမှုကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိပါတယ်။

တတိယအမျိုး အစားကတော့ အလွှာထုကိုကိုယ်စားပြု၍ လွှတ်တော်များတွင် ပါဝင်ခြင်းဖြစ်ပါတယ်။ လွှတ်တော် (ပါလီမန်) ဆိုတာဟာ တနည်းအားဖြင့်ဆိုပါက နိုင်ငံတနိုင်ငံ၏ ကြေးမုံမှန်ပြင်လည်းဖြစ်ပါတယ်။ နိုင်ငံအတွင်းရှိ အမျိုးသမီးထုအလွှာကို ကိုယ်စားပြု၍ပါဝင်လာသူများ၊

တက်သစ်စ လူငယ်ထုကို ကိုယ်စားပြုမှု၊ သက်ကြီးရွယ်အိုများကို ကိုယ်စားပြုမှု၊ ဘာသာရေးနှင့် ဘာသာစကားကွဲပြားမှုအရ ကိုယ်စားပြုမှု အစရှိသဖြင့် အလွှာအသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါလီမန်တွင်ပါဝင်လာခြင်းအားဖြင့် နိုင်ငံတော်၏ အရေးအရာ ကိစ္စများကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ရာတွင် လွှတ်တော် (ပါလီမန်) ၏ အခန်းကဏ္ဍမှာ ပိုမိုကောင်းမွန် ပြည့်စုံမည်ဖြစ်ပါသည်။ သို့ရာတွင် နအဖ ၏ လက်ဝါးကြီးအုပ်မှုအောက်၌ ကျင်းပ မည့် (၂၀၁၀) ရွေးကောက်ပွဲတွင် ထိုကဲ့သို့ ဖြစ်နိုင်ချေအလားအလာ များစွာနည်းပါးပါသည်။ အထူးသဖြင့် အမျိုးသမီးထုအလွှာ ပါဝင်နိုင်မှုမှာ ဖြစ်နိုင်ချေအနည်းဆုံးဖြစ်နေပါသည်။

ပြည်သူလူထုအားလုံး၏ အကျိုးစီးပွားအတွက် ဥပဒေများကို ပြည်သူလူထု၏ စစ်မှန် သော ပြည်သူ့ကိုယ်စားလှယ်များကသာလျှင် ရေးဆွဲပြဋ္ဌာန်းပေးနိုင်မည်ဖြစ်ပါသည်။ ပြည်သူလူ ထုကို ကိုယ်စားမပြုသည့် ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စားပြုသည့် အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက်သာ အခြေခံသည့် ဥပဒေများကို ရေးဆွဲ အတည်ပြုပြဋ္ဌာန်းပေးလိမ့်မည် ဖြစ်ပေသည်။ ဒါကြောင့်မို့ နအဖရဲ့ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၀၉) အရ လည်းကောင်း၊ ပုဒ်မ (၁၄၁) အရလည်းကောင်း၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်မှုမရှိဘဲ စစ်တပ်က တိုက်ရိုက်ဝင်ရောက်နေရာယူမည့် လွှတ်တော်များမှာ အထက်ဖော်ပြပါ ကိုယ်စားပြုမှု များ ကွယ်ပျောက်နေသည့် စစ်တပ်ကြီးစိုးတဲ့ ပါလီမန်သာဖြစ်နေပါလိမ့်မည်။

## (ခ) မဲဆန္ဒရှင်၏အခွင့်အရေး

နိုင်ငံတော်နှင့် နိုင်ငံသားများ တိုင်းရင်းသား ပြည်သူလူထုအများ၏ အကျိုးစီးပွားကို အမှန်တကယ်သယ်ပိုးမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ရာ၌ မဲပေးပိုင်ခွင့်ရှိသော ပြည်သူလူထုသည် မိမိတို့၏ဆန္ဒကို မဲရုံများသို့သွား၍ မိမိကြိုက်နှစ်သော ကိုယ်စားလှယ်အား မဲထည့်ခြင်းအားဖြင့် မိမိတို့၏ဆန္ဒကို ထုတ်ဖော်ပြသနိုင်ကြပါသည်။ အဆိုပါ အခွင့်အရေးမှာ ပြည်သူလူထုအတွက် စွမ်းအားထက်မြက်သည့် ထူးမြတ်သည့် အခွင့်အရေး ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက မိမိတို့စိတ်ချယုံကြည်ရမည့် ပုဂ္ဂိုလ်များကို ပြည်ထောင် စု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို လွှဲအပ်နိုင်ရန်နှင့် မိမိတို့ စိတ်ချယုံကြည်မှုမရှိသော ပုဂ္ဂိုလ်များကို အဆိုပါလုပ်ပိုင်ခွင့်နှင့် ရာထူးဌာနများမှ ဘေး အန္တရာယ်ကင်းစွာ ဖယ်ရှားပစ်နိုင်သည့် အခွင့်အရေးကိုရခြင်းပင် ဖြစ်ပါသည်။

## (ဂ) မဲတန်ဘိုးနှင့် မဲဆန္ဒရှင်၏တာဝန်

ဆန္ဒမဲပေးခြင်းမှာ ဒီမိုကရေစီ၏ အသက်ပင်ဖြစ်သည်။ အများ၏ ဆန္ဒ (မဲ) ဖြင့်အုပ်ချုပ် ခြင်းသည် ဒီမိုကရေစီပင်ဖြစ်သည်။ (မဲ) မပါလျှင် ဒီမိုကရေစီမဖြစ်နိုင်သကဲ့သို့ ဒီမိုကရေစီဝါဒ တခုလုံးသည်လည်း (မဲ) ပေါ်၌တည်နေပါသည်။ သို့ဖြစ်ရာ (မဲ) ပေးနည်းကိုသိရန်နှင့် မဲပေးတတ် ရန်မှာ များစွာအရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံသာသားတိုင်း မဲပေးတတ်ရမည်။ နိုင်ငံသား တိုင်း (မဲ) ၏ တန်ဖိုးကို ကောင်းစွာနားလည် သဘောပေါက်ထားရမည် ဖြစ်ပါသည်။ (မဲ) ပေးမှား လျှင် ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်လည်း မှားပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မိမိတို့

မဲပေးရာ၌ မည်သူ့အားမဲပေးရမည်ဆိုသည်ကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ပထမဦးဆုံး စဉ်းစားဆင်ခြင်ကြည့်ရပါမည်။ ထိုသို့စဉ်းစားရာတွင် မိမိရွေးချယ်မဲပေးရမည့် လွှတ်တော်ကိုယ်စားလှယ်၏ အကြောင်းအရာများကို အစုံအလင်သိရှိရအောင် တတ်နိုင်သမျှအားထုတ်ရမည် ဖြစ်ပါသည်။ မိမိမဲပေးရန်ရည်ရွယ်လိုက်သည့် ကိုယ်စားလှယ်သည် အကျင့်စာရိတ္တကောင်းမွန်သူ၊ ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးကိုဆောင်ရွက်တတ်သူ၊ အရည်အချင်း ပြည့်ဝသူ ဟုတ် မဟုတ် ဆိုသည်ကို ဆန်းစစ်ကြည့်ဖို့ လိုပါသည်။ ဒုတိယအချက်အနေဖြင့် အဆိုပါကိုယ်စားလှယ်လောင်းနှင့် ယှဉ်ပြိုင်အရွေးခံကြမည့် အခြားသော ကိုယ်စားလှယ်လောင်းများအနက် မည်သည့်ကိုယ်စားလှယ်လောင်းက အသိအလိမ္မာ၊ ဉာဏ်ပညာ ပိုပြည့်စုံပါသနည်း။ အကျင့်စာရိတ္တ မည်သူက ပိုကောင်းပါသနည်း အစရှိသည့် မေးခွန်းပေါင်းများစွာကို မိမိဖာသာ မိမိမေး၍ မိမိကိုယ်တိုင် ဖြေဆိုစဉ်းစားဆုံးဖြတ်ရမည် ဖြစ်ပါသည်။

ရွေးချယ်ခံကြမည့် ကိုယ်စားလှယ်လောင်း တဦးချင်းစီကိုသော်လည်းကောင်း၊ တဦးနှင့်တဦးကိုသော်လည်းကောင်း၊ နှိုင်းယှဉ်၍ အပြန်ပြန်အလှန်လှန် စဉ်းစားဝေဖန် သုံးသပ်ပြီးနောက် လိုအပ်သည့် အရည်အချင်းများ မရှိပါက သို့မဟုတ် အရည်အချင်းအားနည်းနေပါက တနည်းအားဖြင့်ဆိုသော် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ထိုက်သော အရည်အချင်းနှင့် မပြည့်စုံပါက မိမိ၏ ဆွေမျိုးဉာတိ၊ မိတ်ဆွေပင်ဖြစ်လင့်ကစား (မဲ) မပေးထိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် မိမိပိုင်သော (မဲ) သည် ပြည်ထောင်စုကြီးတခုလုံးနှင့် ဆိုင်သည့်အတွက်၊ ပြည်ထောင်စုကြီး၏ အကျိုးကိုရှေးရှုကာ (မဲ) ပေးရမည် ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ မိမိ၏မဲကို ငွေပေး၍ ဝယ်လို့မရ။ မည်သည့်တန်ဖိုးနှင့်မျှ အစားထိုး၍မရသော (မဲ) အဖြစ်ခံယူ၍ (မဲ) ပေးရန် လိုအပ်ပါသည်။

(မဲ) သည် ပြည်သူလူထု၏ဆန္ဒကို ဖော်ပြခြင်းဖြစ်သဖြင့် မဲပေးမမှားရန် အလွန်အရေးကြီးပါသည်။ ကိုယ်စားလှယ်လောင်းများ၏ အပြောနှင့် ၎င်းတို့၏လက်တွေ့ လုပ်ဆောင်ချက်များ၊ လုပ်ဆောင်နိုင်စွမ်းများအပေါ် မဲဆန္ဒရှင်ပြည်သူလူထုက မဲမပေးမီ သတိကြီးစွာထား၍ ချင့်ချိန်ဝေဖန် အကဲဖြတ်ရန်လိုအပ်ပါသည်။ ထို့ပြင် မိမိ၏ ကိုယ်ပိုင် (မဲ) ကို အခြားသူအားဖြစ်စေ၊ အခြားသူကဖြစ်စေ၊ မိမိ၏ကိုယ်စား မဲထည့်ခြင်း သို့မဟုတ် မဲထည့်ခွင့်ပေးခြင်းကို လုံးဝမပြုလုပ်သင့်ပါ။ ထိုကဲ့သို့ လူစားထိုး၍ မဲထည့်ခြင်းသည် မိမိ၏အခွင့်အရေးကို အလွဲသုံးစားပြုရာရောက်သည့်အပြင် ရွေးကောက်ပွဲ ဥပဒေများအရလည်း ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။

ရွေးကောက်ပွဲများတွင် မိမိ၏ (မဲ) တမဲသည် အခြားသော မဲ ရာထောင်များစွာကဲ့သို့ပင် အဖိုးတန်သည်။ အသုံးဝင်သည်။ အရေးကြီးသည်ဟု သိထားရန်လိုပါသည်။ လွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးချယ်ခံကြသော ကိုယ်စားလှယ်လောင်းတဦးသည် (မဲ) အပြတ်အသတ်ဖြင့် ထောင်သောင်းချီ၍ ထောက်ခံမဲများရရှိပြီး အနိုင်ရရှိနိုင်သကဲ့သို့ပင်၊ (မဲ) တမဲတည်းအသာဖြင့်လည်း အနိုင်ရရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ရွေးချယ်တင်မြှောက်ပွဲစနစ်သည် မဲများသူအနိုင်ရသည့် မဲပေးစနစ် **(First Past The Post)** ဖြစ်သည့်အတွက် (မဲ) တမဲအသာဖြင့်လည်း အားလုံးအပေါ်၌ လုံးဝအနိုင်ရသွားစေသည့်စနစ် ဖြစ်သည့်အတွက် မိမိ၏ (မဲ) တမဲသည် အလွန်တာသွားပါသည်။ အရေးပါအရာရောက်ပါသည်။

နအဖလက်အောက်တွင် ကျင်းပမည့် (၂၀၁၀) ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသော ပြည်သူလူထုသည် အထက်ဖော်ပြပါ အခွင့်အရေးကို မလွဲမသွေအသုံးပြုရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိတို့၏ မဲဆန္ဒနယ်မြေအတွင်း စာရင်းပေးသွင်းထားကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို အသေအချာ လေ့လာသုံးသပ်၍ ပြည်ထောင်စု၏ အကျိုးစီးပွားတစုံတရာကို သယ်ဆောင်နိုင်စွမ်းမရှိသူများ၊ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်အောင်လုပ်မည့်သူများအား (မဲ) မထည့်မိကြဖို့ အထူးလိုအပ်ပါသည်။ မိမိကိုယ်တိုင်က (မဲ) မပေးရသေးမီ သို့တည်းမဟုတ် (မဲ) မပေးသည့်တိုင်အောင် အခြားသောသူ တဦးတယောက်က မိမိကိုယ်စားမဲထည့်သည့် (မဲ) ခိုးမှုများ မဖြစ်စေရန်လည်း သတိဝီရိယကြီးစွာဖြင့် စောင့်ကြပ်ကြည့်ရှုရန်လည်း လိုအပ်ပါသည်။

အကယ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံလုံလောက်သူများ မဟုတ်ဟု ယူဆပါက၊ မည်သည့်ကိုယ်စားလှယ်ကိုမှ လုံးဝမဲ မပေးလိုက်ခြင်းကပင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ဆန္ဒမဲပြားများရေတွက်ရာတွင် မဲပေးသူအရေအတွက် လွန်စွာနည်းနေခြင်းသည်ပင်လျှင် မိမိတို့ မဲဆန္ဒနယ်မြေအတွက် လူအများ၏ ယုံကြည်လေးစားမှုကို ခံယူနိုင်သော သို့တည်းမဟုတ် ပြည်ထောင်စုကြီးအကျိုးအတွက် ထမ်းဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်မရှိဟု ပြသရာရောက်ပါသည်။ မြန်မာနိုင်ငံမှာ (မဲ) မပေးလျှင်မနေရ၊ မလွဲမသွေ (မဲ) ပေးရမည်ဆိုသည့် ဥပဒေပြဋ္ဌာန်းချက် (Compulsory vote) မရှိပါ။ မဲဆန္ဒရှင်များအနေဖြင့် မိမိသဘောဆန္ဒအရသာ မဲပေးလိုက ပေးနိုင်ခွင့်ရှိ သည့် စနစ် (Optional vote) ကိုသာ လက်ခံအသုံးပြုလျက်ရှိပါသည်။ လက်ရှိ တည်ရှိဆဲဥပဒေများအရ မဲပေးရန်အတွက် မည်သူတဦးတယောက်ကိုမျှ အတင်းအကြပ်မပြုနိုင်သကဲ့သို့၊ မဲရုံသို့သွား၍ ဆန္ဒမဲ မပေးခြင်းအတွက်လည်း အရေးယူအပြစ်ပေးနိုင်သည့် ဥပဒေလည်းမရှိပါ။

သို့ဖြစ်ပါသဖြင့် လာမည့် (၂၀၁၀) ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားအတွက် စွမ်းဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ (Free and Fair Elections) မှ တဆင့် ရွေးကောက်တင်မြှောက်နိုင်မည့် အခြေအနေမျိုးကို မရရှိပါက လာမည့်(၂၀၁၀) ပြည့်နှစ် ရွေးကောက်ပွဲများကို မဲဆန္ဒရှင် ပြည်သူလူထုအနေဖြင့် သပိတ်မှောက် ဆန့်ကျင်နိုင်သည့် အခွင့်အရေးလည်းရှိပါကြောင်း၊ ထပ်လောင်းတင်ပြလိုပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

*(အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆောင်းပါးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ရေးသားပြုစုကာ ဒီမိုကရက်တစ် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(ဖ)<br>တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၄)

နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၇) ပုဒ်မ (၃၃၈) မှာ **နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်** ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ရှင်းနေတဲ့ အချက်ကတော့ တပြည်လုံးမှာ ရှိသမျှ လက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးဟာ တပ်မတော်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ နေရမယ့်သဘောပါဘဲ။ ဒီလိုပြဋ္ဌာန်းချက်မျိုး လက်တွေ့လုပ်ဆောင်မှုမျိုးကို ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လိုဒီမိုကရေစီနိုင်ငံတွေမှာမှ တွေ့နိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်တဲ့ဒီမိုကရေစီနိုင်ငံတွေမှာ လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားကို ကျင့်သုံးလို့ပါဘဲ။ အင်္ဂလိပ်ဘာသာနဲ့ (Civilian Supremacy) လို့ခေါ်ပါတယ်။

ဒီသဘောအခြေခံကိုကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ တပ်မတော်အပါအဝင် ရှိသမျှ လက်နက်ကိုင် တပ်ဖွဲ့တွေအားလုံးဟာ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ အစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ရှိရပါတယ်။ ပြီးတော့ တပ်မတော်က သီးခြားရှိရတယ်။ ရဲတပ်ဖွဲ့၊ အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့၊ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့ အစရှိတဲ့ လူထုကို အုပ်ချုပ်တဲ့နေရာမှာ တိုက်ရိုက်အသုံးပြုတဲ့ တပ်ဖွဲ့တွေကို တပ်မတော်နဲ့ခွဲပြီး သီးခြားထားကြလေ့ရှိပါတယ်။ ဆိုလိုချင်တာကတော့ အဲဒီတပ်ဖွဲ့တွေဟာ တပ်မတော်ရဲ့ ကြီးကြပ်ကွပ်ကဲမှု အောက်မှာ မရှိရဘူး။ လူထုကရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ အရပ်သားအစိုးရရဲ့ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ရှိရတယ်။ ဒါမှသာ လူထုအစိုးရဟာ အဲဒီလက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ အင်အားကိုသုံးပြီး လူထုအုပ်ချုပ်ရေးစနစ်ကို ချမှတ်ဖော်ဆောင်နိုင်တာဖြစ်တယ်။ လူထုအစိုးရ အင်အားရှိမှာဖြစ်တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ ကဏ္ဍကြီးသုံးရပ်ဟာ အခရာကျတယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ဘက်ပြောင်းလာတဲ့ ဗိုလ်မှူးဟောင်း အောင်လင်းထွတ်ရဲ့ ရှင်းပြချက်အရဆိုရင် ဥပဒေပြုလွှတ်တော်နေရာရဲ့ ၂၅ ရာခိုင်နှုန်း

ကို စစ်ခေါင်းဆောင်တွေသက်သက်က ယူထားပြီ။ ၃၀ ရာခိုင်နှုန်းကို စစ်ခေါင်းဆောင်တွေက တိုက်ရိုက်ချုပ်ကိုင်ထားတဲ့ ကြံ့ဖွံ့အဖွဲ့က ယူသွားမယ်။ ကျန်တဲ့ ၄၅ ရာခိုင်နှုန်းမှာ အရပ်ဝတ်လဲထားတဲ့ စစ်ခေါင်းဆောင်တွေ နေရာယူနိုင်ဖို့ ပြင်ဆင်နေတယ်။ ဒါကြောင့် ၂၅ ရာခိုင်နှုန်းလောက်ဘဲ လူထုကိုယ်စားလှယ်တွေထဲက ရွေးချယ်တင်မြှောက်လာနိုင်စရာရှိတယ်လို့ ဗိုလ်မှူးဟောင်း အောင်လင်းထွတ်က ဆိုပါတယ်။

တကယ်တော့ အဲသည် ၂၅ ရာခိုင်နှုန်းဟာလည်း လူထုကိုယ်စားလှယ် စစ်စစ် မဖြစ်နိုင်ပါဘူး။ နအဖ က လက်သတ်မွေးထားသူတွေ၊ နအဖရဲ့ လက်ဝေခံတွေသာဖြစ်ဖို့ သေချာသလောက်ပါဘဲ။ ရွေးကောက်ပွဲဝင်ဖို့ ပြည်တွင်းမှာ အခုလက်ရှိ လှုပ်ရှားနေသူတွေကို ကြည့်မယ်ဆိုရင်ဘဲ ရှင်းလောက်ပါပြီ။ ဒါကြောင့် ဥပဒေပြုရေးကဏ္ဍကို ဘာမှအားကိုးလောက်စရာမရှိပါ။ တရားစီရင်ရေးကဏ္ဍကို ဆက်ပြီးကြည့်ရအောင်ပါ။ တရားသူကြီးချုပ်တွေကို အုပ်ချုပ်ရေးအာဏာပိုင်တွေက ခန့်နိုင် ဖြုတ်နိုင်တဲ့ ပြဋ္ဌာန်းချက်တွေကို အတိအလင်း ထည့်သွင်းထားတာကြောင့် တရားစီရင်ရေး အခြေအနေဟာလည်း ယခုလက်ရှိထက်ပိုပြီး ဆိုးမယ်ဆိုတာ သေချာလှပါတယ်။ ကိုင်း ဒါဖြင့်ရင် အရေးကြီးဆုံးကျန်နေတဲ့ အုပ်ချုပ်ရေးကဏ္ဍကို ဆက်ကြည့်ကြရအောင်။ အဆိုးဆုံး ဖြစ်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ဘာကြောင့်ပါလဲ။ အုပ်ချုပ်ရေး ကဏ္ဍမှာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုတဲ့ စစ်ကောင်စီကို တရားဝင်ထည့်သွင်းပြဋ္ဌာန်းထားလို့ပါဘဲ။

တပ်မတော်တရပ်လုံးဟာ အဲဒီစစ်ကောင်စီရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ သဘောကိုတွေ့ရပါတယ်။ စစ်ကောင်စီအဖွဲ့ဝင် ၁၁ ဦးအနက် ၆ ဦးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ စစ်အုပ်စုထိပ်သီးတွေ သက်သက်ဖြစ်နေပါတယ်။ ကျန်တဲ့ ၅ ဦးကတော့ အရပ်ဝတ်လဲထားတဲ့ ဗိုလ်ချုပ်လူထွက်တွေသာဖြစ်ဖို့ သေချာသလောက်ပါပဲ။ ဒါကြောင့် နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် တပ်မတော်တရပ်လုံးဟာ စစ်အာဏာရှင်တွေရဲ့ လက်ထဲမှာသာရှိမှာပါ။ အဲဒါအပြင် အခြားလက်နက်ကိုင်တပ်ဖွဲ့တွေ အားလုံးဟာလည်း တပ်မတော်ရဲ့ကြီးကြပ်ကွပ်ကဲမှုအောက်မှာပဲရှိတော့မှာ ဖြစ်တယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းမှာ ရှိရှိသမျှလက်နက်ကိုင်အဖွဲ့အစည်းမှန်သမျှဟာ အာဏာရှင်စနစ်တည်မြဲဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ စနစ်တကျ အသုံးချခံရတဲ့ အနေအထားမျိုးသာ ရှိနေပါတော့တယ်။ ဒီအခြေအနေအောက်မှာ လူထုအုပ်ချုပ်ရေးစနစ် ပေါ်လာဖို့ဆိုတာ အိပ်မက်မက်လို့တောင် မရနိုင်ပါဘူး။ ရွေးချယ်တင်မြှောက်ခြင်းခံထားရတယ်ဆိုတဲ့ သမတ ဟာ အရပ်သားဖြစ်စေဦးတော့ သူ့လက်ထဲမှာ ဘာလက်နက်ကိုင်တပ်ဖွဲ့မှ မရှိဘူးဆိုတာတွေ့ရပါတယ်။

ဒီမိုကရေစီအခြေခံကနေ လူထုအုပ်ချုပ်ရေး တည်ဆောက်ကျင့်သုံးဖို့၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံကနေ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တွေကို စနစ်တကျစီစဉ်နေရာချထားဖို့ ဆိုတဲ့အချက်တွေဟာ ပြည်ထောင်စုကြီးတရပ်လုံး ရေရှည်ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုအတွက် များစွာအရေးကြီးလှပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၉ ခုနှစ် ကစလို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အမြောက်အများ နအဖ နဲ့ အပစ်အခတ်ရပ်စဲခဲ့ကြတယ်။ ဒီအဖွဲ့တွေ အမြင်မှန်ရလာပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီ။ ဒါကြောင့် တိုင်းပြည်

မှာ ငြိမ်းချမ်းမှု တည်ငြိမ်မှုရနေပြီးရယ်လို့ နအဖဟာ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ နှစ်ပေါင်းများစွာ ကြွားလုံးထုတ်လာခဲ့တယ်။ ဒါပေမဲ့ အဲဒီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ဥပဒေနှင့်အညီ ရပ်တည်ခွင့်ရအောင် ယနေ့အချိန်အထိ ဘာတခုမှ တရားဝင်လုပ်ဆောင်ပေးထားမျိုး မရှိဘူး။ အဲဒီ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ရပ်တည်မှုကို ဥပဒေနဲ့မညီအောင် နအဖက တမင်လုပ်ထားပုံရတယ်။ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံထဲမှာလည်း အဲဒီတိုင်းရင်းသားအဖွဲ့အစည်းတွေ့ရဲ့ ဥပဒေ နဲ့အညီရပ်တည်ခွင့်ရသွားအောင် မည်သို့မည်ပုံ လုပ်ဆောင်သင့်တယ်လို့ တိတိကျကျ ဆွေးနွေးခဲ့ကြခြင်းမရှိခဲ့ဘူး။ နအဖရဲ့ နာဂစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ထွက်လာတဲ့အခါမှာလည်း ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များဆိုပြီးတော့ အခန်း (၁၄) မှာ ပါရှိတာကို တွေ့ရတယ်။ ဒါပေမယ့် အဲဒီအခန်းထဲမှာလည်း ဘာတခုမှ ထည့်သွင်းပြဋ္ဌာန်းတာမရှိဘူး။ ဒါကြောင့် နအဖဟာ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဥပဒေစိုးမိုးရေးအခြေခံကနေ တညီတညွတ်ထဲ ကိုင်တွယ်မယ့်သဘောကို မတွေ့ရပဲ အဖွဲ့အစည်းကြီးရင် ကြီးသလို၊ ငယ်ရင် ငယ်သလို၊ သူတို့နဲ့ အဆင်ပြေရင် ပြေသလို၊ မပြေရင် မပြေသလို မျှော့ကြိုးလိုသဘောထားနဲ့ ဆက်လက်ကိုင်တွယ် ကစားသွားမယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါ။

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ တွေဟာ လက်နက်ကိုင်တပ်ဖွဲ့တွေတည်ထောင်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေရရှိဖို့အတွက် ဆယ်စုနှစ်ပေါင်းများစွာ တိုက်ပွဲဝင်လာခဲ့ကြတယ်။ ဒါကြောင့် သူတို့ရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများနဲ့အညီ စနစ်တကျ နေရာမချထားနိုင်ဘဲနဲ့ အလွယ်တကူ လက်နက်စွန့်ကြဖို့၊ ရဲတပ်ဖွဲ့ ဒါမှမဟုတ် လုံထိန်းတပ်ဖွဲ့ ဒါမှမဟုတ် ဒေသခံပြည်သူ့စစ်အသွင်မျိုးကို ပြောင်းလဲပြီး နအဖတပ်မတော်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ အတင်းထားခိုင်းဖို့ဆိုတာ အတော်ကို မလွယ်ကူလှပါဘူး။

အပစ်ရပ်အဖွဲ့အစည်းတခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေအတွင်းမှာ သူ့ရဲ့ ညီလာခံကို မွန်ပြည်နယ်မှာ ခမ်းခမ်းနားနား ကျင်းပခဲ့တယ်။ မွန်ရဟန်းတော်တွေ၊ လူထုတွေ၊ ပါတီဝင်တွေ ခေါင်းဆောင်တွေ တက်ရောက်ကြရုံသာမက စစ်ရေးပြအခမ်းအနားကိုပါ ရုပ်မြင်သံကြားမှာ မြင်လိုက်ကြရတယ်။ ညီလာခံအပြီးမှာ မွန်ပြည်သစ်ပါတီအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်မည် မဟုတ်သလို၊ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို စစ်အစိုးရကာကွယ်ရေးဌာနအောက်တွင် ထားရှိမည်မဟုတ်ကြောင်း ပြတ်သားစွာ ဆုံးဖြတ်ခဲ့ကြသည်ဆိုပြီး ကောက်ဝေါင် မွန်သတင်းဌာနက ဇန်နဝါရီလ (၁၈) ရက်နေ့မှာ ဖော်ပြသွားပါတယ်။

၂၀၁၀ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအပေါ် နအဖစစ်အစိုးရ၏ ဖိအားပေးမှုများမှာလည်း ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်ဆိုပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ နိုင်ငံရေးအံ့တုမှုကော်မတီရဲ့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ အစီရင်ခံစာမှာ ဖော်ပြထား

တယ်။ (ရမခစစ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် ဝသပ ဌာနချုပ်ရှိရာ ပန်ဆန်းသို့ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းအတွင်းက သွားရောက်ခဲ့ကြောင်း၊ နအဖက ဝသပ ခေါ် ဝ တိုင်းရင်းသားအပစ်ရပ်အဖွဲ့ကို လက်နက်အပ်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်စည်းရုံးခဲ့သော်လည်း မအောင်မြင်ကြောင်း၊ နအဖက စစ်ရေးအရ ဖိအားပေးလာလျှင် ခုခံတိုက်ခိုက်ရန်အတွက် ဝသပ သည် ၎င်း၏တပ်ဖွဲ့များကို တပ်လှန့်ထားပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေကြောင်းလည်း သိရှိရသည်) ဆိုပြီး ဖော်ပြထားပါတယ်။ အထက်ပါ သတင်းတင်ပြချက်တွေကို လေ့လာမယ်ဆိုရင် နအဖ အနေနဲ့ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို သူ့ရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကိုင်တွယ်ဖို့အတွက် အခက်အခဲကြီးကြီးမားမားနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ ထင်ရှားပါတယ်။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်ကိုင်အဖွဲ့အစည်းတွေ အမြောက်အများရှိတဲ့အနက် ဝသပ ဟာ အင်အားအကြီးဆုံးဖြစ်တယ်။ ဝ ဒေသဟာ တရုပ်ပြည်နဲ့ နယ်နမိတ်ချင်းထိစပ်ပြီး အင်မတန်ရင်းနှီးတဲ့ ဆက်ဆံရေးရှိတာကြောင့် ဝ ခေါင်းဆောင်တွေဟာ တရုပ်ပြည်ရဲ့ တိုင်းပြည်တည်ဆောက်ပုံ၊ ဖွဲ့စည်းလည်ပတ်ပုံတွေကို တစုံတရာ ကျွမ်းဝင်နားလည်မှုရှိပုံရကြတယ်။

တရုပ်ပြည်ဟာ တိုင်းရင်းသားအခွင့်အရေးတွေကို အတော်များများ အာမခံချက်ပေးရတဲ့ အခြေခံမျိုးနဲ့ တည်ဆောက်တဲ့ ပြည်ထောင်စုနိုင်ငံမဟုတ်ပါဘူး။ တနိုင်ငံလုံးလူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ ဟန်လူမျိုးကြီးတွေသာဖြစ်တာကြောင့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချကျင့်သုံးရလေ့ရှိတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ဖို့လည်း မလိုအပ်ပါဘူး။ ဗဟိုချုပ်ကိုင်မှုကို အဓိကထားကျင့်သုံးတဲ့ တပြည်ထောင်စနစ်နဲ့ တည်ဆောက်ပါတယ်။ အဲဒီလို တပြည်ထောင်စနစ်နိုင်ငံမှာတောင်မှ လူမျိုးစုငယ်တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဒေသတွေ သတ်မှတ်ပေးပြီး ဥပဒေတွေနဲ့အညီ လက်နက်ကိုင်တပ်ဖွဲ့တွေ ဖွဲ့စည်းတည်ထောင်ခွင့်ပြုထားတာကိုတွေ့ရပါတယ်။

၁၉၈၄ ခုနှစ် မေလ (၃၁) ရက်နေ့ ဆဌမအကြိမ်မြောက် ပြည်သူ့ကွန်ကရက် ဒုတိယအကြိမ် အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ တရုပ်ပြည်သူ့သမတနိုင်ငံ အမျိုးသားကိုယ်ပိုင်အချုပ်ရေးဥပဒေ ပုဒ်မ ၂၄ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရတယ်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စစ်ဘက်နေရာစနစ်နှင့် ဒေသ၏ လက်တွေ့လိုအပ်ချက်အရ နိုင်ငံတော်ကောင်စီ၏ အတည်ပြုချက်ကိုရယူပြီး အများပြည်သူ ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒေသန္တရ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

အဲဒီဥပဒေနဲ့အညီ တည်ထောင်ခွင့်ရတာကြောင့် ယူနန်ပြည်နယ်မှာ ဟိုက်ကုဇော လို့ခေါ်တဲ့ ဒေသန္တရ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့တွေရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

တကယ်တော့ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲနေဆဲဖြစ်တဲ့ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ အစရှိတဲ့ အဖွဲ့အစည်းကြီးတွေကို မဆွဲဆောင်နိုင်ရုံသာမက အပစ်ရပ်ပြီးသားဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီးတွေရဲ့ တရားဝင်ရပ်တည်မှုပြဿနာ၊ သူတို့ရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ဥပဒေနဲ့အညီ စနစ်တကျ စီစဉ်နေရာချထားရေးပြဿနာတွေကို မရှင်းနိုင်ဘူးဆိုတာ အထင်အရှားတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လူထုအုပ်ချုပ်ရေး အယူအဆကို ငြင်းပယ်ပြီး စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားလို့ပါဘဲ။ ဒါကြောင့် နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သမိုင်းအမှိုက်ခြင်းထဲ ရောက်သွားအောင် လွှတ်ပစ်လိုက်ရုံကလွဲလို့ အခြားမရှိပါကြောင်း တင်ပြလိုက်ပါတယ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၂)
# တိုင်းရင်းသား အခွင့်အရေးနှင့် နအဖ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၅)

နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံဆိုတဲ့ အခန်းမှာ ဝ ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း အဖြစ် အောက်ပါအတိုင်း သတ်မှတ်ပေးထားတယ်။

ပုဒ်မ ၅၆ (စ) ။ ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း) မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင် နှစ်ခရိုင်ဖွဲ့ပြီး ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း။

နံမည်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဆိုပြီးပေးထားတာတော့ ဟုတ်ပါပြီ။ တကယ်ရော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာ ဟုတ်ပဲ့မလားရယ်လို့ သိချင်လာတာကြောင့် နအဖ ဖွဲ့စည်းပုံကို အစအဆုံး ရှေ့ပြန် နောက်ပြန်ကြည့်မိတဲ့အခါမှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ အချက်တွေကို တွေ့လာရပါတယ်။

***ပုဒ်မ ၁၉၆။ ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ဇယား ၃ တွင်ဖော်ပြထားသော ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်။***

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအတွက် ဥပဒေပြုခွင့်အာဏာတွေကို ခွဲဝေအပ်နှင်းတယ်လို့ သုံးစွဲထားတဲ့အတွက် သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ခန့်ခန့်ငြားငြားနဲ့ လေးစားလောက်စရာပါဘဲ။ ဒါပေမယ့် အရေးကြီးတာက ဘာတွေကို ခွဲဝေအပ်နှင်းသလဲဆိုတဲ့ အချက်ပါ။ တိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ရဲ့ တိုင်း၊ ကိုယ့်ရဲ့ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တကယ်ရနိုင်လောက်တဲ့အထိ အခွင့်အာဏာတွေ ခွဲဝေပေးထားဖို့ လိုပါတယ်။ လက်တွေ့ခွဲဝေပေးထားတဲ့အရာတွေက အောက်ပါအကြောင်းရပ် (၁၀) ရပ် ဖြစ်ပါတယ်။

၁။ မြို့ပြနှင့် ကျေးရွာစီမံကိန်းများ၊
၂။ လမ်း၊ တံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိမ်းသိမ်းရေး၊
၃။ ပြည်သူ့ကျန်းမာရေး၊
၄။ စည်ပင်သာယာရေး လုပ်ငန်း၊
၅။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
၆။ စားကျက်မြေထိမ်းသိမ်းရေး၊
၇။ သစ်တောများ ကာကွယ်ထိမ်းသိမ်းရေး၊
၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေး၊

၉။ မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာ ကိစ္စ
၁၀။ မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာ ကိစ္စ
အဲဒီ အကြောင်းရပ် (၁၀) ရပ်ကို အသေအချာ လေ့လာဆန်းစစ်ဖို့ လိုပါလိမ့်မယ်။

မြို့ပြနှင့် ကျေးရွာစီမံကိန်းတွေ၊ လမ်းတံတား၊ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိမ်းသိမ်းတဲ့ လုပ်ငန်းတွေ၊ မီးဘေးအန္တရယ် ကြိုတင်ကာကွယ်ရေးတွေ၊ မြို့နဲ့ ကျေးရွာများအတွင်း ရေနဲ့ လျှပ်စစ်မီးဆိုင်ရာကိစ္စတွေ၊ မြို့များနဲ့ ကျေးရွာများရဲ့ဈေးများဆိုင်ရာ ကိစ္စတွေ၊ စည်ပင်သာယာရေးလုပ်ငန်းတွေ စတာတွေဟာ မြူနီစပယ်အရာရှိ အလုပ်မျိုးလောက်သာဖြစ်တယ်ဆိုတာ လူတိုင်းသိကြပါတယ်။ အင်္ဂလိပ်အုပ်စိုးတဲ့ ခေတ်တုန်းကဆိုရင် တိုက်သူကြီးနဲ့ လက်ထောက်မြို့ပိုင်အဆင့်တွေကို ပေးထားတဲ့လုပ်ပိုင်ခွင့် အာဏာလောက်သာရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတယ်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မှာပါလဲ။

ထူးထူးခြားခြား တခုတော့ ပြောစရာရှိလာပါတယ်။ အဲဒါကတော့ ပြည်သူ့ကျန်းမာရေး ကဏ္ဍပါဘဲ။ ပြည်သူ့ကျန်းမာရေးနဲ့ စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းခွင့်ပေးထားတဲ့အတွက် သာမန်အားဖြင့်ကြည့်ရင် ဟုတ်သလိုလို ရှိကောင်းရှိပါလိမ့်မယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေမှာ ပြည်သူ့ကျန်းမာရေးနဲ့ပတ်သက်ပြီး ဥပဒေပြုခွင့်နဲ့ လုပ်ပိုင်ခွင့်တွေ ပေးထားတာဘဲလို့ ယူဆကောင်းယူဆနိုင်ဖွယ်ရှိပါတယ်။ မြန်မာစကားမှာ ပေးကားပေး၏ မရဆိုတဲ့ အသုံးအနှုန်း တခုကို ကြားဖူးကြပါလိမ့်မယ်။ ဒီ စကားလုံးဟာ ဒီနေရာမှာ ကွက်တိလာပြီး မှန်ကန်နေတာကို တွေ့ရပါလိမ့်မယ်။ ဘာကြောင့်ပါလဲ။ ပြည်သူ့ကျန်းမာရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေကို ကြီးကြပ်ပြီး လက်တွေ့ဖော်ဆောင်ရမယ့် အဖွဲ့တွေအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကြေးတွေ ဘယ်ကနေရမလဲဆိုတာက အဓိက ပြဿနာဖြစ်ပါတယ်။

မြို့ပြနှင့် ကျေးရွာစီမံကိန်းတွေ ချမှတ်ဆောင်ရွက်မယ်၊ လမ်းတံတား ဖောက်လုပ်တည်ဆောက်၊ ပြုပြင်ထိမ်းသိမ်းရေးလုပ်ငန်းတွေလုပ်မယ်၊ မြို့နဲ့ကျေးရွာများအတွင်းမှာ ရေနဲ့လျှပ်စစ်မီးရဖို့တွေ တကယ်လုပ်ပေးနိုင်ရင်တော့လည်း ဒေသခံလူထုဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေတာပါဘဲ။ ဒါပေမယ့် ပြဿနာက ဘဏ္ဍာငွေကြေးပါ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရယ်လို့ သတ်မှတ်ပေးထားပေမယ့် ဒေသခံလူထုဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေဖို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေအနေနဲ့ ဝင်ငွေစီးဆင်းမယ့်လမ်းကြောင်းကို ဘာတခုမျှ ပေးမထားတဲ့ ကိစ္စဖြစ်ပါတယ်။

စားကျက်မြေ၊ သစ်တော စတာတွေကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဒေသ အစိုးရတွေအတွက် ဝင်ငွေရရှိလိမ့်မယ်လို့များ စိတ်ကူးမယဉ်မိဖို့လိုပါတယ်။ စားကျက်မြေ ထိမ်းသိမ်းရေး၊ သစ်တောများ ကာကွယ်ထိမ်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးဆိုပြီး ထိမ်းသိမ်းခိုင်းရုံခိုင်းထားတာဖြစ်တယ်။ စားကျက်မြေ၊ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်တွေအပေါ်မှာ စီမံခန့်ခွဲခွင့်၊ အသုံးချခွင့်ပေးထားတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေအနေနဲ့ စားကျက်မြေ၊ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်တွေကို စီမံခန့်ခွဲပြီး ကိုယ့်တိုင်းနဲ့ ကိုယ့်ဒေသတွေကို လွတ်လွတ်လပ်လပ် စီမံခန့်ခွဲ အုပ်ချုပ်နိုင်ဖို့ ဝင်ငွေရအောင် ရှာဖွေနိုင်တဲ့လမ်းကြောင်း ဘာတခုမှ ပေးထားတာ မတွေ့ရဘူး။

စားကျက်မြေနဲ့ သစ်တောတွေကို ထိမ်းသိမ်းတာနဲ့ စီမံခန့်ခွဲခွင့်ရတာ နှစ်ခုဟာ မတူပါဘူး။ လုံးဝကို ကွဲပြားခြားနားပါတယ်။ စားကျက်မြေနဲ့ပတ်သက်လို့ ပြဿနာဖြစ်ပြီး အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ (၅) (င) နဲ့ အရေးယူ တရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ခုနှစ်နှစ် ချမှတ်ခံခဲ့ရတဲ့ ပဲခူးမြို့နေ ရှေ့နေကြီး ဦးအေးမြင့်ရဲ့အမှုက အချက်အလက်အချို့ကို တင်ပြလိုပါတယ်။

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာအတွင်းမှာ **လူထုပိုင် ကျွဲနွားများ စားသုံးခွင့်ရခဲ့တဲ့ စားကျက်မြေ ယခင်က စုစုပေါင်း (၄၅၂ ဒသမ ၅၉) ဧက** ရှိခဲ့တယ်။ အဲဒီမြေတွေကို နအဖ အာဏာပိုင် အဖွဲ့အစည်းများတွေက အောက်ပါအတိုင်း စီမံခန့်ခွဲပြီး ဝေစုတွေမျှဝေယူခဲ့ကြတယ်။

(၁) ခလရ (၃၀) အတွက် မြေ (၈၂ ဒသမ ၅၀)ဧက၊

(၂) အမှတ် (၁) တပ်မတော်အသင်း မွေးမြူရေးအသင်းအတွက် မြေ (၇၉ ဒသမ ၉၈)ဧက၊

(၃)မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွက် မြေ (၅၂)ဧက၊

(၄) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွက် မြေ (၅၈ ဒသမ ၈၂)ဧက

ချုပ်လိုက်တဲ့အခါကျတော့ စစ်တပ်နှင့် ၎င်းနှင့် ဆက်စပ်သော အဖွဲ့အစည်းများက ခွဲဝေရယူလိုက်သော စုစုပေါင်းမြေဧကမှာ (၂၇၃ ဒသမ ၃၀) ဖြစ်ပါတယ်။ စားကျက်မြေတွေကို အဲဒီလိုမျိုး မတရားခွဲဝေတဲ့ကိစ္စကို မကြေနပ်လို့ လယ်သမားတွေက တိုင်ဖို့လုပ်တဲ့အခါ ရှေ့နေကြီး ဦးအေးမြင့်က အကူအညီပေးခဲ့တာကြောင့် နအဖ အာဏာပိုင်တွေက ဦးအေးမြင့် ကို ထောင်ဒဏ် ခုနှစ်နှစ်ချခဲ့တာပါဘဲ။

နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ အခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ နာမည်အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလို့ မှည့်ခေါ်ထားပေမယ့် ကိုယ့်တိုင်းနဲ့ ကိုယ့်ဒေသတွေကို ကိုယ့်ဖာသာကိုယ် အုပ်ချုပ်နိုင်ဖို့ ဘာဝင်ငွေမှ မရှိဘူး။ စားကျက်မြေတွေကိုတောင်မှ စီမံခန့်ခွဲခွင့် မရဘူး။ သစ်တောတွေကနေ ရဖို့ဆိုတာ ဝေလာဝေးဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သစ်တောတွေ၊ သစ်တောအောက်ခြေ မြေထုတွေကနေ ထွက်ရှိမယ့် သဘာဝသယံဇာတတွေအပေါ် စီမံခန့်ခွဲအသုံးချခွင့်တွေကို ပြည်ထောင်စုအစိုးရ အမည်နဲ့ စစ်အုပ်စုထိပ်သီးတွေက ချယ်လှယ်လုပ်ဆောင်သွားနိုင်စေဖို့ အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းပြဋ္ဌာန်းထားခဲ့ပြီးဖြစ်လို့ပါဘဲ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေကို မပြောပါနဲ့ ။ ပြည်နယ်တွေကိုတောင်မှ ပေးမထားပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်တခုရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသတွေမှာ စားကျက်မြေတွေကို ထိမ်းသိမ်းတဲ့အဆင့်ကနေ စီမံခန့် ခွဲတဲ့အဆင့်ကို တိုးမြှင့်လုပ်ဆောင်ဖို့ကိုတောင် နအဖ ဖွဲ့စည်းပုံက ခွင့်ပြုမထားတဲ့ အချက်ပါဘဲ။ ပုဒ်မ (၁၉၈) မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။

***ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် ဖွဲ့စည်းပုံအခြေခံ***

***ဥပဒေနှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။***

နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့လိုက်နာကျင့်သုံးမယ်ဆိုရင်တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသဆိုတဲ့နေရာတွေမှာ ကိုယ့်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ သုံးစွဲနိုင်ဖို့၊ ဥပဒေနဲ့အညီ ဝင်ငွေရှာဖွေရရှိနိုင်ဖို့ စားကျက်မြေတွေကိုတောင်မှ စီမံခန့်ခွဲခွင့်ရှိမှာ မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်။ သာဓကအားဖြင့် ဝ ဒေသဆိုရင် တရုတ်ပြည်နဲ့ နယ်နိမိတ်ခြင်းဆက်စပ်နေပါတယ်။ တရုတ်မြန်မာနယ်နိမိတ်ကို ဖြတ်သန်းပြီး ကုန်သွယ်ခွင့် စီးပွားရေး လုပ်ငန်းတွေ တည်ထောင်လုပ်ကိုင်ခွင့်တွေ ဥပဒေနဲ့အညီ ရရှိမယ်ဆိုရင် ဝ ဒေသ တခုလုံးမှာရှိတဲ့ လူထုတွေအတွက် စီးပွားရေးတွေ တိုးတက်လာမှာ မုချပါဘဲ။ ဒါပေမယ့် နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီလိုအခွင့်အရေးတွေ ဘာတခုမှ ပေးမထားပါဘူး။ အဲဒါကြောင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ အခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ ပြည်သူ့ကျန်းမာရေးအပါအဝင် အခြားလူထုဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးစွဲဖို့ ငွေကြေးလိုအပ်မှုတွေမှန်သမျှ ဗဟိုပြည်ထောင်စုအဆင့်မှာ မိန့်မိန့်ကြီးထိုင်နေကြမယ့် စစ်အုပ်စုထိပ်သီးတွေဆီကနေ လက်ဝါးဖြန့် ခံတောင်းရုံဘဲ ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုဆိုတာ နာမည်ခံသာရှိပြီး တိုင်းရင်းသားလူမျိုးတွေအတွက် ဘာတခုမှအကျိုးမရှိတဲ့ နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သမိုင်းအမှိုက်ခြင်းထဲလွှင့်ပစ်၊ အဲဒီ ဖွဲ့စည်းပုံအပေါ် အခြေခံပြီးကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ရုံသာ ရှိတဲ့အကြောင်း တင်ပြလိုက်ပါရစေ။

ဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရား၏ သားတော်များ ဖြစ်သော သံဃာတော်များကို တရားလက်မဲ့ဖမ်းဆီး ချုပ်နှောင်နေခြင်းများအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့ ကြာသပတေးနေ့တွင်၊ ရေနံချောင်းမြို့၊ ရွှေစေတီပါဠိ တက္ကသိုလ်မှ လက်ထောက်ဆရာတော် ဦးဝါယမကို မကွေးတိုင်း ရဲအထူး သတင်းတပ်ဖွဲ့မှ မည်သည့်အကြောင်းပြချက် တစ်စုံတရာမျှ ပြောဆိုခြင်းမရှိဘဲ ဖမ်းဆီးခဲ့ကြောင်းသိရှိရသည်။

၂။ ၂၀၀၉ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့၊ သောကြာနေ့ ညပိုင်းတွင် ပခုက္ကူမြို့၊ သာသနာ့ဝိပုလာရာမ ကျောင်းတိုက်၊ မန္တလေးတိုက်ဝင်း (ခေါ်) အနောက်တိုက်ဝင်းမှ ဆရာတော် ဦးဝိသုဒ္ဓကို ပခုက္ကူခရိုင်မှ ဒုရဲအုပ် ဇော်ဝင်းနှင့် ဒုတပ်ကြပ် ကြံ့ခိုင်အောင် (ခ) ကရင် တို့မှ လာရောက်၍ လိမ်လည်လှည့်ဖျား ခေါ်ဆောင်ဖမ်းဆီးထားကြောင်း၊ သိရှိရသည်။

၃။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် မကွေးတိုင်း၊ ချောက်မြို့ ဆင်ဖြူကျွန်း ကျောင်းတိုက်မှ ဦးပဥ္ဇင်း၊ ဦးသုမနကို သာသနာရေးမှူး ဦးသန်းစိုး၊ မကွေးခရိုင်မှူး၊ ထောက်လှမ်းရေး ဆန်းဝင်းနှင့်အဖွဲ့၊ မြို့နယ်မှူးဟောင်း ဦးမောင်ဌေးတို့မှ ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၄။ ၂၀၀၉ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ နေ့လည်ပိုင်းတွင် ရေနံချောင်းမြို့၊ မြို့မတောင် ရပ်ကွက် စနေနံကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးဝိမလကို မကွေးတိုင်းရဲတပ်ဖွဲ့မှ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားကြောင်းနှင့် ဆရာတော်မှာ သက်တော် (၇၀) နီးပါးရှိပြီဖြစ်ကြောင်း သိရှိရသည်။

၅။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့ ညနေပိုင်းတွင် ချောက်မြို့၊ အနောက် ငွေ တောင်ကျောင်းတိုက်ကို အရပ်ဝတ် ရဲအရာရှိ (၃) ဦးနှင့် မကွေးတိုင်း သာသနာရေး

ဦးစီးဌာနမှ တာဝန်ရှိသူတဦး ပါဝင်သည့်အဖွဲ့မှ ဆရာတော် ဦးရေဝတ သီတင်းသုံး နေထိုင်သည့် အခန်းထဲသို့ ဝင်ရောက်ရှာဖွေ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းနှင့် ယင်း အချိန်တွင် ဆရာတော်ဦးရေဝတမှာ မိမိရပ်ရွာသို့သွားရောက်သည့်အချိန်နှင့် တိုက် ဆိုင်နေကြောင်းနှင့် ယနေ့အချိန်အထိ ဆရာတော်မှာ ကျောင်းတိုက်သို့ ပြန်လည် ရောက်ရှိလာခြင်းမရှိ၊ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

၆။ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် မကွေးတိုင်း၊ ချောက်မြို့ ဆင်ဖြူကျွန်း ကျောင်းတိုက်မှ ဦးပဥ္စင်း၊ ဦးသုမနကို သာသနာရေးမှူး ဦးသန်းစိုး၊ မကွေးခရိုင်မှူး၊ ထောက်လှမ်းရေး ဆန်းဝင်းနှင့် အဖွဲ့၊ မြို့နယ်မှူးဟောင်း ဦးမောင်ဌေး တို့မှ ဖမ်းဆီးခေါ် ဆောင်သွားကြောင်း သိရှိရသည်။

## ဥပဒေရေးရာသုံးသပ်ချက်

၁။ သံဃာတော်များဟူသည် အရှင်မဟာကဿပထေရ် အစရှိသော ပထမသံဂါယ နာတင် အရှင်မြတ်တို့မှ မပြတ်စဉ်လာ ဆရာစဉ်ဆက် ဆင်းသက်လာကြသော ဗုဒ္ဓသာဝက ဘုရားရှင်တော်မြတ်၏ တပည့်သားတော်များ ဖြစ်ကြပါသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားရာ ပါဠိတော်၊ အဌကထာ၊ ဋီကာ အစရှိ သော ပိဋကတ်တော်တို့ကို ယနေ့ထိတိုင်အောင် မပျောက်မပျက်၊ ထိန်းသိမ်းစောင့် ရှောက်ရာ သာသနာ့ဝန်ထမ်းများလည်းဖြစ်ကြပေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်ပေထသော အရှင်သူမြတ်များလည်း ဖြစ်ကြပါသည်။

၂။ သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်များအတွင်းသို့လည်း ကောင်း၊ ကျောင်းဝင်းများအတွင်းသို့လည်းကောင်း၊ ဝင်ရောက်လျက် ခိုင်လုံတိကျ သော အကြောင်းပြချက်မရှိဘဲနှင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက် တစုံတရာကိုမျှမပေးဘဲနှင့်သော်လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်မှုများ ပြုလုပ်နေခြင်း မှာ တရားလက်မဲ့ ဖမ်းဆီးချုပ်နှောင်မှုများဖြစ်ပေသည်။

၃။ သံဃာတော်များနှင့်သက်ဆိုင်သည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများသာဖြစ် သည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို ဝိနည်းဓိုရ် ဆရာတော်များ၏ အဆုံး အဖြတ်ဖြင့်လည်းကောင်း၊ သံဃဝိနိစ္ဆယ အဖွဲ့၏ အဆုံးအဖြတ်အားဖြင့်လည်း ကောင်း၊ သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်အားဖြင့်လည်းကောင်း ဖြေရှင်းရမည် သာဖြစ်သည်။

၄။ သံဃာတော်တစ်ပါးပါးကို ပြစ်မှုဆိုင်ရာဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းရှိသည်ဟု သံဃနာယကအဖွဲ့က သံသယရှိလျှင်၊ သက်ဆိုင်ရာတရားရေး ဦးစီးဌာနမှူးသို့ ဥပဒေ ဆိုင်ရာ အကြံဉာဏ် တောင်းခံနိုင်ပေသည်။

ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်–၂၁ (က) တွင် စောဒကဏ်၏ စောဒနာလွှာကို လက်ခံသော သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းတစ်ခုခု၌ ပြစ်မှုဆိုင်ရာဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းရှိသည်ဟု သံသယရှိလျှင် သက်ဆိုင်ရာ တရားရေး ဦးစီးဌာနမှူးသို့ မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများနှင့် ငြိစွန်းကြောင်းကို မေတ္တာရပ်ခံ မေးမြန်းစုံစမ်းရမည်ဟု ဖော်ပြထားသည်။

၅။ ထို့ကြောင့် သံဃာတော်တစ်ပါးပါးအား ပြစ်မှုဥပဒေဖြင့် သို့မဟုတ် သီးခြားဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူမည်ဆိုပါက သံဃနာယကအဖွဲ့၏ စစ်ဆေးမေးမြန်းချက်များအရ ပေါ်ထွက်လာသော အကြောင်းအချက်များအရသာ တရားရေး လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ဖြင့် တရားစွဲဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ကနဦးမေးမြန်းစုံစမ်းရမည်မှာ သံဃနာယကအဖွဲ့သာဖြစ်သည်။ အရပ်ဘက် အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ရဟန်းသံဃာများကို မိမိတို့စိတ်ထင်တိုင်း ဖမ်းဆီးခွင့်မရှိ။ ချုပ်နှောင်ခွင့်မရှိချေ။ သံဃာတော်များသီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်များအတွင်း တရားလက်မဲ့ ဝင်ရောက်ရှာဖွေခွင့်မရှိချေ။

၆။ မျက်မှောက်ကာလတွင် အာဏာပိုင်များအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာနှင့် သာသနာတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြကုန်သော၊ သာသာနာတော် ထွန်းကားပြန့်ပွားရေးကို အစဉ်ကြိုးပမ်း လုပ်ဆောင်လျက်ရှိကြကုန်သော သံဃာတော်အရှင်သူမြတ်များ၏ လွတ်လပ်ခွင့်များကို တရားနည်းလမ်းမကျဘဲ ပိတ်ပင်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းများ ပြုလုပ်လျက်ရှိသည်မှာ ဗုဒ္ဓမြတ်စွာသာသနာ ပျက်သုဉ်းပျောက်ကွယ်စေရန်အတွက် ကြံရွယ်ချက်ရှိ၍ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

၇။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ အရှည်တည်တံ့ခိုင်မြဲရေးအတွက် အာဏာပိုင်များ၏ သံဃာတော်များအပေါ် တရားလက်မဲ့၊ အာဏာစက်ဖြင့်၊ နှိပ်ကွပ်စီးနင်းပြုကျင့်နေမှုများ ရပ်တန်းကရပ်စေရန်အတွက် လုပ်ဆောင်ကြရမည့် တာဝန်မှာ နိုင်ငံသူနိုင်ငံသားအားလုံး၊ သံဃနာယက အဖွဲ့အစည်းအသီးသီးနှင့် သံဃာထုတရပ်လုံး၏ တာဝန်သာဖြစ်ပါကြောင်း၊ ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# အာဏာပိုင်များ၏ အပြစ်မဲ့ပြည်သူတို့အပေါ် တရားလက်မဲ့ဖမ်းဆီးနေခြင်းများကို ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

၁။ တက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ကိုထွန်းလင်း၊ ကိုဇော်ထွန်းဦး၊ ကိုကျော်ဇော်ဦး၊ ကိုကျော်ဝင်း၊ ကိုခင်မောင်ဌေးနှင့် ကိုကျော်ဆန်းလှိုင်တို့ကို ၁၊ ၉၊ ၂၀၀၇ ရက်နေ့တွင် ရဲထောက်လှမ်းရေးနှင့် အထူးသတင်းတပ်ဖွဲ့တို့မှ မည်သည့်အကြောင်းပြချက်မှမပေးဘဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့၊ လမ်းမတော် တောင်ရပ်ကွက်တွင်နေထိုင်သူ တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်သည့် တူတူချေ ကိုလည်း အာဏာပိုင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ မန္တလေးတိုင်း၊ မြင်းခြံမြို့မှ ကိုမျိုးဟန်၊ ဒေါက်တာဝင့်သူ၊ ကိုလှမျိုးကျော်၊ အောင်မျိုးလတ်၊ စိုးရာဇာဖြိုး၊ တောင်သာမြို့နယ်မှ ကိုကြည်စိုးနှင့် လူငယ်တစ်ဦး၊ သံဃာတော်တစ်ပါးတို့ကို (၁၆၊ ၉၊ ၂၀၀၇) ရက်နေ့တွင် မန္တလေးတိုင်း၊ အထူးသတင်းတပ်ဖွဲ့မှ အကြောင်းပြချက် တစုံတရာမရှိဘဲ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၃။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ဖြစ်ကြသည့် ကိုသူရဇော်၊ ကိုမင်းအောင်နှင့် ကိုကျော်ဝင်းခိုင် တို့ကို (၁၆၊ ၉၊ ၂၀၀၇) ရက်နေ့တွင် အထူးသတင်းတပ်ဖွဲ့မှ အကြောင်းပြချက်တစုံတရာမရှိဘဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၄။ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်တွင် ကိုစောလင်းနိုင်၊ ကိုမြင့်နိုင်နှင့် မလှလှဝင်း တို့ကို (၁၉၊ ၉၊ ၂၀၀၇) တွင် အာဏာပိုင်များက အကြောင်းပြချက် တစုံတရာမပေးဘဲ ဖမ်းဆီးထားကြောင်း သိရှိရသည်။

၅။ မန္တလေးတိုင်း၊ မြင်းခြံမြို့၊ အမှတ် ၆ ရပ်ကွက်တွင် နေထိုင်သူ ကိုနိုင်၊ ကိုအောင် အပါအဝင် လေးဦးကို အာဏာပိုင်များက (၂၁၊ ၉၊ ၂၀၀၇) တွင် ဧည့်စာရင်းစစ်မည် ဟူသော အကြောင်းပြချက်ဖြင့် နေအိမ်အသီးသီးသို့ ဝင်ရောက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၆။ မန္တလေးတိုင်း၊ ညောင်ဦးမြို့မှ ဦးဇော်ဇော်ကို (၂၄၊ ၉၊ ၂၀၀၉) တွင် အထူးသတင်းတပ်ဖွဲ့မှ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၇။ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်မှ ဒေါ်နော်အုန်းလှ၊ သင်္ကန်းကျွန်းမြို့နယ်မှ ဒေါ်ချိုချိုလွင်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်မှ ဒေါ်ချိုနှင့် ဒလမြို့နယ်မှ ဒေါ်စန်းစန်းမြင့် တို့ကို (၃၊ ၁၀၊ ၂၀၀၉) တွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဖမ်းဆီးထားကြောင်း သိရှိရသည်။

၈။ စက်တင်ဘာလအတွင်း၌ ရန်ကုန်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မြေပုံ မြို့နယ် စသည်တို့မှ ရခိုင်ကျောင်းသားနှင့် လူငယ် (၁၆) ဦးကို အဆောင်နှင့် နေအိမ်များတွင် ရဲအထူးသတင်းတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

## ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ ပြစ်မှုကျူးလွန်သည်ဟူသော ယူဆချက် (သို့မဟုတ်) သံသယဖြင့် ဖမ်းဆီးနိုင်သည့် နည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၆ မှ ပုဒ်မ ၅၈ အထိ ပြဋ္ဌာန်းထားပါသည်။

၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄ (၁) ပထမ – မည်သည့်ရဲအရာရှိမဆို ပြစ်မှုတစ်ရပ်နှင့် စပ်ဆိုင်ပါဝင်နေသူ (သို့မဟုတ်) ထိုသို့ စပ်ဆိုင်ပါဝင်ကြောင်း ကျိုးကြောင်းဆီလျော်စွာ တိုင်ကြားခြင်းခံရသူ (သို့မဟုတ်) ထိုသို့ စပ်ဆိုင်ပါဝင်နေကြောင်း ယုံကြည်လောက်အောင် သတင်းပေးခြင်းခံရသူ (သို့မဟုတ်) ထိုသို့ စပ်ဆိုင်ပါဝင်နေကြောင်း ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်သူ မည်သူ့ကိုမဆို ရာဇဝတ်တရားသူကြီးထံမှ အမိန့်မရဘဲဖြစ်စေ၊ ဝရမ်းမပါဘဲဖြစ်စေ၊ ဖမ်းဆီးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

၃။ ဟာရမိုဟန်ပက်နိမ့်နှင့် အစိုးရ (၁၉၃၉၊ အေအိုင်အာ၊ ပတ္တနာ၊ စာ ၁၂၉၊ ၁၃၃) အမှုတွင် အကြောင်းယုတ္တိရှိသော တိုင်တန်းခြင်း (သို့မဟုတ်) သင်္ကာမကင်းဆိုရာ၌ အမှုကိစ္စတခုစီ၏ ကြောင်းခြင်းရာပေါ်တွင်တည်သည်။ သို့ရာတွင် အနည်းဆုံး ဖမ်းဆီးခံရသူအပေါ် သင်္ကာမကင်းရန် ညွှန်ပြသည့် ထင်ရှားသောကြောင်းခြင်းရာပေါ်တွင် အခြေပြုရမည်ဖြစ်သည်။ ထင်ကြေးဖြင့် အရမ်းမဖမ်းရဟု အတိအလင်း စီရင်ဆုံးဖြတ်ထားပါသည်။

၄။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၄ (၁) နဝမ – အခြားအရာရှိထံမှ ဖမ်းဆီးပေးရန် တောင်းဆိုလာသူ မည်သူမဆို၊ သို့သော် ယင်းတောင်းဆိုချက်တွင် ဖမ်းဆီးပေးရမည့်သူကို တိတိကျကျ ဖော်ပြထားရမည်။ ထို့ပြင် ၎င်းအား မည်သည့်ပြစ်မှုအရ ဖမ်းဆီးရ

မည် (သို့မဟုတ်) အခြားမည်သည့် အကြောင်းကြောင့် ဖမ်းဆီးရမည်ဟု ဖော်ပြရမည့်အပြင် ဖမ်းဆီးပေးရန် တောင်းဆိုသည့် အရာရှိအနေဖြင့် ထိုသူကို ဝရမ်းမပါဘဲ ဥပဒေနှင့်အညီ ဖမ်းဆီးခွင့်ရှိကြောင်းလည်း ပေါ်လွင်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

၅။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ တွင် ဖမ်းဆီးခြင်းခံရမည့်သူ ခိုဝင်ပုန်းအောင်းနေသည့်နေရာကို ဝင်ရောက်ရှာဖွေရာတွင် မည်သည့်အတွက်ကြောင့် ရှာဖွေဖမ်းဆီးရခြင်းဖြစ်သည်ကို အမှန်အတိုင်း ပြောဆိုရှင်းပြရမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားပါသည်။

၆။ မဖမ်းဆီးသင့်သူများကို ဖမ်းဆီးထားပါက မတရားဖမ်းဆီး ချုပ်နှောင်ထားမှုဖြစ်သောကြောင့်၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၀ ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ဥပဒေရေး ရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

# နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ

## နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရှစ်ကြိမ်မြောက် ညီလာခံတက်ရောက်ခဲ့သော မြန်မာနိုင်ငံရွှေ့နေများကောင်စီအထွေထွေ အတွင်းရေးမှူး၏အစီရင်ခံစါ

### နိဒါန်း

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရှစ်ကြိမ်မြောက် ညီလာခံကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးတည်ရှိရာ နယ်သာလန်နိုင်ငံ၊ ဟိတ်မြို့တွင် နိုဝင်ဘာလ (၁၈) ရက်နေ့မှ (၂၆) ရက်အတွင်း ကျင်းပခဲ့သည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ပေါ်ပေါက်လာရေးအတွက် တနိုင်ငံပြီး တနိုင်ငံ လက်မှတ်ရေးထိုး အတည်ပြုအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့သော (Coalition for the International Criminal Court-CICC) နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ညွန့်ပေါင်းအဖွဲ့ကြီး၏ ဖိတ်ကြားချက်အရ မိမိ တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းကြီးသည် တကမ္ဘာလုံးတွင် အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း ၂၀၀၀ ကျော်ရှိသည်။ ယင်း၏ ကြိုးပမ်းစွမ်းဆောင်ချက်အရ ယခုအချိန်၌ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို နိုင်ငံပေါင်း ၁၁၀ က အတည်ပြုထားပြီး ဖြစ်သည်။ ဤအစီရင်ခံစာသည် အဓိကအားဖြင့် ယင်းညီလာခံ အတွေ့အကြုံများကို တင်ပြထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာ၌ နိုင်ငံတကာတွင် တင်ပြသင့်သည့် အတွေးအခေါ် အယူအဆများ၊ နိုင်ငံတကာ ဥပဒေအခြေခံများကို ထင်ဟပ်ထားပါသည်။

ဤညီလာခံအား မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီ တဖွဲ့တည်းအား ကိုယ်စားပြု၍ တက်ရောက်ခဲ့ခြင်းတော့မဟုတ်ပါ။ မြန်မာနိုင်ငံ လူထုအသင်းအဖွဲ့များကို ကိုယ်စားပြုသည့် အနေဖြင့် တက်ရောက်ရခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် အဆိုပါလူထုအသင်းအဖွဲ့များအားလုံး ဝိုင်းဝန်းကြိုးပမ်းကြသဖြင့် နအဖ စစ်ခေါင်းဆောင်များ ကျူးလွန်လျက်ရှိသည့် နိုင်ငံတကာပြစ်မှုကြီးများအကြောင်းကို အထူးသဖြင့် ၂၀၀၉ ခုနှစ်အတွင်းတွင် ကမ္ဘာက ပိုမိုသိရှိလာသောကြောင့် CICC အနေဖြင့် မိမိအား ဖိတ်ကြားသည့်အနေအထားသို့ ရောက်ရှိလာသည်ဟုလည်း ခံယူပါသည်။

သို့ဖြစ်၍ ဤအစီရင်ခံစာကို မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဆက်စပ်လှုပ်ရှားလျက်ရှိသော လူထုအသင်းအဖွဲ့ ကြီးများအားလည်း ပေးပို့ကာ ၎င်းတို့ ၏ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များအား ရယူရန် တာဝန်ရှိပါသည်။ အင်္ဂလိပ်ဘာသာသို့လည်း ပြန်ဆိုကာ မိမိတို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိသော နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းကြီး International Federation of Human Rights (FIDH) နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး၊ ဒီမိုကရေစီရရှိရေး၊ ဥပဒေစိုးမိုးရေးတို့ကို အားကောင်းကောင်း ထောက်ခံပံ့ပိုးပေးလျက်ရှိသော အချို့နိုင်ငံများရှိ အဖွဲ့အစည်းများသို့လည်း ပေးပို့ရန် ရည်ရွယ်ပါသည်။

## FIDH ဥက္ကဋ္ဌနှင့် တွေ့ဆုံတင်ပြခြင်း။

ညီလာခံကာလအတွင်း FIDH ဥက္ကဋ္ဌ Mrs. Souhayr Belhassen နှင့် သီးခြား တွေ့ဆုံရှင်းပြခဲ့ပါသည်။ FIDH သည် သက်တမ်းအရင့်ဆုံးသော နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းကြီးဖြစ်ပြီး ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း (၁၅၅) ဖွဲ့ဖြင့် ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ချုပ်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရလျက် ရှိသော အခြေအနေများ အဆုံးသတ်စေရေးအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီသည် မြန်မာနိုင်ငံမှ အဖွဲ့အစည်းများအနက် မည်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း FIDH ဥက္ကဋ္ဌက မေးပါသည်။ ထိုအခါ မိမိတို့မြန်မာနိုင်ငံသားများနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်သည့် အဖွဲ့ (၁၂) ဖွဲ့ပါဝင်သော ND-Burma နှင့်လည်းကောင်း အဓိကအားဖြင့် ပူးတွဲကြိုးပမ်းနေကြောင်း၊ နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းများကလည်း တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်ကြကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက နိုင်ငံရေးအရ ကြောထောက်နောက်ခံပြုကြောင်း ရှင်းပြခဲ့သည်။ (ဒီပဲယင်း လုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက် အမျိုးသားကောင်စီနှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ တို့ ပူးတွဲပြီး ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို ဤနေရာတွင် မှတ်တမ်းတင်ပါသည်။) ထို့နောက် မိမိအနေဖြင့် အောက်ပါအတိုင်း ဆက်လက်တင်ပြခဲ့သည်။

၂၀၀၈ ခုနှစ်မှ စတင်၍ FIDH က ထောက်ခံအားပေးခဲ့ပြီး ၂၀၀၉ ခုနှစ်ထဲတွင် တစထက်တစ ပိုမို၍ ပူးပေါင်းဆောင်ရွက်လာသည့်အပေါ် မိမိတို့ အထူးတန်ဖိုးထားကြောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၀၉ ခုနှစ် မေလတွင် FIDH နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီတို့ အတူတကွ ကမကထပြုကျင်းပခဲ့သည့် မြန်မာနိုင်ငံအတွင်း လွတ်ငြိမ်းခွင့်ရနေမှုများ အဆုံးသတ်စေရေး နီးနှောဖလှယ်ပွဲအပြီး နောက်ပိုင်းတွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုမှာ ပို၍ အရှိန်တက်လာကြောင်း၊ ယခု ညီလာခံကို တက်ရောက်ရန်အတွက် CICC ၏ ဖိတ်ကြားချက်ကို ရရှိခြင်းမှာ ၂၀၀၃ ခုနှစ်၊ မေလ ဒီပဲယင်း လုပ်ကြံမှုကြီး ဖြစ်ပွားပြီးနောက် လွန်ခဲ့သည့် ခြောက်နှစ်တာကာလမှ စတင်ရေတွက်လျှင် အရှိန်အမြင့်ဆုံးတက်လာသည်ဟု ပြောနိုင်ကြောင်း၊ သို့ရာတွင် အခက်အခဲများမြောက်များစွာ ရှိနေသေးကြောင်း။

နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ကြီးများ အနက် FIDH တဖွဲ့တည်းကသာ မိမိတို့နှင့် အားကောင်းကောင်း လက်တွဲဆောင်ရွက်လာနေကြောင်း၊ Amnesty International, Human Rights Watch စသော အဖွဲ့အစည်းကြီးများသည် ဤလမ်းကြောင်းပေါ်သို့ တက်မလာသေးကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာ လှုပ်ရှားမှုမှာ အားကောင်းသင့်သလောက် ကောင်းမလာသေးကြောင်း။

နိုင်ငံတကာတွင် တောင်းဆိုရာ၌ပင် အသံများမညီ ဖြစ်နေကြောင်း၊ နိုင်ငံရေးတောင်းဆိုချက်များကိုသာ အဓိကထားတောင်းဆိုနေကြသော အဖွဲ့အစည်းများရှိနေသလို နိုင်ငံတကာပြစ်မှုကြီးများ ဖြစ်ပွားနေခြင်းအပေါ် အရေးယူဆောင်ရွက်ရန် တောင်းဆိုမှုများလည်း ရှိလာနေကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေးကော်မရှင် စတင်ဖွဲ့စည်း စေလွှတ်ပေးရန်တောင်းဆိုမှုများလည်း ရှိလာသလို တိုက်ရိုက်အားဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုမှုများလည်းရှိကြောင်း သို့ဖြစ်၍ တောင်းဆိုမှုများမှာ အားမကောင်းသေးကြောင်း။

သက်သေခံအထောက်အထားများကို စနစ်တကျ စုဆောင်းနိုင်ရေးမှာ အရေးကြီးကြောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် သက်သေခံ အထောက်အထားများကို စနစ်တကျ စုဆောင်းလျက်ရှိသော ND-Burma ကို ဥပဒေကြောင်းအရ ထောက်ကူပေးလျက်ရှိကြောင်း၊ FIDH အဖွဲ့ကြီးအနေဖြင့်လည်း ND-Burma အား ရုပ်ဝတ္ထုအရဖြစ်စေ၊ အတတ်ပညာအရဖြစ်စေ တိုက်ရိုက်ဆက်သွယ် အကူအညီပေးစေလိုကြောင်း၊ FIDH က စီစဉ်ပေးသဖြင့် ပြီးခဲ့သည့် လတချို့အတွင်း ဥရောပသမဂ္ဂ ခေါင်းဆောင်များနှင့် တွေ့ဆုံရှင်းပြခွင့်ရသဖြင့် ကျေးဇူးတင်ကြောင်း၊ သို့ရာတွင် ဤမျှနှင့် မလုံလောက်သေးကြောင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရလျက်ရှိသော အခြေအနေများအဆုံးသတ်စေရေး မိမိတို့၏ လှုပ်ရှားမှုကြီးကို ဥရောပသမဂ္ဂ တခုလုံးက ထောက်ခံလာစေရန် ပုံမှန်တွေ့ဆုံ ရှင်းပြခွင့်ရစေမည့် အခြေအနေများ ဆက်လက်ဖန်တီးပေးစေလိုကြောင်းဖြင့် မေတ္တာရပ်ခံတင်ပြခဲ့သည်။

## အမေရိကန် ပြည်ထောင်စုအစိုးရက လေ့လာသူအဖြစ် တက်ရောက်ခြင်း

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရှစ်ကြိမ်မြောက်ညီလာခံတွင် အမေရိကန်ပြည်ထောင်စု အစိုးရကိုယ်စားလှယ်များ လေ့လာသူအနေဖြင့် အားကောင်းကောင်းဖြင့် တက်ရောက်ခဲ့ကြသည်ကို ထူးခြားစွာသတိပြုမိသည်။ ယင်းမှာ ကိုးနှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်။ အစိုးရကိုယ်စားလှယ်များအဖြစ် အိမ်ဖြူတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ တရားရေးဌာနတို့မှ ထိပ်တန်းအရာရှိကြီးများ တက်ရောက်ကြကြောင်းလည်း သိရသည်။

သမတ ကလင်တန် အစိုးရလက်ထက်တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ရောမ) ဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။ လက်တွေ့ကျင့်သုံးရန်အတွက်မူ ကွန်ဂရက်၏ အတည်ပြုချက်ကို ရယူရပါမည်။ ယင်းသို့ အတည်မပြုနိုင်ခင် ဘွတ် အစိုးရတက်လာပြီးနောက် အတည်မပြုရုံသာမက ထိုးထားပြီးသော လက်မှတ်ကိုပင် ပြန်လည်ဖျက်သိမ်းခဲ့သည်။ ၂၀၀၀ မှ ၂၀၀၈ ခုနှစ်အတွင်း အမေရိကန်အစိုးရသည် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို မပံ့ပိုးရုံ သာမက ဆန့်ကျင်သည့်ဘက်မှ ရပ်တည်ခဲ့သည်။

အိုဘားမား သမတ လောင်းဖြစ်စဉ်ကပင် ဘွတ်ရှ်၏မူဝါဒကို ပြန်လည်သုံးသပ်မည်ဟု ကြေညာခဲ့သည်။ ဇန်နဝါရီ ၂၀၀၉ ခုနှစ်၌ အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ မေးခွန်းများကို နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က (စစ်ရာဇဝတ်ကောင်တွေကို ရုံးတင်တရားစွဲတဲ့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးရဲ့ လုပ်ဆောင်မှုတွေကို အားပေးတဲ့နည်းနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အကျိုးစီးပွားကိုမြှင့်တင်သွားမယ်၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးကို ရန်လိုစွာ ရပ်တည်လုပ်ဆောင်ခဲ့မှုတွေကို အဆုံးသတ်ရမယ်) ဟု ဖြေကြားသွားခဲ့သည်။

၂၀၀၉ ဇန်နဝါရီ လ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ် ဆူဆန် ရိုက်စ် ကနိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအပေါ် ဘွတ်ရှ် အစိုးရ ကျင့်သုံးခဲ့သည့် မူဝါဒကို ဆက်လက်ကျင့်သုံးတော့မည်မဟုတ်သည့် သဘောများ ထုတ်ဖော်ပြောဆိုခဲ့သည်။ ဆူဒန်နိုင်ငံမှုခင်းတွင် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက စုံစမ်းစစ်ဆေးဆောင်ရွက်နေမှုများကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။

ရောမဥပဒေကို အမေရိကန်ပြည်ထောင်စုအနေဖြင့် လက်မှတ်ရေးထိုး အတည်ပြုရေးတော့ ချက်ခြင်းဖြစ်လာဦးမည် မဟုတ်သေးပါ။ သို့ရာတွင် အထက်ပါ မူဝါဒပိုင်း အပြောင်းအလဲဆိုင်ရာ ကြေညာချက်များအပြင် ဤညီလာခံ၌ အမေရိကန်ပြည်ထောင်စု အစိုးရကိုယ်စားလှယ်များ အားကောင်းကောင်း တက်ရောက်ကြသည်ကို လေ့လာရခြင်းဖြင့် ပြစ်မှုများကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေမှုများ ချုပ်ငြိမ်းရေး နိုင်ငံတကာလှုပ်ရှားမှုကြီး အား အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်နေဦးမည်လားဟူ၍ စိုးရိမ်မှုများ မရှိသင့်တော့ကြောင်း သုံးသပ်ရသည်။

**အာရှ ပစိဖိစ် အစိုးရများနှင့် လူထုအသင်းအဖွဲ့ ကိုယ်စားလှယ်များ အစည်းအဝေး**

CICC ၏ ကမကထ ပြုမှုဖြင့် နိုဝင်ဘာလ (၂၀) နေ့တွင်၊ World Forum Conference Center အန္တ ၁တိက အစည်းအဝေးခန်းမ၌ တရုပ်၊ ဂျပန်၊ သြစတြေးလျား၊ နယူးဇီလန်၊ အင်ဒိုနီးရှား၊ လာအိုးဝ်၊ ဆမိုးဝါး နိုင်ငံများမှ အစိုးရများ၏ ကိုယ်စားလှယ်များနှင့် ဖိလစ်ပိုင်၊ မြန်မာ၊ အင်ဒိုနီးရှား၊ အာဖဂန်နစ်စတန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှ လူထုအသင်းအဖွဲ့ကိုယ်စားလှယ်များ အစည်းအဝေးကျင်းပခဲ့သည်။

ဤ ရှစ်ကြိမ်မြောက် အစည်းအဝေးတွင် လေ့လာသူအဖြစ် တက်ရောက်သော တရုတ် အစိုးရကိုယ်စားလှယ်က နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကိုရော နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ လှုပ်ရှားဆောင်ရွက်ပုံများကိုပါ တရုတ်နိုင်ငံအတွင်းတွင် အထူးသဖြင့် ဥပဒေပညာရှင်များ၊ တက္ကသိုလ်များက စိတ်ဝင်တစားလေ့လာလျက်ရှိကြောင်း၊ တရုတ်အစိုးရအနေဖြင့်လည်း နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို အပြုသဘောအခြေခံမှ ချဉ်းကပ်လျက်ရှိကြောင်း၊ တချိန်တည်းတွင် တရားရုံးသည် သက်တမ်းနုနယ်သေးသဖြင့် ၎င်း၏ ရပ်တည်လုပ်ဆောင်ချက်များ၏ အားကောင်းချက် အားနည်းချက်များ၊ အလားအလာများကို ပိုမိုသိရှိရန် လိုအပ်ကြောင်း၊ ရောမဥပဒေကို အတည်ပြုထားသော အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာ

ပြစ်မှုဆိုင်ရာ တရားရုံးနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းသေးသည်ဆိုလျှင် အဘယ်ကြောင့် ထိုသို့ဖြစ်နေသည်ကို လေ့လာသင့်ကြောင်း ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံကိုယ်စား မိမိက အောက်ပါအချက်များ တင်ပြခဲ့သည်။

(၁) နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ၏ အနှစ်သာရမှာ သက်ဆိုင်ရာနိုင်ငံများ၌ နိုင်ငံတကာ ပြစ်မှုများကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေမှုများကို အဆုံးသတ်စေရေး ဖြစ်သဖြင့် ယင်းကို အာရှနိုင်ငံများတွင် ပျံ့နှံ့အောင်လုပ်ရာ၌ မည်သို့ ပူးပေါင်းဆောင်ရွက်သင့်သည်ကို နည်းလမ်းများ ရှာဖွေသင့်ကြောင်း။

(၂) နိုင်ငံတကာပြစ်မှုများ ကျူးလွန်လျက်ရှိကြောင်း ထင်ရှားလျက်ရှိသော မြန်မာနိုင်ငံတွင် နအဖ က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းကာ အတင်းအကြပ်အတည်ပြုထားခြင်းမှာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆၇၄၊ ၁၃၂၅၊ ၁၈၂၀ တို့နှင့် ဆန့်ကျင်လျက်ရှိကြောင်း။

(၃) ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တောင်အာဖရိကနိုင်ငံ၏ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုံးဖြတ်ချက်အမှတ် ၅၅၄ ဖြင့် ပယ်ချခဲ့ခြင်းမှာ အကယ်၍ အတည်ပြု ကျင့်သုံးပါက လူဖြူလူမဲ ခွဲခြားအုပ်ချုပ်သည့်စနစ် သက်ဆိုးရှည်ကာ တိုင်းပြည်အခြေအနေ ပိုမိုဆိုးဝါးလာစေမည်ဟု သုံးသပ်ခဲ့၍ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုအတည်ပြု ကျင့်သုံးပါက အလားတူပင်ဖြစ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်မည့် ၂၀၁၀ ရွေးကောက်ပွဲကို ချည်းကပ်ရာ၌ ပြည်တွင်းရေးဟု မသုံးသပ်သင့်ဘဲ နိုင်ငံတကာ ဥပဒေအခြေခံမှ ချည်းကပ်ရန်လိုကြောင်း။

(၄) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုဘဲ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပသွားမည်ဆိုပါက ပြစ်မှုများကျူးလွန်ပြီး လက်ရှိ လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများသည် ပိုမိုဆိုးဝါးစွာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားကျူးလွန်လျက်ရှိသော ပြစ်မှုကြီးများအပေါ် လုံခြုံရေးကောင်စီမှတဆင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်သွားရေး မိမိတို့လူထု၏ ကြိုးပမ်းနေမှုများကို နိုင်ငံတကာအနေဖြင့် အားပေးထောက်ခံသင့်ကြောင်း။ ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့တိုင်းပြည် အကြီးအကဲများ ညီလာခံက အတည်ပြုထားသော အကာအကွယ်ပေးရေးဆိုင်ရာ တာဝန် မူအရ နိုင်ငံတကာတွင်လည်း တာဝန်ရှိကြောင်း။

(၅) အထူးသဖြင့် တရုတ်အစိုးရသည် နိုင်ငံတကာ မျက်နှာစာတွင် ပို၍ပို၍ ပါဝင်ပတ်သက်လာပြီး နိုင်ငံတကာ ဥပဒေအခြေခံများကို လေးစားလိုက်နာကြောင်း ပြသလာသည်ကို မိမိတို့ အသိအမှတ်ပြု တန်ဖိုးထားကြောင်း၊ တရုတ်အစိုးရ

အနေဖြင့် နအဖ အပေါ် ဩဇာလွှမ်းမိုးမှုရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ နိုင်ငံတကာ ဥပဒေအခြေခံကို ငြင်းဆိုထားသော နအဖ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ပြီးမှ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပရေးကို ဖော်ဆောင်ရန် တရုတ်အစိုးရအနေဖြင့် ဖိအားပေးသင့်ကြောင်း။

(၇) ရောမ ဥပဒေကို အတည်ပြုရန် နှောင့်နှေးခြင်း၊ အတည်ပြုပြီးသော်လည်း ပူးပေါင်းဆောင်ရွက်ရန် အားနည်းခြင်းတို့တွင် အကြောင်းပေါင်းများစွာ ရှိသည့်အနက် အခြေခံအကြောင်းရင်းကြီးတရပ်မှာ သက်ဆိုင်ရာနိုင်ငံများက မိမိတို့၏ အချုပ်အခြာအာဏာကို ပြည့်ပြည့်ဝဝ စွဲကိုင်ထားလိုကြ၍ ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ပြီးသော်လည်း လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများ တကမ္ဘာလုံးတွင် ချုပ်ငြိမ်းသွားစေရန်မှာ အနည်းဆုံးအားဖြင့် ရောမဥပဒေကပြဋ္ဌာန်းထားသော မှုခင်းကြီးသုံးရပ်နှင့် စပ်လျဉ်းလျှင် သက်ဆိုင်ရာနိုင်ငံများသည် မိမိတို့၏ အချုပ်အခြာအာဏာကို တစိပ်တပိုင်း စွန့်လွှတ်ရသည့် အနေအထားကို ရှင်းလင်းစွာ လက်ခံသင့်ကြောင်း မိမိကတင်ပြခဲ့သည်။

မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးဟု တလျှောက်လုံးပြောဆိုလာခဲ့သော တရုပ်အစိုးရသည် နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်တွင်းရေးအခြေခံမှ မချည်းကပ်သင့်ဘဲ နိုင်ငံတကာ ဥပဒေအခြေခံမှ ချည်းကပ်သင့်ကြောင်း မိမိ၏ တင်ပြချက်ကို တုန့်ပြန်ငြင်းဆိုနိုင်ခြင်းမရှိပါ။

သို့ရာတွင် ၎င်းက မိမိ၏ တင်ပြချက်များအနက် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့်ပတ်သက်သော အပိုင်းအား မိမိကို တိုက်ရိုက်ရည်ညွှန်းကာ တရုတ်အစိုးရ ကိုယ်စားလှယ်က ပြန်လည်ဆွေးနွေးခဲ့သည်။ သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိမ်းသိမ်းခြင်းမှာ လူ့အခွင့်အရေးအခြေခံနှင့် မဆန့်ကျင်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိမ်းသိမ်းသည့် တချိန်ထဲတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာ၍ရကြောင်း၊ ပညာရှင် (၎င်းပြောပြသည့် အမည်ကို မိမိ မမှတ်မိတော့) တဦး၏ အဆိုအရ သက်ဆိုင်ရာနိုင်ငံအတွင်းတွင် ဖြစ်ပွားကျူးလွန်နေသည့် မှုခင်းများကို ၎င်းနိုင်ငံကပင် ဖြေရှင်းဆောင်ရွက်နိုင်လျှင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် မှုခင်းပင်ရှိတော့မည် မဟုတ်ကြောင်း၊ ဤကဲ့သို့သော အခြေအနေမျိုးကို မိမိတို့လိုလားကြောင်း စသည်တို့ ဖြစ်သည်။

အခြားတိုင်းပြည်များကလည်း အသီးသီးဆွေးနွေးမှုများ ရှိနေခဲ့သဖြင့် တရုတ်အစိုးရ ကိုယ်စားလှယ်၏ ဆွေးနွေးမှုများကို မိမိအနေဖြင့် တုန့်ပြန်ဆွေးနွေးခွင့် မရတော့ပါ။ ဆွေးနွေးပွဲအပြီးတွင် အချုပ်အခြာအာဏာနှင့် ပတ်သက်၍ မိမိ၏ဆွေးနွေးမှုများကို သဘောတူကြောင်း လူထုအသင်းအဖွဲ့ ကိုယ်စားလှယ်အချို့က ပြန်လည်ပြောပြသည်။ ဆွေးနွေးပွဲတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့သော International Criminal Court Student Network (ICCSN) (London School of Economic Chapter) နိုင်ငံတကာဥပဒေနှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားနေသော ကျောင်းသူများ ချည်းကပ်လာပြီး တိုင်းပြည်၏

အချုပ်အခြာ အာဏာနှင့် ပတ်သက်၍ မိမိနှင့်ဆက်သွယ်ကာ ဆက်လက်လေ့လာလိုကြောင်း ကမ်းလှမ်းခဲ့သည်။

## CICC ၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေး

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရုစ်ကြိမ်မြောက် ညီလာခံ ရပ်နားထားသည့် နိဝင်ဘာလ ၂၃ တနင်္ဂနွေနေ့တွင် CICC ၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကို သီးခြားကျင်းပခဲ့သည်။ CICC ၏ ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်နေသော နိုင်ငံအသီးသီးမှ လူထုအသင်းအဖွဲ့ ကိုယ်စားလှယ်တရာကျော် တက်ရောက်ခဲ့သည်။ လာမည့် ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကိုရော၊ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးပေါ်ပေါက်တည်ရှိလာသည့် အချိန်ကစ၍ အားကောင်းချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်မည့် ညီလာခံ Review Conference ကို ကျင်းပရာတွင် CICC အနေဖြင့် စနစ်တကျ ချည်းကပ်တင်ပြနိုင်ရေးအတွက် မည်သို့သော အကြောင်းရပ်များကို အဓိကထား ပြင်ဆင်သင့်သည်ကို စုပေါင်းဆွေးနွေးကြသော အစည်းအဝေးဖြစ်သည်။

ကမ္ဘာတဝှမ်း လှုပ်ရှားဆောင်ရွက်ရာတွင် ရင်ဆိုင်ရသည့် စိမ်ခေါ်မှုအသစ်များဟူသည့် ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာဒေသကြီးများအလိုက် ဆွေးနွေးကြရာတွင် မိမိက အာရှနှင့် အထူးသဖြင့် အရှေ့တောင်အာရှဒေသ အနေအထားအခြေခံမှ အောက်ပါအတိုင်း တင်ပြခဲ့သည်။ အာဆီယံ ပဋိဉာဉ်စာတမ်းတွင် လူ့အခွင့်အရေးကို ကာကွယ်ရေးနှင့် တိုးမြှင့်အောင်လုပ်ရေးဟူသော ရည်မှန်းချက်ကို ထည့်သွင်းဖော်ပြလာသဖြင့် ကောင်းသည့် လက္ခဏာဖြစ်ကြောင်း၊ သို့ရာတွင် တချိန်တည်း၌ အာဆီယံသည် မူပိုင်းအရ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးအားဝင်ရောက် မစွက်ဖက်ရေးကို ခိုင်ခိုင်မာမာ ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရကြောင်း ဤမူကို ကိုင်ထားသမျှ ကာလပတ်လုံး နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ရောမဥပဒေကိုအတည်ပြုလက်မှတ်ထိုးရေး၊ အကောင်အထည်ဖော်ရေးတို့တွင် အားနည်းချက်များ ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဒေသကြီးများဆိုင်ရာအလိုက် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားရေးအတွက် မဟာဗျူဟာများ ချမှတ်ရာတွင် CICC အနေဖြင့် ယင်းအချက်ကို အာရှတိုက်အတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်းတို့ဖြစ်သည်။ CICC ၏ အာရှတိုက်ဆိုင်ရာ ကိုယ်စားလှယ် Evelyn Serrano က ၎င်း Panelist အဖြစ် ဆောင်ရွက်သည့်အချိန်တွင် ဤအချက်ကို ပြန်လည်ကောက်ယူကာ ထောက်ခံဆွေးနွေးသွားခဲ့သည်။ CICC ဒါရိုက်တာ Brigitte Suhr နှင့် Evelyn Serrano တို့ ကမကထ ပြုသည့် CICC ကို အားကောင်းအောင် တည်ဆောက်ရေးအခန်းကဏ္ဍတွင် Evelyn Serrano က အာရှတွင် အမျိုးသားနိုင်ငံ တခုခြင်းစီအတွက် National Coalition စုစုပေါင်း (၁၄) ခုရှိကြောင်း၊ မြန်မာနိုင်ငံအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီ ကို Focal Point အဖြစ်ထားကာ ဆောင်ရွက်လျက်ရှိကြောင်းတို့အပါအဝင် အာရှနိုင်ငံများအတွက် လှုပ်ရှားဆောင်ရွက်နေမှု အခြေအနေများကို တင်ပြသွားခဲ့သည်။ မိမိက လွန်ခဲ့သောနှစ်ရက် အာရှပစိဖစ်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲကို ပြန်လည်ကိုးကားကာ အောက်ပါအတိုင်း ဆက်လက်တင်ပြခဲ့သည်။

သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိမ်းသိမ်းခြင်းမှာ လူ့အခွင့်အရေးအခြေခံနှင့် မဆန့်ကျင်ဟူ၍ တရုတ်အစိုးရ ကိုယ်စားလှယ်က ဆွေးနွေးသွားခဲ့သည့်အပေါ် မိမိအနေဖြင့် ပြန်လည်ရှင်းပြခွင့်မရခဲ့ကြောင်း၊ CICC သို့ ယခု မိမိပြန်လည်တင်ပြလိုကြောင်း၊ အချုပ်အခြာအာဏာနှင့် လူ့အခွင့်အရေး အပြန်အလှန်ဆက်စပ်မှုရှိနေသည်ကို မိမိလက်ခံကြောင်း၊ သို့ရာတွင် အချုပ်အခြာအာဏာသည် တိုင်းပြည်အနေဖြင့် စုပေါင်းကျင့်သုံးရသည့် Collective Identity ဖြစ်ကြောင်း၊ လူ့အခွင့်အရေးသည် လူတဦးခြင်းစီ၏ အခွင့်အရေးကို အဓိကထား ကာကွယ်ဖော်ဆောင်ရကြောင်း၊ အချုပ်အခြာအာဏာနှင့် လူ့အခွင့်အရေးသည် ထိပ်တိုက်တွေ့သည့်အခါမျိုးတွေရှိနိုင်ကြောင်း၊ သာဓကအားဖြင့်ဆိုလျှင် အမေရိကန်ပြည်ထောင်စုသည် ဂျော့ဒဗလျူ ဘွတ်ရှ် အစိုးရလက်ထက်၌ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကို အတိအလင်းပင် ဆန့်ကျင်ကာ ရပ်တည်ခဲ့ကြောင်း၊ ယင်းသို့ ဆန့်ကျင်ခဲ့ရာတွင် နိုင်ငံရေးအရ အကြောင်းပေါင်းများစွာ ရှိနိုင်သည့်အနက် တရားရေးရှုဒေါင့်မှပြောရလျှင် တရားစီရင်ရေးပိုင်းဆိုင်ရာ အချုပ်အခြာအာဏာ (Judicial Sovereignty) ကို အပြည့်အဝ ကျင့်သုံးလို၍ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများ မည်သည့်မှုခင်းကို ကျူးလွန်သည်ဖြစ်စေ တရားစီရင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်မှာသာ စီရင်ခွင့်ရှိသင့်သည်ဟူသော အချက်ဖြစ်ကြောင်း၊ ဤသည်မှာ အမေရိကန်ပြည်ထောင်စုသည် တရားစီရင်ပိုင်ခွင့်နှင့် ပတ်သက်သည့် အာဏာအား သတ်မှတ်ထားသော မှုခင်းကြီးများအတွက်ကိုပင်လျှင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲပြောင်းပေးအပ်လိုခြင်းမရှိသည်ကို ဖော်ပြခြင်းဖြစ်ကြောင်း။

ဤနေရာတွင် သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးကို မည်သည့်အတိုင်းအတာအထိ ကျင့်သုံးမည်၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် မည်သို့စီရင်ပိုင်ခွင့်အာဏာ ရှိသင့်သည် စသည်တို့မှာ တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် ဆက်စပ်သည့်ကိစ္စရပ်များဖြစ်ကြောင်း၊ ယင်းကိစ္စရပ်များအတွက် Concept Facilitation Program အနေဖြင့် CICC ကချမှတ်လုပ်ဆောင်နေပြီလားဟူ၍ မိမိသိလိုကြောင်း၊ လုပ်ဆောင်နေဆဲဖြစ်လျှင် မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။

CICC ဒါရိုက်တာ Brigitte Suhru CICC တွင် ယင်းသို့သော လုပ်ငန်းမျိုးကို လုပ်ဆောင်သည့် ဌာနခွဲများရှိကြောင်း၊ ဤအကြံပြုချက်ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

**နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တရားစွဲအရာရှိချုပ်က မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဖြေကြားခြင်း။**

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်သည့် တိုင်းပြည်များ၏ ရှစ်ကြိမ်မြောက် အစည်းအဝေးအတွင်း ၂၀၀၉ နိုဝင်ဘာ ၂၃ နေ့တွင် CICC ၏ ကမကထ ပြုမှုဖြင့် တိုင်းပြည်များမှ လူထုအသင်းအဖွဲ့ ကိုယ်စားလှယ်များသည် World Forum Conference Center အာဖရိကခန်းမ၌ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတရားစွဲအရာရှိချုပ် Mr. Luis Moreno-

Ocampo နှင့် အစည်းအဝေးကျင်းပခဲ့သည်။ မြန်မာနိုင်ငံကိုယ်စား မိမိက အောက်ပါမေးခွန်းများမေးခဲ့သည်။

မြန်မာနိုင်ငံသည် ရောမဉပဒေကို လက်မှတ်ရေးထိုး အတည်ပြုခြင်း မရှိသေးကြောင်း၊ ကုလလုံခြုံရေးကောင်စီမှနေ၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးအပ်ရန် အခြေအနေလည်း လတ်တလော၌ မတွေ့မြင်ရသေးကြောင်း၊ သို့ဖြစ်၍ ယမန်နေ့က လက်ထောက်တရားစွဲ အရာရှိချုပ်နှင့် တွေ့ဆုံရာ၌ ရောမဉပဒေပုဒ်မ ၁၅ အရ တရားစွဲအရာရှိအနေဖြင့် မိမိတွင်ရှိနေသော လုပ်ပိုင်ခွင့်အာဏာ Prioprio Moto ကို သုံး၍ စုံစမ်းစစ်ဆေးနိုင်မည့်အနေအထားကို မျှော်လင့်နိုင်သလားဟုမေးရာ ၎င်းက ရောမဉပဒေကို အတည်ပြုထားသော နိုင်ငံတနိုင်နိုင်ငံရှိ ကုမ္ပဏီတခုခုအနေဖြင့် နအဖနှင့် ပတ်သက်ကျူးလွန်နေသည့် အထောက်အထားကို တရားစွဲ အရာရှိရုံးသို့ တင်သွင်းလျှင် ဖြစ်နိုင်သည်ဟု အဖြေပေးခဲ့ကြောင်း။ ယခု တရားစွဲအရာရှိချုပ်ကိုယ်တိုင်နှင့် ထပ်မံတွေ့ဆုံရာတွင်လည်း ဤမေးခွန်းကိုပင် ထပ်မံမေးမြန်းလိုကြောင်းဖြင့် ရှင်းလင်းမေးမြန်းခဲ့သည်။

တရားစွဲ အရာရှိချုပ်သည် နိုင်ငံပေါင်း (၁၅) နိုင်ငံခန့်က မေးသော မေးခွန်းများအားလုံးကို စုစည်းလက်ခံပြီး နောက် ပထမဆုံးဖြေကြားသော မေးခွန်းမှာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖြစ်သည်။ စိတ်ဝင်တစား ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့သည်။ မြန်မာနိုင်ငံသည် ရောမဉပဒေကို အတည်ပြုခြင်းမရှိသေး၍လည်းကောင်း၊ ကုလလုံခြုံရေးကောင်စီမှနေ၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးအပ်ခြင်းမရှိသေး၍ လည်းကောင်း၊ မိမိတွင် လုပ်ပိုင်ခွင့်မရှိပါဟူ၍ ပထမဖြေကြားခဲ့သည်။

ဆက်လက်၍ သို့သော်ဟူသော စကားလုံးကိုခံကာတရားစွဲအရာရှိချုပ်၌ လုပ်ပိုင်ခွင့်အာဏာ ရှိလာနိုင်မည့်အခြေအနေကို အသေးစိပ်ရှင်းပြခဲ့သည်။ အဓိကအားဖြင့် ရောမဉပဒေအား လက်မှတ်ရေး ထိုးအတည်ပြုထားသည့် နိုင်ငံပေါင်း (၁၁၀) အနက် နိုင်ငံတခုခုမှ နိုင်ငံသားတဦးဦးအနေဖြင့် နအဖ ကျူးလွန်လျက်ရှိသော ပြစ်မှုကြီးများ၌ ပူးပေါင်းဆောင်ရွက်၊ အားပေးကူညီမှုများပြုကြောင်း သက်သေခံချက်များ ပေးပို့နိုင်လျှင် တရားစွဲအရာရှိချုပ်အနေဖြင့် **Proprio Moto** အခွင့်အာဏာကို အသုံးပြုကာ အဆိုပါနိုင်ငံသားအပေါ် အရေးယူဆောင်ရွက်နိုင်မည့် အခြေအနေ ရှိလာနိုင်ကြောင်းဟူ၍ ဖြစ်သည်။

တရားစွဲအရာရှိချုပ်က ရောမဉပဒေအား အတည်ပြုထားသည့် နိုင်ငံတခုမှ နိုင်ငံသားတဦးအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးက အရေးယူနိုင်ဖွယ် အခြေအနေရှိသည့် မှုခင်းတခုကို ကိုးကားပြီး ဆက်လက်ရှင်းပြသည်။ အစ္စရေးကာကွယ်ရေး တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသော ဒုတိယဗိုလ်မှူးကြီး David Benjamin နှင့် ပတ်သက်သည့် မှုခင်းဖြစ်သည်။ ဘင်ဂျမင်သည် စစ်ဉပဒေချုပ်၏ နိုင်ငံတကာဉပဒေဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာရှိကြီး ဖြစ်သည်။ အစ္စရေးကာကွယ်ရေး တပ်မတော်က ဂါဇာတွင် သုံးပတ်ကြာဆင်နွှဲခဲ့သည့် စစ်ပွဲအတွင်း ဘင်ဂျမင်သည် စစ်ရာဇဝတ်မှုကျူးလွန်ရာ၌ ပတ်သက်ခဲ့သည် ဟူသော စွပ်စွဲချက်အရ ပေါ်ပေါက်လာသော မှုခင်းဖြစ်သည်။ ဘင်ဂျမင်သည် အစ္စရေးနှင့် တောင်အာဖရိက နှစ်နိုင်ငံစလုံး၏ နိုင်ငံသားဖြစ်သည်။ အစ္စရေးနိုင်ငံသည် ရောမဉပဒေအား လက်မှတ်

ရေးထိုး အတည်ပြုထားခြင်းမရှိသဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးတွင် စီရင်ပိုင်ခွင့်မရှိ။ သို့ရာတွင် တောင်အာဖရိကနိုင်ငံသည် ရောမဥပဒေကို လက်မှတ်ရေးထိုး အတည်ပြုထားသောကြောင့် တောင်အာဖရိကနိုင်ငံသား တဦးဦးသည် ရောမဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုကြီးတရပ်ရပ်နှင့် ပတ်သက်လာလျှင် ၎င်းအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးက စီရင်ပိုင်ခွင့်ရှိသွားသည် ဟူ၍ဖြစ်သည်။

ဆိုလိုသည်မှာ ရောမဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုကြီးတရပ်ရပ်ကို မြန်မာနိုင်ငံတွင် နအဖ စစ်ခေါင်းဆောင်များကျူးလွန်ရာ၌ တနည်းနည်းပတ်သက်သူများ အားပေးကူညီသူများ၊ ပူးပေါင်းဆောင်ရွက်သူများ ရှိနိုင်သည်။ ထိုသူတို့ သည် ရောမဥပဒေကို လက်မှတ်ရေးထိုး အတည်ပြုထားသော နိုင်ငံ (၁၁၀) အနက် နိုင်ငံ တခုခုမှဖြစ်စေ၊ နိုင်ငံအများမှဖြစ်စေ နိုင်ငံသားများဖြစ်သည်ဆိုလျှင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး၏ တရားစွဲအရာရှိချုပ်ရုံးက ၎င်းတို့အား အရေးယူပိုင်ခွင့် အာဏာရှိသွားသည် ဟူ၍ဖြစ်သည်။ တရားစွဲ အရာရှိချုပ်က ဆက်လက်၍ မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် လူထုအသင်းအဖွဲ့များ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဥပဒေသမားများ စနစ်တကျ ပူးပေါင်းဆောင်ရွက်ပါက များစွာလုပ်ဆောင်နိုင်မည့် အနေအထားရှိသည်ဟူ၍ အားပေးစကားပြောကြားသည်။

ထို့အပြင် ကုလ လုံခြုံရေးကောင်စီ မှတဆင့် မြန်မာနိုင်ငံအခြေအနေအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးအပ်ရေးကိုလည်း ဆက်လက်ကြိုးပမ်းသင့်ကြောင်း လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်စေခြင်းဖြင့် ဤအနေအထားသို့ ရောက်ရှိလာနိုင်ကြောင်း တရားစွဲအရာရှိချုပ်က ဆက်လက်ရှင်းပြခဲ့သည်။ ချုပ်လျှင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော နိုင်ငံတကာ ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ ရောမဥပဒေအား နိုင်ငံပေါင်း (၁၁၀) က လက်မှတ်ရေးထိုး အတည်ပြုထားသော အင်အားနောက်ခံဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ အဓိက အစိပ်အပိုင်းဖြစ်သော တရားစွဲအရာရှိချုပ်ရုံးက အရေးယူဆောင်ရွက်နိုင်ရေးလမ်းကြောင်းကို ကဏ္ဍတခုတွင် စတင်တွေ့မြင်ရပြီဟု သုံးသပ်နိုင်သည်။

## မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးရာတွင် ဖြေကြားခြင်း

တရားစွဲ အရာရှိချုပ်နှင့် အစည်းအဝေးပြီးပြီးခြင်း အာဖရိကအစည်း အဝေးခန်းအတွင်းမှာပင် မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးသည့်အဖွဲ့က မိမိအား တွေ့ဆုံမေးမြန်းသည်။ တရားစွဲအရာရှိချုပ်၏ ဖြေကြားချက်အပေါ် မည်သို့ သုံးသပ်ပါသလဲ၊ ရှေ့ဆက်မည်သို့ လုပ်ဆောင်မှာပါလဲဟူသော မေးခွန်းများ မေးမြန်းသည်။ လက်ထောက်တရားစွဲ အရာရှိသာမက တရားစွဲအရာရှိချုပ် ကိုယ်တိုင်ကပါ နိုင်ငံကိုယ်စားလှယ် အမြောက်အများ၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် ဖြေကြားချက်ကို ရရှိလိုက်သောအခါ မိမိအနေဖြင့် များစွာ နှစ်ထောင်းအားရဖြစ်မိကြောင်း၊ ၎င်း၏ဖြေကြားချက်သည် မြန်မာနိုင်ငံအတွက် လက်ရှိအနေအထားမှာပင် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ အာဏာစက်ကို အသုံးပြုခွင့်ရစေမည့် လမ်းကြောင်းအသစ်ဖြစ်ကြောင်း၊ ရှေ့ဆက် မည်သို့လုပ်ဆောင်မည်ကိုမူ ယခုမိမိပြောလို့ မရသေးကြောင်း၊

မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် လက်တွဲလုပ်ဆောင်နေကြသော မိမိတို့နိုင်ငံသားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများရှိကြောင်း၊ ၎င်းတို့ထံ တင်ပြအကြံပြုချက်များ ရယူ၊ ပူးပေါင်းဆောင်ရွက်မှု ရှာဖွေလုပ်ငန်းစဉ်များချမှတ်ကာ ကမ္ဘာနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်မည့် အနေအထားရှိလာသည်ဟူ၍သာ ပြောနိုင်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

## FIDH နှင့် ညှိနှိုင်းခြင်း

တရားစွဲအရာရှိချုပ်နှင့် အစည်းအဝေးအပြီးတွင် FIDH မှ Ms. Mariana Pena နှင့် မိမိ ညှိနှိုင်းပါသည်။ သူမက တရားစွဲအရာရှိချုပ်၏ ဖြေကြားချက်ကို အကောင်အထည်ဖေါ်မည်ဆိုလျှင် စနစ်တကျ ပြင်ဆင်ပြီးနောက်၊ တကမ္ဘာလုံးသိအောင် ကြေညာ၍ ဖော်ဆောင်သင့်ကြောင်း၊ သာဓကအားဖြင့် ပြင်သစ်နိုင်ငံ တိုတယ်ကုမ္ပဏီမှ အရာရှိများသည်လည်း နအဖ၏ ပြစ်မှုကျူးလွန်မှုများတွင် ပါဝင်ပတ်သက်နိုင်ကြောင်း၊ သို့ရာတွင် မည်သို့လုပ်ဆောင်သွားသင့်သည်ကို သူမတဦးတည်းက အကြံပြု၍မရကြောင်း၊ FIDH ခေါင်းဆောင်များကို ဆက်လက်တင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာတရပ် ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသွားနိုင်ကြောင်းဖြင့် မိမိကို ပြန်ကြားခဲ့သည်။

**နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှ အရေးယူဆောင်ရွက်ရေး ကြိုးပမ်းခြင်းသည် မြန်မာနိုင်ငံအတွင်း တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့် ဆန့်ကျင်မှု ရှိမရှိ၊ ဆူဒန်နှင့် မြန်မာနိုင်ငံအခြေအနေကို နှိုင်းယှဉ်တင်ပြခြင်း။**

နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတည်ထောင်သည့် တိုင်းပြည်များ၏ ရှစ်ကြိမ်မြောက် အစည်းအဝေးအတွင်း နိုဝင်ဘာလ (၂၅) ရက်နေ့တွင် နယ်သာလင်နိုင်ငံ ဟိတ်မြို့ရှိ Asser Institute ၌ ကျင်းပခဲ့သော အစည်းအဝေးအတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ အာဖဂန် နိုင်ငံကိုယ်စားလှယ်များက မိမိတို့သက်ဆိုင်ရာ တိုင်းပြည်များအလိုက် နောက်ဆုံးအခြေအနေများကို ဦးဆောင်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။ မိမိက အောက်ပါအတိုင်း ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားသည့် ဥပဒေများကို ကျူးလွန်ချိုးဖောက်သော ပြစ်မှုကြီးများ ဖြစ်ပွားလျက်ရှိသည်ကို နိုင်ငံတကာ အသိပင်ဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ချမှတ်သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်မှာပင် ပါဝင်ခဲ့ကြောင်း၊ နိုင်ငံပေါင်း (၁၁၀) က အတည်ပြုကျောထောက်နောက်ခံပေးထားသည့် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကြီး၏ အာဏာစက်ကိုသုံး၍ အရေးယူဆောင်ရွက်နိုင်ရေးမှာ ပြစ်မှုကျူးလွန်ခံရသူများ၏ မျှော်လင့်ချက်ဖြစ်ကြောင်း ထို့အပြင် ပြစ်မှုကြီးများ ထပ်ခါတလဲလဲ ကျူးလွန်ခဲ့သော်လည်း ကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများကို ရပ်ဆိုင်းသွားရေးကို လိုလားသည့် အခြားလူထုများ၏ မျှော်လင့်ချက်လည်းဖြစ်ကြောင်း မိမိအနေဖြင့်အချက် ငါးချက်ကို တင်ပြလိုကြောင်း။

ပထမအချက်မှာ စစ်အစိုးရသည် ပြစ်မှုများကျူးလွန်ပြီးနောက် သက်သေခံ အထောက်အထားများကို စနစ်တကျ ဖျောက်ဖျက်ပစ်ခြင်းနှင့် ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ အရေးယူခြင်းမပြုနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်ငြိမ်းခွင့် တောင်းဆိုပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် သက်ဆိုင်ကြောင်း၊ အတိုက်အခံ နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးကို တောင်းဆိုနေကြကြောင်း၊ သို့ဖြစ်၍ ပြစ်မှုကြီးများကို ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်ရန် ကြိုးစားလျှင် ၎င်းလမ်းကြောင်းကိုများ ထိခိုက်မည်လားဟူ၍ စိုးရိမ်မှုများရှိနေသောကြောင့် တိတိကျကျ ဖော်ထုတ် တင်ပြတောင်းဆိုမှုများ ရှိမနေသဖြင့် ယခုအချိန်အထိ အားမကောင်းသေးဟု ပြောနိုင်ကြောင်း၊ မိမိတို့အနေဖြင့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို လိုလားသည်ဖြစ်ကြောင်း သို့ရာတွင် ဖြစ်ပွားခဲ့ပြီးသော နိုင်ငံတကာပြစ်မှုကြီးများအပေါ် မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ပြည်ဖုံးကားရှေ့ဆက်သွားမည်ဆိုလျှင် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး မရနိုင်ကြောင်း၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းကြီးများက စစ်မှန်သော အမျိုးသားပြန်လည်သင့် မြတ်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန် တောင်းဆိုနေကြသည့်အပေါ် မိမိတို့ တန်ဖိုးထားကြောင်း၊ သို့ရာတွင် လက်တွေ့ဖြစ်ပေါ်နေသည်များမှာ တခြားစီဖြစ်ကြောင်း။

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ပေါ်ပေါက်လာသည့် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁) တရက်နေ့နောက်ပိုင်း ဒီပဲယင်း လုပ်ကြံမှုကြီး ဖြစ်ပွားခဲ့ကြောင်း၊ ယင်း လုပ်ကြံမှုကြီးကြောင့် တနိုင်ငံလုံး တုန်လှုပ်ခြောက်ခြားသွားသဖြင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် နိုင်ငံတကာရာဇဝတ်မှု (Crime Against Humanity) မြောက်သည်ဟု သုံးသပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်း ရာဇဝတ်မှုကြီးအပေါ် ပြည်တွင်းတရားစီရင်ရေးကလည်း မည်သို့မျှ အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိ၊ နိုင်ငံတကာကလည်း ဘာတခုမှ ထိထိရောက်ရောက် အရေးယူပေးနိုင်ခြင်းမရှိသဖြင့် နအဖ စစ်အာဏာပိုင်များသည် ပို၍ လက်ရဲ ဇက်ရဲ ဖြစ်လာခဲ့ကြောင်း။

မြန်မာနိုင်ငံ အရှေ့ခြမ်း တိုင်းရင်းသားဒေသများတွင် ဆက်လက်၍ ပြစ်မှုကျူးလွန်မှုကြီးများမှာ မကြားဝံ့စရာဖြစ်ကြောင်း၊ သမာသမတ်ကျသည့် နိုင်ငံတကာအဖွဲ့အစည်းကြီး ဖြစ်ကြောင်း ကျော်ကြားလှသော ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်ကပင် မြန်မာနိုင်ငံအတွင်း၌ ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားသည့် ဥပဒေများကို ချိုးဖောက်ကျူးလွန်မှုများ ရှိနေသည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကလည်း (နောက်ပိုင်းတွင်) အစီရင်ခံစာတစောင်ကို ပြည့်ပြည့်စုံစုံ ထုတ်ပြန်ခဲ့ကာ မြန်မာနိုင်ငံအရှေ့ခြမ်း တိုင်းရင်းသားဒေသများတွင် ကျူးလွန်မှုများသည် လူသားဖြစ်မှုကိုဆန့်ကျင်သည့် နိုင်ငံတကာရာဇဝတ်မှုမြောက်နိုင်ကြောင်းဖြင့် ကမ္ဘာသို့ တင်ပြခဲ့ကြောင်း၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကလည်း အတင်းအဓမ္မ လုပ်အားခိုင်းစေမှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည့်အပြင် အစီရင်ခံတင်ပြချက်များ ပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် ပြည်တွင်းတရားစီရင်ရေးစနစ်၏ နှုတ်ပိတ်နေမှု၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဥပက္ခာပြုထားမှုများ ဆက်လက်ရှိနေခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် သံဃာတော်များ ဦးဆောင်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားမှုကြီးဖြစ်ပွားသောအခါ တကမ္ဘာလုံးက ရုပ်မြင်သံကြားရှေ့မှောက်တွင် ကြည့်နေကြပါလျက် နအဖ စစ်အာဏာပိုင်များသည် ပြောင်ပြောင်တင်းတင်းပင် သံဃာတော်များအပေါ် ရက်စက်စွာ ရာဇဝတ်မှုကြီးများ ကျူးလွန်ခဲ့ကြကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဟူသော ကြွေးကြော်သံကိုကိုင်စွဲကာ ဖြစ်ပွားကျူးလွန်ခဲ့သည့် နိုင်ငံတကာပြစ်မှုကြီးများအပေါ် အရေးယူဆောင်ရွက်ရန် မည်သို့မျှ မကြိုးပမ်းလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော လက်တဆုပ်စာ စစ်ခေါင်းဆောင်များသည် နောင်ကို ယခုထက်ဆိုးသော နိုင်ငံတကာပြစ်မှုကြီးများကို ထပ်မံ၍ လက်ရဲဇက်ရဲ ကျူးလွန်ကြဦးမည်ဖြစ်ကြောင်း၊ တရားစီရင်ရေးယန္တရားကိုပါ လက်ကိုင်တုတ်သဖွယ်သုံးကာ ပြစ်မှုများကျူးလွန်နေခြင်းမှာ အဆိုးဝါးဆုံးဖြစ်ကြောင်း။

## ဥပဒေစိုးမိုးရေးသည် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အုပ်မြစ်

နအဖ သည် ကုလသမဂ္ဂနှင့် ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများကို လှည့်ဖြားရန် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်မှူးချုပ် အောင်ကြည်တို့ကို တွေ့ဆုံဆွေးနွေးစေသည့် အနေအထားမျိုးကို ဖန်တည်းထားခြင်းမှလွဲ၍ နိုင်ငံရေးအရ တိုးတက်သည့်အခြေအနေကို ဘာတခုမျှ မတွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာပြစ်မှုကြီးများ ဖြစ်ပွားကျူးလွန်ရာ၌ တာဝန်အရှိဆုံးဖြစ်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပေါ် နိုင်ငံတကာအနေဖြင့် အရေးယူဆောင်ရွက်နိုင်လျှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က တပ်မတော်အတွင်း၌ အကြောက်တရား ဖန်တီးကာ ချုပ်ကိုင်ထားနိုင်သည့်အခြေအနေကို ပျက်စီးအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားကျူးလွန်ခဲ့သော နိုင်ငံတကာပြစ်မှုကြီးများအပေါ် ထိုက်သည့်အားလျော်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့်သာ ဥပဒေစိုးမိုးရေးအခြေခံကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ပြီး စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အုပ်မြစ်ဖြစ်နိုင်ကြောင်း။

## နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန်

တတိယအချက်မှာ ကုလသမဂ္ဂနှင့် လည်းကောင်း လုံခြုံရေးကောင်စီနှင့်လည်းကောင်း သက်ဆိုင်ကြောင်း၊ ကုလသမဂ္ဂက ပြည်တွင်း၌ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်စေရန် တိုက်တွန်းမှုကို မိမိတို့ထောက်ခံကြောင်း၊ သို့ရာတွင် လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေသောအခြေအနေကို တကြိမ်တခါကမျှ ထောက်ပြရည်ညွှန်းခဲ့ခြင်းမရှိသေးကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေဖြင့် ပြည်တွင်း၌ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စေရန် တိုက်တွန်းမှုတခုတည်းကိုသာ ဆက်လက်လုပ်ဆောင်နေသမျှကာလပတ်လုံး သက်ဆိုင်ရာတိုင်းပြည်၏ အချုပ်အခြာအာဏာအတွင်းမှာပင် ရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် စစ်ခေါင်းဆောင်တချို့တို့၏ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေချိုးဖောက်ကာ ပြစ်မှုကြီးများကျူးလွန်နေမှုကို အရေးယူဆောင်ရွက်ရန် မိမိတို့၏ ကြိုးပမ်းမှုများအား တရုတ်နှင့် ရုရှတို့က ဆက်လက် ကန့်ကွက်နေကြဦးမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော

ပြစ်မှုကြီးများအပေါ် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေအခြေခံများအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေးအတွက် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းစေရန် အတွင်းရေးမှူးချုပ်ကိုယ်တိုင်က တင်ပြဖို့ အချိန်ရောက်ပြီးဖြစ်ကြောင်း။

## ဆူဒန်နှင့် မြန်မာနိုင်ငံ ခြားနားချက်နှင့် တူညီချက်များကို နှိုင်းယှဉ်တင်ပြခြင်း

နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် ဆူဒန်သမတ အယ်လ်ဘာရှီးယား အပေါ် ဖမ်းဝါးရမ်း ထုတ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံရှိ နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပေါ် ဝါးရမ်းထုတ်ခဲ့လျှင် သက်ရောက်လာနိုင်မည့် အကျိုးဆက်များနှင့် စပ်လျဉ်း၍ ဆူဒန်နှင့် မြန်မာနှစ်နိုင်ငံ၏ အခြေအနေကို နှိုင်းယှဉ်တင်ပြခဲ့သည်။

## ခြားနားချက်များ

(၁) အာဖရိကသမဂနှင့် အာရပ်နိုင်ငံများ အဖွဲ့ချုပ်တို့က အကာအကွယ်ပေးထားသဖြင့် ဘာရှီးယားကို ဖမ်းဆီးနိုင်ခြင်း မရှိသေးသော်လည်း၊ အာရှတိုက်တွင်မူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကို အကာအကွယ်ပေးမည့် ဒေသဆိုင်ရာအဖွဲ့အစည်းကြီးများ မရှိကြောင်း၊ အာဆီယံက အကာအကွယ်ပေးလိမ့်မည်ဟု မိမိမယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာ ပြစ်မှုကြီးများ ကျူးလွန်နေမှုများ ပေါ်လွင်သည်ထက် ပေါ်လွင်လာလျှင် တရုတ်နိုင်ငံကပင် အကာအကွယ်ပေးလိမ့်မည်ဟု မယူဆကြောင်း၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၂၉) ကုလသမဂ္ဂ အထွေထွေ ညီလာခံဆုံးဖြတ်ချက်မှာပင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာ ပြစ်မှုကြီးများ ဖြစ်ပွားကျူးလွန်နေကြောင်းကို စတင်ဖော်ပြလာပြီးဖြစ်ကြောင်း။

(၂) မြန်မာနိုင်ငံတွင် ကမ္ဘာသိအမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရှိကြောင်း၊ တနိုင်ငံလုံးကို လွှမ်းခြုံသည့် နိုင်ငံရေးပါတီအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှိကြောင်း၊ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ရှိကြောင်း၊ ယင်း အခြေအနေများ ဆူဒန်နိုင်ငံတွင် လုံးဝမရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးက အရေးယူဆောင်ရွက်လာမည်ဆိုလျှင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးပြောင်းလဲမှုကို သက်ရောက်မှုဖြစ်စေနိုင်ကြောင်း၊ နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများ စတင်ရပ်ဆိုင်းလာနိုင်ကြောင်း၊ ဥပဒေစိုးမိုးရေးကို ပြန်လည်တည်ဆောက်လာနိုင်ဖွယ်ရှိကြောင်း၊ ယင်းသို့ဖြစ်လျှင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြောင်းလဲမှုများကို ထိရောက်စွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

## တူညီချက်များ

(၁) တရုတ်ပြည်နှင့် ရုရှနိုင်ငံတို့က သဘာဝသယံဇာတများနှင့် ဆက်စပ်သည့် စီးပွားရေး အကျိုးအမြတ်အပေါ် အခြေခံကာ ဆူဒန်နိုင်ငံအပေါ် ချည်းကပ်ခဲ့သကဲ့သို့ အထူးသဖြင့် တရုတ်

နိုင်ငံက မြန်မာနိုင်ငံကို ချည်းကပ်မှုများရှိနေကြောင်း၊ ကမ္ဘာက ဝိုင်းဝန်းဖော်ထုတ်သဖြင့် ဆူဒန်နိုင်ငံအတွင်း နိုင်ငံတကာပြစ်မှုကြီးများ ဖုံးမနိုင် ဖိမရ ပေါ်လာသောအခါ လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် တရုတ်နှင့် ရုရှတို့က အမိုက်အမဲခံပြီး အကာအကွယ် မပေးတော့ဘဲ နောက်ဆုတ်သွားခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအတွက်လည်း အလားတူ အခြေအနေဖြစ်နိုင်ကြောင်း။

(၂) နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးက ဆူဒန်သမတ အယ်လ်ဘာရှီးယားအပေါ် ဖမ်းဝါးရမ်း ထုတ်ခဲ့ပြီးနောက် ဆူဒန်ပြည်တွင်း၌ အနေအထားများ စတင်ပြောင်းလဲလာနေသည်ဟု သိရကြောင်း၊ နိုင်ငံခြား စီးပွားရေးကုမ္ပဏီများ ဘာရှီးယားနှင့် ပူးပေါင်းဆောင်ရွက်နေရာမှ စတင်ဆုတ်ခွာနေကြပြီဟု သိရကြောင်း၊ ဘာရှီးယားသည် ၎င်း၏ တိုင်းပြည်အကြီးအကဲရာထူးမှ ပြုတ်မကျစေရန် အကြီးအကျယ် ကြိုးစားနေရကြောင်း၊ ဆူဒန်နိုင်ငံတွင် လာမည့် ၂၀၁၀ ခုနှစ်၊ ဧပြီလ၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် ဘာရှီးယားရှုံးနိမ့်၍ ရာထူးမှထွက်ရလျှင် ဆူဒန်အစိုးရကိုယ်တိုင်က ဘာရှီးယား ကိုဖမ်းဆီး၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးအပ်နိုင်မည့် အနေအထားရှိနေသည်ဟု ဆူဒန်နိုင်ငံမှလာသော လူထုအသင်းအဖွဲ့ကိုယ်စားလှယ်များက သုံးသပ်ကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အလားတူအခြေအနေမျိုး ရှိမလာနိုင်ဟု မည်သူမှမပြောနိုင်ကြောင်း။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်လာအောင် ဘယ်လို လုပ်သွားကြမလဲ။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော နိုင်ငံတကာ ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်နိုင်ရေးအတွက် မည်သို့လုပ်ဆောင်သွားသင့်သည်ဟူသော မေးခွန်းများကို အောက်ပါအတိုင်း ဆက်လက်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော နိုင်ငံတကာ ပြစ်မှုကြီးများအပေါ် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေများ၊ နိုင်ငံတကာ ဥပဒေများ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ အရသာ ချည်းကပ်ဆောင်ရွက်ရမည်ကို အထူးသဖြင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ လက်ခံ သဘောပေါက်လာအောင် ချည်းကပ်ရှင်းပြရမည် ဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံတကာ အဖွဲ့အစည်းကြီးများ၏ အကူအညီ လိုအပ်ကြောင်း၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးနှင့် ဆက်စပ်၍ နိုင်ငံတကာ ဥပဒေများကို လေ့လာသုတေသနပြုမှုများ၊ ပညာပေးမှုများ ပြုလုပ်နေသည့် Asser Institute လို အဖွဲ့အစည်းမျိုး၏ အကူအညီကိုလည်း မိမိတို့ မျှော်လင့်ကြောင်း၊ နအဖ ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နအဖ က မိမိကိုယ်ကို လွတ်ငြိမ်းခွင့်ပေးထားသည့် ပြဋ္ဌာန်းချက်အား နိုင်ငံတကာဥပဒေ အခြေခံအရ သုံးသပ်ရမည်ကို နိုင်ငံတကာ ဥပဒေပညာရှင်များက လက်ခံကြကြောင်း၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၅၄၄ (၁၉၈၄) သည် သာဓကဖြစ်ကြောင်း။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားသည့် ဥပဒေများ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီက ကိုင်တွယ်နိုင်မည့်အခြေအနေ ပေါ်ပေါက်လာရေးမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့်လည်း များစွာသက်ဆိုင်ကြောင်း၊ ၎င်း၏ ရပ်တည်လုပ်ဆောင်ချက်များအပေါ် သုံးသပ်တင်ပြလိုကြောင်း။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် နာဂစ် ဆိုင်ကလုန်းအပြီး မြန်မာနိုင်ငံအတွင်း ရောက်ရှိသွားသောအခါ နအဖ က လူမှုကူညီကယ်ဆယ်ရေးကိစ္စများကိုသာ ပြောကြားရန် ပန်ကြားသည့်အတိုင်း ယင်းကိစ္စများကိုသာ ဆွေးနွေးခဲ့ကြောင်း၊ တဖက်တွင်မူ လူထုတွေ ဒီလောက်သေကြေနေသည့် အကြား၌ မုန်တိုင်း ဒဏ်ခံစားခဲ့ရသည့် ဒေသများအတွင်းမှာပင် နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ်အတည်ပြုနေသည့်အပေါ် ယင်း နိုင်ငံရေးကိစ္စများကို ရပ်ဆိုင်းကာ လူထုတွေကို ကယ်ဆယ်သည့် လူမှုရေးလုပ်ငန်းများကိုသာ အဓိကလုပ်ဆောင်ရန် နအဖကို တိုက်တွန်းခဲ့ခြင်းမရှိကြောင်း၊ ထို့အပြင် လူထုတွေ သဘာဝဘေးအန္တရာယ်ကြောင့် သေကြေနေသည့်အပေါ် နိုင်ငံတကာ အကူအညီများ အမြန်ဆုံးလာရောက်နိုင်ပါလျက် နအဖ က သိသိနှင့် ပိတ်ပင်ထားခြင်းသည် လူသားဖြစ်မှုကို ဆန့်ကျင်သည့်ပြစ်မှုကို ကျူးလွန်ရာရောက်နိုင်ကြောင်းဖြင့် ဥရောပပါလီမန်၏ ဆုံးဖြတ်ချက်ကို ထင်ဟပ်ကာ အတွင်းရေးမှူးချုပ်က နအဖကို သတိပေးခဲ့ခြင်းလည်း မရှိကြောင်း။

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် အတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီတွင် တင်ပြခဲ့ရာ၌ အောက်ပါအချက်တခု ပါဝင်ကြောင်း။

While the Government has a primary obligation to address the concerns of all stakeholders, every stakeholder has a role to play and a responsibility to assume in the interest of the nation. ယင်း အချက်မှာ ယေဘုယျအားဖြင့်တော့ မမှားကြောင်း၊ သို့ရာတွင် တိုင်းပြည်အစိုးရတရပ်၏ အဓိကကျသော တာဝန်မှာ ဘာလဲဆိုသည်ကို ကုလအတွင်းရေးမှူးချုပ်က တိတိကျကျ မထောက်ပြကြောင်း၊ တိုင်းပြည်တိုင်းတွင် အစိုးရ၏ အခြေခံအကျဆုံးတာဝန်မှာ ဘာလဲဆိုသည်မှာ အရေးကြီးသောအချက်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့တိုင်းပြည် အကြီးအကဲများညီလာခံက အတည်ပြုထားသော အကာအကွယ်ပေးရေးဆိုင်ရာ တာဝန် မူ သည် နိုင်ငံတကာဥပဒေ အဝန်းအဝိုင်းအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ကြောင်း၊ ၎င်းအရ အစိုးရ၏ အဓိကတာဝန်မှာ ၎င်း၏ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အဓိကပြဿနာမှာ အစိုးရနေရာတွင် ယူထားသော နအဖ စစ်ခေါင်းဆောင်များသည် ပြည်သူလူထုကို မကာကွယ်သည့်အပြင် နှိပ်စက်ညှင်းပမ်းနေကြောင်း၊ အတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံအခြေအနေကို ထင်ဟပ်ကာ နအဖအား အစိုးရတာဝန်မှာ မည်သို့ရှိသည်ဆိုသည်ကို ပြောသင့်ပါလျက် မပြောခဲ့ကြောင်း။

ထို့အပြင် အတွင်းရေးမှူးချုပ်သည် လုံခြုံရေးကောင်စီ၌ အောက်ပါအတိုင်း တင်ပြသွားကြောင်း။

"The Government needs to deliver on the promise to make the 2010 elections inclusive, free and fair. Senior General Than Shwe's has pledged to make the elections free and fair."

ယင်းတင်ပြချက်မှာ သင့်မြတ်လျော်ကန်မှုမရှိကြောင်း၊ မြန်မာနိုင်ငံတွင် တည်ရှိနေဆဲဖြစ်သော ဖောက်ပြန်သည့် ဥပဒေများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီများ၊ လူထုအသင်းအဖွဲ့များအပေါ် နအဖ က ချမှတ်ထားသော ချုပ်ချယ်ကန့်သတ်မှုကြီးများအရ ၂၀၁၀ ရွေးကောက်ပွဲမှာ လွတ်လပ်မှုရှိနိုင် မရှိနိုင် စသည်တို့ကို အတွင်းကျကျမထောက်ပြဘဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပေးခဲ့သည့်ကတိကိုပင် တန်ဖိုးထား သယောင်ယောင်အပေါ်ယံသဘော ဖော်ပြထားခြင်းမှာ မြန်မာနိုင်ငံလူထုအတွက် အကျိုးမရှိကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲ လွတ်လပ်မှု၊ တရားမျှတမှု ရှိရန်လိုအပ်ကြောင်း ထောက်ပြချက်ကို လက်ခံသော်လည်း ၎င်းထက်ပို၍ အရေးကြီးသည်မှာ ၂၀၁၀ ရွေးကောက်ပွဲကနေ အတည်ပြုကျင့်သုံးတော့မည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို ပြင်ဆင်ဖို့ နအဖ အား တိုက်တွန်းရန် အတွင်းရေးမှူးချုပ်တွင် တာဝန်ရှိကြောင်း၊ ပြင်ဆင်ခြင်းမရှိပါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၅၅၄ အရ တောင်အာဖရိကနိုင်ငံ၏ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ပျက်ပြယ်ကြောင်း ကြေညာခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ပျက်ပြယ်ကြောင်း ကြေညာပေးရန် လုံခြုံရေးကောင်စီသို့ တင်ပြသွားရေးအတွက် အတွင်းရေးမှူးချုပ်တွင် တာဝန်ရှိကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

Asser Institute ၌ မိမိ၏ နှုတ်ဖြင့် ဆွေးနွေးချက်များ၊ ဖြေကြားချက်များကို CICC Website တွင် တင်ပေးမည် ဖြစ်ကြောင်း CICC မှ တာဝန်ရှိ ပုဂ္ဂိုလ်က ကမ်းလှမ်းလာသဖြင့် ဆွေးနွေးချက် အသေးစိပ်ကို အင်္ဂလိပ်ဘာသာဖြင့် ဆက်လက်ပြုစုဆဲ ဖြစ်ပါသည်၊ CICC Website ကို တကမ္ဘာလုံးက လေ့လာနေကြသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများပါ လေ့လာခွင့်ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထူးခြားချက်မှာ မြန်မာအစိုးရ (နအဖ) ကိုယ်စားလှယ်ကပါ မိမိ၏ ဆွေးနွေးချက်များကို လေ့လာလိုကြောင်းဖြင့် CICC သို့ ဆက်သွယ်လာသည် ဟူ၍ CICC ကိုယ်စားလှယ်က မိမိကို သတင်းပေးပို့ပါသည်။ ဆက်သွယ်လာသူမှာ အောက်ပါ ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရပါသည်။

H.J.Stevens
Honorary Consulate General of the Union of Myanmar to the Netherlands
Overaseweg 96, 4836 BC Breda.
Tel. 076 - 5209054
Fax. 076 - 5317327: Email: consul@worldonline.nl

Asser တွင် မိမိ၏ ဆွေးနွေး ရှင်းလင်းချက်များကို CICC Website တွင် တင်သည့်အချိန်ကျမှ တက်ကြည့်ပြီး ဖတ်ရန် မြန်မာအစိုးရ ကိုယ်စားလှယ်အား အကြောင်းပြန်ထားကြောင်း CICC ကိုယ်စားလှယ်က မိမိထံ သတင်းပို့ပါသည်။

## နိဂုံးချုပ်တင်ပြချက်

၂၀၁၀ ခုနှစ်သည် လက်တကမ်းအလိုတွင် ရောက်ရှိနေပါပြီ။ ၂၀၁၀ တွင် နအဖသည် ရွေးကောက်ပွဲကျင်းပပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို အတင်းအကြပ် အတည်ပြု ကျင့်သုံးသွားသည် အထိ တွက်ချက်ဖို့လိုကောင်းလိုပါမည်။ ဤတွင် ရှေ့လုပ်ငန်းစဉ်များ စဉ်းစားနိုင်ရန် အဓိက ကျသော အချက်တရပ်ကို ထပ်မံတင်ပြပါမည်။ ယင်းမှာ မြန်မာနိုင်ငံအတွင်း၌ ပြစ်မှုကြီးများ ကျူးလွန်ခဲ့သော်လည်း ကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေဆိုးကြီး တည် ရှိနေခြင်းကို အသိအမှတ်ပြုရန် ဖြစ်သည်။ ဤအခြေအနေဆိုးကြီးမှာ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ခုနှစ်ရက်နေ့တွင် ရာနှင့်ချီသော ဆန္ဒပြကျောင်းသားများအား စစ်အစိုးရက အစုလိုက် အပြုံ လိုက် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းမှ စတင်ခဲ့သည်။ မည်သူတွင် တာဝန်ရှိသည် ဟူသည့် အပေါ် ဘယ်တုန်းကမှ စစ်ဆေးဖော်ထုတ်နိုင်ခြင်းမရှိခဲ့။

## တရားစီရင်ရေးစနစ်ကို ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးချခြင်း

၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်များအတွင်း ကျောင်းသားများ၏ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို ဦးဆောင်ရာ၌ ထင်ရှားကျော်ကြားခဲ့သော ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦး ကို ကြိုးပေးကွပ်မျက်ခဲ့ခြင်းဖြင့် တရားစီရင်ရေးစနစ်ကို ဖိနှိပ်ရေးကိရိယာအဖြစ် စတင်ကာ ပြင်းပြင်း ထန်ထန် အသုံးပြုခဲ့သည်။ မြန်မာနိုင်ငံအား နှစ်ပေါင်းတရာကျော် ကိုလိုနီပြု အုပ်ချုပ်ခဲ့သော ဗြိတိသျှသည်ပင် ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားသော မည်သည့် ကျောင်းသားခေါင်းဆောင်ကို မျှ ကြိုးပေးကွပ်မျက်ခဲ့ခြင်း မရှိခဲ့။ ဤသည်မှာ နိုင်ငံတကာ ဥပဒေ အခြေခံကို ချိုးဖောက်ခြင်း ဖြစ်သည်။ ၂၀၀၅ ခုနှစ်အတွင်းတွင် ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ဦးဆေထင် တို့အပါအဝင် ခေါင်းဆောင်ရှစ်ဦးအား ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်း လှုပ်ရှားရန် ကြိုးပမ်းရုံမျှဖြင့် မြန်မာနိုင်ငံသမိုင်း၌ မည်သည့်အခါကမျှ မကြားဘူးသော ပြစ်ဒဏ် များအဖြစ် ထောင်ဒဏ် ၇၅ နှစ်မှ ၁၀၆ နှစ် အထိချမှတ်ခဲ့သည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့လှုပ်ရှားမှုကြီး မတိုင်ခင် ငြိမ်းချမ်းစွာ လမ်းလျှောက် ဆန္ဒပြခဲ့သော ကျောင်းသားခေါင်း ဆောင် မင်းကိုနိုင်၊ ကိုကိုကြီး တို့အပါအဝင် ကျောင်းသားခေါင်းဆောင်များကို နှစ်ခြောက်ဆယ် ကျော် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ တရားစီရင်ရေးစနစ်ကို ဖိနှိပ်ရေးကိရိယာအဖြစ် ပေါ်ပေါ်ထင် ထင် သုံးခြင်းဖြင့် ဖိနှိပ်မှုကို တရားဝင်ဖြစ်အောင် လုပ်ခဲ့၊ လုပ်နေဆဲဖြစ်သည်။

## တာဝန်ရှိမှု၊ တာဝန်ခံမှု ပျောက်ဆုံးခြင်း

ထောင်ထဲတွင်၊ တောတောင်ထဲတွင်၊ လူမသိသူမသိ နေရာများတွင် ပြစ်မှုကြီးများ ကျူး လွန်နေရုံသာမက လမ်းမများပေါ်တွင်၊ မြို့ပြများပေါ်တွင်၊ နိုင်ငံတကာ ရှေ့မှောက်မှာပင် ပြစ်မှုကြီး များ ဆက်လက်ကျူးလွန်နေခဲ့သော်လည်း ပြစ်မှုကျူးလွန်သူများမှာ လွတ်ငြိမ်းခွင့်ရနေခဲ့သည်။ တိုင်းရင်းသူများအပေါ် မုဒိမ်းမှုများ ပြုကျင့်ရုံသာမက သံဃာတော်များကိုပါ သတ်ဖြတ် ရက် စက်မှုများ ပြုခဲ့သော်လည်း ပြည်တွင်းရှိ မည်သည့်တရားရုံးကမျှ အရေးယူစစ်ဆေးကာ ပြစ်မှု ကျူးလွန်သူများကို အပြစ်ပေး အရေးယူခဲ့ခြင်းမရှိ၊ ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့်

အခြေအနေဆိုးကြီး၏ အရှိန်မှာ မြင့်မားသည်ထက် မြင့်မားလာသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ လူထုအပေါ် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်မှုသည် အပြင်းထန်ဆုံး၊ အရက်စက်ဆုံး ဖြစ်လာသည်။ ဖိနှိပ်သည့် ဥပဒေစနစ်တခုကို ဖန်တည်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို လက်ကိုင်တုတ်အဖြစ်အသုံးချသည့်အပြင် ပြစ်မှုကျူးလွန်ခဲ့သူများအပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းခြင်းဖြင့် တရားဝင် လွတ်ငြိမ်းခွင့်ရအောင် လုပ်လိုက်သောအခါ ဖိနှိပ်မှု၏သဏ္ဍာန်မှာ အရှုတ်ထွေးဆုံး၊ အကောက်ကျစ်ဆုံး အနေအထားကို ရောက်လာသည်။ ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေဆိုးကြီးကို မြန်မာနိုင်ငံတွင် ရာသက်ပန်တည်ရှိနေအောင် စီစဉ်တကျ လုပ်ဆောင်ခဲ့ လုပ်ဆောင်ဆဲဖြစ်သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်း၌ မရှိမဖြစ်လိုအပ်သော တာဝန်ရှိမှု၊ တာဝန်ခံမှုသည် ပျောက်ဆုံးနေခဲ့ပြီ။

## လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများ အဆုံးသတ်စေရေး နိုင်ငံတကာရေစီးကြောင်း

နိုင်ငံတကာ ပြစ်မှုကြီးများ ကျူးလွန်ခဲ့သော်လည်း လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများ အဆုံးသတ်စေရေးသည် နိုင်ငံတကာက ရှာဖွေနေသော တန်ဖိုးဖြစ်လာသည်။ ၁၉၉၈ ခုနှစ်တွင် ရောမဥပဒေကြီးကိုပြဋ္ဌာန်း၊ ကမ္ဘာ့သမိုင်းတွင် တခါမျှ မပေါ်ပေါက်ဘူးခဲ့သော နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကြီး တည်ရှိလာပြီး နိုင်ငံပေါင်း (၁၁၀)နိုင်ငံ၏ ကြောထောက်နောက်ခံရရှိလာသောအခါ ယင်းမှာ နိုင်ငံတကာရေစီးကြောင်းကြီးလည်း ဖြစ်လာသည်။ တရုတ်ပြည်က နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို မဆန့်ကျင်၊ ၂၀၀၉ ခုနှစ်အတွင်း၌ အမေရိကန်ပြည်ထောင်စု အစိုးရက မိမိတို့၏ မူဝါဒများကိုပြောင်းလဲကာ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးအားအပြုသဘောအခြေခံမှ ချည်းကပ်လာသောအခါ ယခုအချိန်၌ ယင်းရေစီးကြောင်းကြီးမှာ ပို၍အားကောင်းလာခဲ့ပြီဟု ပြောနိုင်သည်။

## ပြည်တွင်းနှင့် နိုင်ငံတကာ လှုပ်ရှားမှုများ၏ ဆုံချက်

ပြည်တွင်းက အရေးကြီးသည် နိုင်ငံတကာက အဓိကမဟုတ်၊ ပြည်တွင်းလှုပ်ရှားမှုများ အားမကောင်းတော့၊ နိုင်ငံတကာတွင် ပိုလုပ်ရမည် စသည်တို့အပေါ် အငြင်းပွားနေရန် အချိန်မဟုတ်တော့၊ ကုလသမဂ္ဂကိုရော နိုင်ငံတကာကိုပါ အယုံအကြည်မရှိသင့်၊ အားမကိုးသင့်တော့၊ ပြည်တွင်းလူထုက ကိုယ့်အားကိုယ်ကိုးပြီးတော့သာ လုပ်ဆောင်သွားသင့်ကြပြီဟု တွန်းတင်လျှင် နအဖ စစ်ခေါင်းဆောင်များအကြိုက် ဖြစ်သွားနိုင်သည်။ နအဖ၏ ဖိနှိပ်မှုတွေများလွန်းသောကြောင့် ပြည်တွင်းက လူထုတွေ လုပ်နိုင်စွမ်းအား ကျဆင်းသွားပြီ၊ ပြည်ပကငါတို့လုပ်မှ ဖြစ်မည်ဟုသာ ကြွေးကြော်နေပြန်လျှင်လည်း ပြည်တွင်း၌ အားကောင်းသောလူထုလှုပ်ရှားမှုများ ဆက်လက်ပေါ်လာရေးအတွက် အထောက်အပံ့ဖြစ်စေလိမ့်မည် မဟုတ်ပါ။ ပြည်တွင်းလူထုသည် ကိုယ့်အားကိုယ်ကိုးကြရမည် အမှန်ဖြစ်သည်။ သို့ရာတွင် ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီတို့အပြင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဥပဒေစိုးမိုးရေးတို့ကို လိုလားသော နိုင်ငံတကာ အဖွဲ့အစည်းကြီးများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးများ၊ တိုင်းပြည်များ၊ နိုင်ငံတကာရှိ လူထုအသင်းအဖွဲ့များ၏ ရနိုင်သမျှသော အင်အားများကိုလည်း စုစည်းဖို့လိုပါမည်။ ဤနှစ်ခုကို မှန်မှန်ကန်ကန် ပေါင်းစပ်ကြရမည်ဟု မြင်ပါသည်။

ယခုအချိန်၌ ပြည်တွင်းနှင့် နိုင်ငံတကာလုပ်ရှားမှုများ၏ ဆုံချက်သည် မြန်မာနိုင်ငံ၌ နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ခဲ့သော်လည်း လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများ အဆုံးသတ်စေရေး ဖြစ်သင့်ပါသည်။ ဤသည်မှာ ပြည်တွင်းလူထု၏ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်လျက်ရှိသည်။ နိုင်ငံတကာ ရေစီးကြောင်းနှင့်လည်း တဆက်တစပ်တည်း ဖြစ်လျက်ရှိသည်။ လွတ်ငြိမ်းခွင့်ရနေသည့်အခြေအနေဆိုးကြီး အဆုံးသတ်သွားမှသာ ဥပဒေစိုးမိုးရေး တည်ရှိလာမည်။ ဥပဒေ စိုးမိုးရေးရှိမှသာ အရှည်တည်တန့်မည့် ငြိမ်းချမ်းမှုကို ခံစားနိုင်မည့်အပြင် လူထုအတွက် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့အကောင်အထည် ပေါ်လာနိုင်ပါမည်။

## ဥပဒေစိုးမိုးမှု တည်ဆောက်ရေး ဘာကြောင့်အရေးကြီးသလဲ

မြန်မာနိုင်ငံ၏ အရင်းခံအကျဆုံးသော ပြဿနာမှာ ဥပဒေစိုးမိုးမှု ပျက်သုဉ်းနေခြင်းဖြစ်သည်။ မတရားသော ဥပဒေတွေကို ထင်သလိုပြဋ္ဌာန်းနေသည်။ စစ်မှန်သော လူထုကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြဋ္ဌာန်းခွင့် မရသောကြောင့်လည်း မတရားသော ဥပဒေများ တိုး၍တိုး၍ များလာနေသည်။ တရားသော ဥပဒေများရှိရာတွင်လည်း အာဏာပိုင်များကိုယ်တိုင်မလိုက်နာသည်က များနေသည်။ ဥပဒေစိုးမိုးမှုကို ထိမ်းကြောင်းရမည့် တရားစီရင်ရေးမဏ္ဍိုင်ကိုယ်တိုင်က စစ်ခေါင်းဆောင်တွေ ခိုင်းတာလုပ်ရသည့် စစ်မှန်သော ဥပဒေစိုးမိုးမှုအခြေခံများ ချမှတ်ကျင့်သုံးရန် ကြိုးပမ်းခြင်းဖြင့် တရုပ်ပြည်၏ နားလည်စာနာမှုကိုလည်း ရရှိနိုင်ပါသည်။

## တွေ့ဆုံဆွေးနွေးရေး၊ နအဖ စစ်ခေါင်းဆောင်များနှင့် နိုင်ငံတကာပြစ်မှုကြီးများ

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို မိမိတဦးချင်းအနေဖြင့် ကန့်ကွက်ရန်အကြောင်းမရှိပါ။ သို့ရာတွင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဟူသော ကြွေးကြော်သံအောက်တွင် ဖြစ်ပွားကျူးလွန်ခဲ့သော ပြစ်မှုကြီးများအား မေ့မှိန်ထားတာမျိုး မဖြစ်သင့်ပါ။ ပြည်ဖုံးကားချသွားတာမျိုး လုံးဝလုပ်၍မရပါ။ နိုင်ငံတကာဥပဒေအရ လုပ်ခွင့်မရှိသလို ပြစ်မှုကျူးလွန်ခံရသူများ၏ အခွင့်အရေးလည်းဖြစ်သဖြင့် မည်သူကမျှ ကိုယ်စားပြုပြီး လွတ်ငြိမ်း ခွင့်ပေး၍ မရနိုင်ပါ။ နအဖ စစ်ခေါင်းဆောင်များအတွင်းတွင် မည်သူတွေက ပြစ်မှုကြီးများ ဦးဆောင်ကျူးလွန်ထားပြီး၊ မည်သူတွေအနေဖြင့် ရိုးရိုးတပ်မတော် တာဝန်ထမ်းဆောင်နေကြသည်ကို ၎င်းတို့ အသိဆုံးဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားသည်ကို ကြည့်ခြင်းဖြင့် ပြစ်မှုကြီးများ ကျူးလွန်ထားသည့် စစ်ခေါင်းဆောင်များသည်အရေးယူခံရရန် မည်မျှအထိ ကြောက်လန့် နေကြကြောင်း သိသာသည်။

ဤသည်ကို ခွင့်ပြုပြီး တိုင်းပြည်ရှေ့ဆက်သွားလျှင် နိုင်ငံရေးခေါင်းဆောင်များသည်လည်းကောင်း၊ လူထုသည်လည်းကောင်း၊ ရိုးရိုးတပ်မတော် ခေါင်းဆောင်များကိုယ်တိုင်သည်ပင်လျှင်လည်းကောင်း ယခုထက်ဆိုးသော ပြစ်မှုကြီးများ ဆက်လက်ကျူးလွန်ခံရဖွယ် ရှိပါသည်။ တပ်မတော်အတွင်း အပြောင်းအလဲများ ဖြစ်လာဖို့လိုပါမည်။ နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများ ကျူးလွန်ထားသူများအပေါ် အရေးကိုယူရမည်ဟူသော ရှင်းလင်းသည့် သတင်းစကား

များပေးထားခြင်း၊ ယင်းသို့ အရေးယူခွင့်ရအောင် ဆက်လက်ကြိုးပမ်းခြင်းသည်သာ ပြစ်မှုများဖြစ်ပွားမှု လျော့နည်းကျဆင်းသွားစေနိုင်ပါမည်။

## ရုံးတင် တရားစွဲဆိုခြင်း သက်သက်သည် တခုတည်းသော နည်းလမ်းမဟုတ်

လွတ်ငြိမ်းခွင့်များရနေမှု ချုပ်ငြိမ်းရေးကိုအခြေခံကာ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရန် ကြိုးပမ်းရာ၌ ပြစ်မှုကြီးများ ကျူးလွန်ခဲ့သူများအားလုံး၊ ပတ်သက်သူမှန်သမျှ အားလုံးကို ရုံးတင်တရားစွဲဆိုရမည်ဟူ၍သာ လမ်းကြောင်းတခုတည်းကို တင်နေခြင်းမဟုတ်ပါ။ နိုင်ငံတကာအဆင့်ရှိသည့် ပြစ်မှုကြီးများ ကျူးလွန်ခဲ့သူများကို တရားရုံးတင် တရားစွဲခြင်းမျိုးရှိသင့်သလို နိုင်ငံအတော်များများတွင် ကျင့်သုံးသွားသကဲ့သို့ အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်တာမျိုးလည်း ရှိနိုင်ပါသည်။ ပြစ်မှုကျူးလွန်ခံခဲ့ရသူများ၏ ဘဝများကို ပြန်လည်ကုစားပေး၊ ၎င်းတို့၏ သဘောဆန္ဒများကို ရယူကာ ကြီးကြီးမားမား ပြစ်မှုကျူးလွန်ခဲ့ခြင်း မဟုတ်သူများအပေါ် ကြေအေးခွင့်လွှတ်ခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်းများလည်း ရှိကောင်းရှိလာနိုင်ပါမည်။

## တိုင်းပြည်ဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာ အသွင်ပြောင်းလဲခြင်း

နောင်ကို အလားတူပြစ်မှုကြီးမျိုးများ ထပ်မံမကျူးလွန်စေရန် လည်းကောင်း၊ လွတ်ငြိမ်းခွင့်ရနေမှုများ ထာဝရချုပ်ငြိမ်းသွားရန် လည်းကောင်း၊ ပြည်တွင်း၌ မည်သည့် မတရားသော ဥပဒေများကို ဖျက်သိမ်းသင့်သည်၊ မည်သို့သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ လူသားချင်း စာနာထောက်ထားသည့် ဥပဒေများသည် နိုင်ငံအတွင်း၌ အသက်ဝင် ကျင့်သုံးလာသင့်သည်၊ လွတ်လပ်၍ အားကောင်းထက်မြက်ကာ လူထု၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မည့် တရားစီရင်ရေးစနစ်ကို မည်သို့တည်ထောင်သင့်သည်။ လူထုအုပ်ချုပ်ရေး ယန္တယားများသည် မည်သို့ ဖြစ်သင့်သည်။ လုံခြုံရေးတပ်ဖွဲ့များသည် လူထုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် မည်သို့ရပ်တည်ကာ လုပ်ငန်းတာဝန် ထမ်းဆောင်သင့်သည်။ လူထုက ရွေးချယ်တင်မြှောက်သော ကာကွယ်ရေးဝန်ကြီး၏အောက်တွင် တပ်မတော်သည် ဂုဏ်သိက္ခာရှိစွာ မည်သို့ တာဝန်ထမ်းဆောင်ရန်လိုသည် အစရှိသည်များ အကောင်အထည်ဖော်ခြင်းကို တိုင်းပြည် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အသွင်ပြောင်းလဲခြင်း (Institutional Reform) ဟု ခေါ်ပါသည်။ ဤသည်တို့ကို ၂၀၁၀ ခုနှစ်မှစ၍ အကောင်အထည်ဖော်နိုင်ရေး စုပေါင်းကြိုးပမ်းကြလျှင် လက်လှမ်းမီသမျှသော ပြည်တွင်းဒေသများ၌ စတင် အကောင်အထည်ဖော်နိုင်လျှင် လူထုအတွက်ရော တိုင်းပြည်အတွက်ပါ အကျိုးရှိနိုင်ပါမည်။

## နိုင်ငံတကာက နအဖ အား အပြုသဘောဆက်ဆံခြင်း၏ အနှစ်သာရ

အာဆီယံသည် နအဖအား အပြုသဘောအခြေခံမှ ချည်းကပ်ဆက်ဆံလာခဲ့သည်မှာ ကြာပါပြီ။ စီးပွားရေး လုပ်လိုသောတိုင်းပြည်များ၊ ကုမ္ပဏီများ အကျိုးရှိသွားကြပါသည်။ သို့ရာတွင် လူထုအတွက်တော့ ဟုတ္တိပတ္တိ အကျိုးမရှိပါ။ စီးပွားရေးပိတ်ဆို့မှုသည် ထိရောက်မှုရှိရဲ့လား

ဟုသည့်အပေါ် သံသယပွားကာ ၂၀၀၉ ခုနှစ်အတွင်းတွင် အမေရိကန်ပြည်ထောင်စုမှ စတင်ကာ နအဖ အား ဆက်ဆံမှုများလုပ်ဆောင်လာခဲ့သည်။ မကြာသေးမီ ကလေးကပင် ဥရောပ သမဂ္ဂ က နအဖနှင့် ဆက်ဆံဆောင်ရွက်သွားမည်ဟူသော အသံများ ထွက်လာပြန်သည်။ မဆက်ဆံကြနှင့်ဟူ၍ ကန့်ကွက်ရန် အကြောင်းမရှိပါ။ သို့ရာတွင် ဘာကိုဦးတည်၍ ဘယ်လို ဆက်ဆံနေကြမှန်း လူထုက ရှင်းလင်းစွာမသိရှိပါ။ အမေရိကန်ပြည်ထောင်စုသည်လည်းကောင်း၊ ဥရောပသမဂ္ဂသည် လည်းကောင်း ဒိုင်လူကြီးများ မဟုတ်ကြပါ။ အလယ်ခေါင်မှာ နေသလိုလို နေလို့မရပါ။ အမှန်နှင့် အမှား၊ တရားမှုနှင့် မတရားမှု ဘက်တဖက်ကို ရပ်ကြရပါမည်။ ဆက်ဆံကြရာတွင် အမေရိကန်ပြည်ထောင်စုသည် လည်းကောင်း၊ ဥရောပသမဂ္ဂသည် လည်းကောင်း နအဖအား ပြောသင့်သည့်အရာများကို ရှင်းလင်းစွာ ပြောကြားသင့်ကြောင်း မိမိတို့က အကြံပြုရပါမည်။ သို့မဟုတ်ပါက ဆက်ဆံသည်မှာ ဘာအဓိပ္ပါယ်ရှိသနည်းဟု မေးမြန်းရန်လိုပါမည်။

၂၀၀၉ ခုနှစ် အောက်တိုဘာ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဆုံးဖြတ်ထားသော မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ လူသားချင်းစာနာ ထောက်ထားသည့် ဥပဒေများ ချိုးဖောက်မှုရှိနေကြောင်းကို နအဖ အားပြောရပါမည်။ စစ်မှန်သော ဥပဒေစိုးမိုးမှုကို မည်သို့ လက်တွေ့ကျင့်သုံးသင့်ကြောင်း ပြောရပါမည်။ ပြစ်မှုကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေသည့် အနေအထားများကို နိုင်ငံတကာက လက်မခံကြောင်း ရှင်းရှင်းပြောရပါမည်။ နအဖ က ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည့် ပြဋ္ဌာန်းချက်ကို ထောက်ပြကာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ကိုပြင်ရမည်။ ဤသည်မှာပြည်တွင်းရေးမဟုတ်၊ ကုလသမဂ္ဂ ပဋိဉာဉ်စာတမ်းနှင့် လည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၊ လူသားချင်းစာနာ ထောက်ထားသည့် ဥပဒေ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ကြောင်း ပြတ်ပြတ်သားသား ပြောကို ပြောဖို့လိုပါသည်။ သို့မှသာ ၎င်းတို့က နအဖ အား ဆက်ဆံခြင်းသည် ပြည်တွင်းလူထုအတွက်လည်းကောင်း၊ နိုင်ငံတကာ ငြိမ်းချမ်းမှု လုံခြုံမှုအတွက်လည်းကောင်း အကျိုးရှိပါမည်။ သို့မဟုတ်ပါက နအဖသည် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာ ပြစ်မှုကြီးများ ကျူးလွန်နေရုံသာမက နူးကလီးယား လက်နက်ထုတ်လုပ်ကာ နိုင်ငံတကာတွင်ပါ နိုင်ငံတကာ ပြစ်မှုကြီးများ ကျူးလွန်ရေးလမ်းကြောင်းကို ဦးတည်နေပါပြီ။

## ငြိမ်းမည့် မီး ထတောက်ခြင်း

အာဏာရှင်စနစ်ကို တကမ္ဘာလုံးက လက်မခံကြတော့ပါ၊ စစ်အာဏာရှင်စနစ်သည် ကမ္ဘာတွင်ပို၍ပင် ခေတ်မရှိတော့ပါ။ တချို့နိုင်ငံများ၌ စစ်တပ်အာဏာသိမ်းမှုများ ကြုံကြားတွေ့နိုင်သေးသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများနှင့်အညီ စစ်အာဏာရှင်စနစ်ကို နည်းလမ်းတကျ ကျင့်သုံးဖော်ဆောင်နိုင်သည့် နိုင်ငံဟူ၍ ကမ္ဘာပေါ်တွင် တနိုင်ငံမှမရှိပါ။ အာဏာရှင်စနစ်ကို နည်းလမ်းတကျ ကျင့်သုံးခဲ့သည့် တောင်အာဖရိကနိုင်ငံတွင် နယ်လ်ဆင် မန်ဒဲလား (၂၇) နှစ်ကြာနေခဲ့သည့် ရော်ဘင်ကျွန်းသည် ယနေ့နိုင်ငံခြားသားများ လာရောက်လေ့လာစရာ ပြတိုက်သဖွယ် ဖြစ်သွားခဲ့ပါပြီ။ စစ်အာဏာရှင်စနစ်ကို နည်းလမ်းတကျ ကျင့်သုံးဖော်ဆောင်ခဲ့သည့် အင်ဒိုနီးရှား စစ်တပ်သည် ယနေ့ နိုင်ငံရေးနယ်ပယ်မှ ဆုတ်ခွာသွားခဲ့ရပါပြီ။

စစ်အာဏာရှင် ပတ်ခြုံပြီး အောက်တွင် ပြားပြားဝပ်ခဲ့ရသော တောင်ကိုရီးယားနိုင်ငံသည် ယနေ့ပြောင်းလဲသွားခဲ့ပါပြီ။ ထို့အပြင် တကမ္ဘာလုံးကို အာဏာစက် လွှမ်းခြုံထားသော နိုင်ငံ တကာပြစ်မှုဆိုင်ရာ တရားရုံးကြီး၏ ဥက္ကဋ္ဌ သည်ပင် တောင်ကိုရီးယားနိုင်ငံသား ဖြစ်နေပါပြီ။

၂၀၁၀ ခုနှစ်ရွေးကောက်ပွဲသည် ပြစ်မှုကြီးများ ကျူးလွန်ထားသူများအား လွတ်ငြိမ်း ခွင့်ပေးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အသက်သွင်းမည့်ပွဲဖြစ်ပါသည်။ နအဖ၏ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို ငြိမ်းမည့်မီး ထတောက်ခြင်းဟုသာ သဘောထားပြီး မြန်မာနိုင်ငံ အတွင်းတွင်လည်းကောင်း၊ ကမ္ဘာတွင်လည်းကောင်း လွတ်ငြိမ်းခွင့်များ နိဂုံးချုပ် ဆုံးခန်းတိုင် သွားသည်အထိ ရေဆုံးရေဖျား အတူလက်တွဲ ကြိုးပမ်းသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

လေးစားလျက် –

ဦးအောင်ထူး<br>
အထွေထွေ အတွင်းရေးမှူး<br>
မြန်မာနိုင်ငံ ရှေ့နေများကောင်စီ

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်။

# မြန်မာနိုင်ငံအတွင်း၌ ကြီးလေးသောပြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဆိုင်ရာ စည်းရုံးလှုပ်ရှားမှုများအား မြှင့်တင်ပေးရန် လိုအပ်ကြောင်းတင်ပြချက်

*(နိုင်လဝီအောင်)*

## ၁။ မိတ်ဆက်ခြင်း

ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံတွင် စစ်အစိုးရ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ – နအဖ) အုပ်ချုပ်မှုအောက်၌ ပြည်သူလူထုများမှာ ဖိနှိပ်မှုမျိုးစုံကို ကြုံတွေ့ခံစားနေရသည်မှာ ယခုချိန်ကာလအထိ ဖြစ်ပါသည်။ ထိုသို့ ပြည်သူလူထုအပေါ် နအဖ စစ်အစိုးရ၏ ဖိနှိပ်မှုများသည် သာမန်လူ့အခွင့်အရေးချိုးဖောက်ခြင်း မဟုတ်ပဲ၊ ကြီးလေးသော ပြစ်မှုကြီးများ ဖြစ်ပါတယ်။ နအဖ စစ်အစိုးရသည် လူထုအပေါ် ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်ကျကျ ကျူးလွန်ခဲ့သော ပြစ်မှုများအား ဆက်လက်၍ ကျူးလွန်နေဆဲ ဖြစ်ပါသည်။ ဥပမာအား ဖြင့် တိုင်းရင်းသားလူမျိုးတွေအပေါ် သတ်ဖြတ်မှုများ၊ မုဒိမ်းမှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ တိုင်းရင်းသားပြည်သူတို့၏ နေရင်းဒေသမှ အတင်းအဓမ္မနှင်ထုတ်မှုများ (သို့) ရွှေ့ပြောင်းမှုများ၊ လူပုဂ္ဂိုလ်တဦးချင်းအပေါ်မှာလည်း အကြောင်းမဲ့ ဖမ်းဆီးနေမှုများ၊ လူမဆန်စွာ ရက်စက်ကျူးလွန်မှုများ၊ လက်ရှိ ဥပဒေပြဋ္ဌာန်းချက်များကို လျစ်လျူရှု့ပြီး လူပုဂ္ဂိုလ်တဦးချင်းစီ၏ လွတ်လပ်မှုများကို ကင်းမဲ့စေရန် ရည်ရွယ်ချက်ဖြင့် မတရားအကျဉ်းချမှုများ၊ လူထုတို့ ပိုင်ဆိုင်ထားသောပစ္စည်းဥစ္စာကို မတရားသိမ်းဆည်းမှုများ၊ လုယက်မှုများ စသဖြင့် နအဖ စစ်အစိုးရသည် ထိုသို့သော ပြစ်မှုမျိုးစုံကို ကျူးလွန်ခဲ့ရုံသာမက လက်ဆက်၍လည်း ကျူးလွန်နေဆဲဖြစ်ပါသည်။ ထိုကျူးလွန်မှုများသည် ကြီးမားသော ပြစ်မှုဖြစ်ကြောင်းကို ပြည်တွင်းရော နိုင်ငံတကာပါ အားလုံး မြင်တွေ့နေကြပါသည်။ ထိုပြစ်မှုများကို ပြည်တွင်းဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူခြင်းမရှိပေ။ သက်ဆိုင်ရာ တရားရုံး၊ တရားသူကြီး၊ ရဲဌာနများသည် ထိုကိစ္စကို ဖော်ထုတ်နိုင်စွမ်းမရှိသည့်အပြင် ဖော်ထုတ်အရေးယူဖို့လည်း ဆန္ဒမရှိကြောင်း လုံးဝထင်ရှားနေပါသည်။

ထိုကိစ္စကို ယနေ့အချိန်တွင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးစနစ်ဖြင့် ဖော်ထုတ်အရေးယူဖို့ အချိန်အခါသင့်ပြီးဖြစ်သည်။ ယနေ့ နိုင်ငံတကာတွင် ပြစ်မှုဆိုင်ရာတရားရုံး ရှိနေပြီးဖြစ်၍ ထိုယန္တယားကို အသုံးချကာ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေဆဲ ကြီးလေးသော ပြစ်မှုကြီးများကို ထိုနိုင်ငံတကာတရားရုံးသို့ တင်ပို့နိုင်ရန် မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် လှုပ်ရှားနေသော အသင်းအဖွဲ့များ၊ လူထုအခြေပြု အသင်းအဖွဲ့များ အားလုံး ပူးပေါင်းလုပ်ဆောင်ဖို့ အလွန်အရေးကြီးနေပါသည်။

ထို့ကြောင့် ဤစာတမ်းသည် မြန်မာနိုင်ငံအတွင်း၌ ကြီးလေးသော ပြစ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးသို့ တရားစွဲတင်နိုင်ရန်အတွက် စည်းရုံးလှုပ်ရှားမှုများထဲမှ နိုင်ငံတကာဖြစ်မှုဆိုင်ရာတရားရုံး တည်ရှိရာ ဒီဟိတ်(ဒ်) **(THE HAGUE)** ခရီးစဉ်အကြောင်းကို တင်ပြထားခြင်းဖြစ်သည်။

## ၂။ ဒီဟိတ်(ဒ်)ခရီးစဉ် အနှစ်ချုပ်

ခရီးစဉ်၏ ရည်ရွယ်ချက်သည် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးစနစ်နှင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (International Criminal Court) အကြောင်း လေ့လာခြင်း၊ လက်ရှိတရားရုံး လည်ပတ်နေသော လုပ်ငန်းများ၊ ရည်မှန်းချက်များ၊ တရားရုံး၏ တည်ဆောက်ပုံ၊ ဆိုးရွားသောပြစ်မှုများအား တရားစွဲဆိုမှုနှင့် ပတ်သက်၍ နည်းလမ်းများ၊ တရားစွဲဆိုအရာရှိ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ စသဖြင့် လေ့လာရန် နိုင်ငံတကာလူ့အခွင့်အရေး ကာကွယ်ပေး လှုပ်ရှားနေသောအဖွဲ့ International Federation for Human Rights (FIDH) မှ ကမကထပြု၍ ဖိတ်ခေါ်ခြင်းကြောင့် ယခုခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ FIDH အဖွဲ့ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အခြေစိုက်၍ နယ်သာလန်နိုင်ငံ ဒီဟိတ် (ဒ်) မြို့မှာလည်း အခြေစိုက်ထားသည့် နိုင်ငံတကာတရားဝင် Non-governmental Organization (NGO) တဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သည် ICC တရားရုံးအတွက် စည်းရုံးလှုပ်ရှားနေသောအဖွဲ့လို့ခေါ်တဲ့ Coalition for the International Criminal Court (CICC) အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေပါသည်။

FIDH သည် ထိုခရီးစဉ်ကို ထိုင်း–မြန်မာနယ်စပ်မှ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး အတွက်ပါ လှုပ်ရှားနေသောအသင်းအဖွဲ့များအား အဓိကထားပြီး ဖိတ်ဖေါ်ခဲ့သည်။ ထိုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးစနစ်နှင့် ပတ်သက်၍ အရည်အချင်း မြှင့်တင်ပေးရန်နှင့် နားလည်မှုများရှိစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် FIDH နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီတို့ ပူးပေါင်းပြီး ၂၀၀၉ ခုနှစ်၊ မေလ (၄–၆) ရက်နေ့ထိ နှီးနှောဖလှယ်ပွဲတရပ်ကို ပြုလုပ်နိုင်ခဲ့သည်။ ၎င်းနှီးနှောဖလှယ်ပွဲမှ မြန်မာနိုင်ငံတွင် ပြစ်မှုကြီးများကို ကျူးလွန်သူများအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသို့ တင်ပို့နိုင်ရေးအတွက် အဖွဲ့အသီးသီးမှ ပူးပေါင်းလှုပ်ရှားမှုများကို သဘောတူညီချက် ချမှတ် နိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံနှင့် ပက်သက်၍ ဖြစ်နေသော ပြစ်မှုများကို ဖော်ထုတ်အရေးယူနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ရေးဖြစ်ပါသည်။ ထိုကိစ္စကို အခြေခံ၍ အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာနှင့် စပ်လျဉ်းသော ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားနေသော ပြစ်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ကော်မရှင်တဖွဲ့ စေလွှတ်နိုင်ရန် ဒေသဆိုင်ရာ နိုင်ငံများ အနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံထဲမှာရော ကုသမဂ္ဂလုံခြုံရေးကောင်စီ၏ အစည်းအဝေးမှာပါ လျင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်အောင် ဖိအားပေးသွားနိုင်ရေးအတွက် FIDH၊ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် အခြားအဖွဲ့များပါဝင်သည့် စည်းရုံးရေးနည်းဗျူဟာများ ချမှတ်ရန်အတွက် ဒီဟိတ် (ဒ်) ခရီးစဉ်မှာ ဆွေးနွေးနိုင်ခဲ့ပါသည်။

## ၃။ ဒီဟိတ်(ဒ်)ခရီးစဉ်တွင် ကျင်းပသောရက်တိုသင်တန်း

ခရီးစဉ်တွင် ရည်ရွယ်ချက်အားဖြင့် မြန်မာနိုင်ငံအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင် တရပ် ပေါ်ပေါက်လာအောင် စည်းရုံးလှုပ်ရှားမှုနည်းဗျူဟာများ မှတ်ချက်ရန်ဖြစ်သည်။ တစ်ချိန်

တည်းမှာပင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးစနစ်နှင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေ Rome Statute အကြောင်း လေ့လာရန်အတွက် FIDH ဦးဆောင်ပြီး နိုင်ငံတကာ ဥပဒေပညာရှင်များကိုဖိတ်ခေါ်၍ ရက်တိုသင်တန်းများ ပြုလုပ်ခဲ့ပါသည်။

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားမျှတမှု ရှာဖွေရေးစနစ်နှင့် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေထဲ၌ ပါရှိသော ပြဋ္ဌာန်းချက်များ၊ တရားရုံး၏ လုပ်ငန်းအာဏာများကို သင်တန်းတွင် အဓိကထားပို့ချခဲ့သည်။ ခေါင်းစဉ်အသေးစိတ်အနေဖြင့် တရားရုံး၏ လုပ်ငန်းများနှင့် စီရင်ပိုင်ခွင့်အာဏာကို လေ့လာခြင်း၊ အတိတ်တွင်ဖြစ်ခဲ့သော သက်ဆိုင်ရာနိုင်ငံများ၏ နယ်မြေအတွင်း၌ နိုင်ငံတကာနှင့် သက်ဆိုင်သော ပြစ်မှုများ၊ မှတ်တမ်းများ၊ (ဥပမာအား ဖြင့် Milosevic က ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ဗီဒီယိုမှတ်တမ်း) ကို လေ့လာကြည့်ရှုခဲ့ခြင်း၊ နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင် တည်ထောင်ဖွဲ့စည်းမည့်အကြောင်း လေ့လာခြင်း၊ ပြစ်မှုကျူးလွန်ခံရသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လေ့လာခြင်း၊ အခြား နိုင်ငံတကာ တရားမျှတမှု ရှာဖွေရေးစနစ်ရဲ့ ယန္တရားများ၊ အခန်းကဏ္ဍများ လေ့လာခဲ့ခြင်း ဥပမာ နိုင်ငံတကာနဲ့ သက်ဆိုင်သော ပြစ်မှုတွေအပေါ် အခြေခံ၍ Universal Jurisdiction လို့ခေါ်တဲ့ တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ၏ ယူဆချက်များ၊ တရားမျှတမှုနှင့် ပြန်လည်သင့် မြတ်ရေးကော်မရှင်အကြောင်း လေ့လာခြင်း၊ ၎င်းခေါင်းစဉ်များနှင့် စပ်လျဉ်း၍ **"နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးစနစ်နှင့် ICC အကြောင်းလေ့လာခြင်း"** ခေါင်းစဉ်အောက်မှာ အသေးစိတ်ဖော်ပြထားပါသည်။

## ၄။ ခရီးစဉ်တွင် အစည်းအဝေးပွဲပြုလုပ်ခြင်းနှင့် တက်ရောက်သူများ၊

ခရီးစဉ်တွင် အစည်းအဝေးပွဲများကို ပြုလုပ်နိုင်ခဲ့သည်။ ထိုအစည်းအဝေးပွဲတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးလှုပ်ရှားသော အဖွဲ့များ၊ ဥပဒေရေးရာအဖွဲ့များ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ FIDH နှင့် အခြားကျွမ်းကျင်သော ပုဂ္ဂိုလ်များလည်း ပါဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥက္ကဋ္ဌ ဦးသိန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနှင့် နိုင်လဝီအောင် (ရုံးဝန်ထမ်း) တက်ရောက်ခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အထွေထွေအတွင်းရေးမှူး လွယ်အေးနန်း အား အဖွဲ့ချုပ်၏ကိုယ်စားအဖြစ် တက်ရောက်ခဲ့သည်။ အခြားကိုယ်စားလှယ်နှစ်ဦးကတော့ ကိုခင်မောင်ရွှေ နှင့် ကိုအောင်မျိုးသိန်း တို့သည် လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) Network for Human Rights Documentation (ND-Burma) အဖွဲ့၏ ကိုယ်စားလှယ်အနေဖြင့် တက်ရောက်ခဲ့သည်။

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးမှ ကျွမ်းကျင်သော ပုဂ္ဂိုလ်များလည်း ပါဝင်တက်ရောက်ခဲ့သည်။ Mr. Claus Molitor သည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး၏ တရားစွဲဆိုအရာရှိဌာနမှ သုံးသပ်ရေး အရာရှိတဦးဖြစ်သည်။ အခြားကျွမ်းကျင်သူနှစ်ဦးမှာ ICC တရားရုံး၏ မှတ်ပုံတင်ဌာနအောက်မှာ ဌာနခွဲဖြစ်သော သတင်းမှတ်တမ်းဌာနခွဲနှင့် ပြစ်မှုကျူးလွန်ခံရသူများ

ပူးပေါင်းပါဝင်မှု၊ ပြင်ဆင်မှုဌာနခွဲမှ ကိုယ်စားလှယ်များဖြစ်သည်။ ICC တရားရုံး၏ ဌာနများ ဖြစ်သော တရားစွဲခံသူအတွက် ရှေ့နေရုံးဌာန၊ ပြစ်မှုကျူးလွန်ခံရသူများအတွက် ရှေ့နေရုံးဌာန တို့မှ ကျွမ်းကျင်သောပုဂ္ဂိုလ်နှစ်ဦး တက်ရောက်ခဲ့သည်။ Ms. Kristin Kalla သည် ပြစ်မှု ကျူးလွန်ခံရသူများအတွက် ဘဏ္ဍာထိန်းသိမ်းရေးဌာန၏ စီမံကိန်း အကြီးအကဲအရာရှိဖြစ် သည်။

Ms. Megan Hirst သည် ICC တရားရုံး၏ ပြစ်မှုကျူးလွန်ခံရသူများ ပူးပေါင်းပါ ဝင်မှုနှင့် ပြင်ဆင်နေရာချထားရေးဌာနမှ ဝန်ထမ်းလည်းဖြစ်၊ အရှေ့တီမောတွင် အမှန်တရား ဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်မှာ အလုပ်လုပ်သူလည်းဖြစ်သည်။ အရှေ့ တီမော အတွေ့အကြုံနှင့် ပတ်သက်၍ အရှေ့တီမောတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအကြောင်း၊ အသွင်ကူးပြောင်းရေးဆိုင်ရာ အမှန်တရားရှာဖွေခြင်းအကြောင်း၊ အရှေ့တီမောအတွက် သီး သန့်တရားရုံး Creation of Ad Hoc Court for East Timor (in Indonesia) အကြောင်း၊ ကော်မရှင်တခု ဖွဲ့စည်းတည်ထောင်ခြင်းရခြင်း၏ ရည်ရွယ်ချက်များနှင့် အခက်အခဲ များအကြောင်း စသည်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ ညွန့်ပေါင်းအဖွဲ့ Coalition for the International Criminal Court (CICC) အဖွဲ့၏ ကိုယ်စားလှယ်တဦး Ms.Isabelle Olma (ဥပဒေရေးရာအကြံပေးပုဂ္ဂိုလ်) သည် ICC တရားရုံးပေါ်ပေါက်လာသည့် အကြောင်းရာများနှင့် ဖွဲ့စည်းတည်ဆောက်မှုကို ဆွေးနွေးခဲ့သည်။ FIDH မှဖြန့်ဝေခဲ့သော "တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ Universal Juris-diction" စီမံကိန်းအကြီးအကဲဖြစ်သော Ms. Asa Rydberg van der Sluis သည် တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍ တက်ရောက် ဆွေးနွေး တင်ပြခဲ့သည်။ အဆိုပါ အစည်းအဝေး ဆွေးနွေးပွဲသို့ FIDH အဖွဲ့မှ ကိုယ်စားလှယ် (၃) ဦးလည်း ပါဝင်တက် ရောက်ခဲ့သည်။ ယင်းပုဂ္ဂိုလ်များမှာ Emmanouil Athanasiou (Asia Desk မှအရာရှိ)၊ Ms. Mariana Pena (ICC တရားရုံးမှာ အမြဲတမ်းကိုယ်စားလှယ်) နှင့် Ms. Cammille de Rugy (FIDH အဖွဲ့၏ သုတေသနကူညီရေးဌာန) တို့ဖြစ်ပါသည်။

**၅။ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားမျှရှာဖွေရေးစနစ်၊ တရားရုံးအကြောင်း ကျွမ်းကျင် သူများမှ လေ့လာချက်၊**

**၅-၁။ Milosevic's ပြစ်မှုအကြောင်း မှတ်တမ်းကို ကြည့်ရှုလေ့လာခဲ့ခြင်း၊**

FIDH ကိုယ်စားလှယ် Ms. Mariana Pena က ဦးဆောင်၍ Milosevic's ပြစ်မှုအကြောင်းမှတ်တမ်းနှင့် ပတ်သက်၍ တင်ပြခဲ့ပြီး ပြစ်မှုနှင့် စပ်လျဉ်းသော သက်သေခံချက် များ၊ မြင်သက်သေများနှင့် ပြစ်မှုကျူးလွန်ခံရသူများဖက်မှ ပြစ်မှုကို အရေးယူရေး လုပ်ငန်းထဲ တွင် ပူးပေါင်းဆောင်ရွက်မှုများ၊ အမှန်တရားဖော်ထုတ်ခြင်းလုပ်ငန်းတွင် ထဲထဲဝင်ဝင် ပါဝင် ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။ Milosevic ၏ ပြစ်မှုအဓိကကျူးလွန်ရာနေရာမှာ မိမိ နိုင်ငံနယ်မြေအတွင်း၌ ကျူးလွန်ခဲ့သော ပြစ်မှုများဖြစ်သည်။ ယင်းပြစ်မှုများမှာ မုဒိမ်းမှုများ၊ လူသတ်မှုများ၊ ပျောက်ဆုံးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများအပြင် အခြားပြစ်မှုများလည်း ကျူး လွန်ထားခဲ့ပါသည်။

## ၅-၂။ တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ

ယူဂိုစလားဗီးယားနိုင်ငံ၊ နိုင်ငံတကာ သီးသန့်ပြစ်မှုဆိုင်ရာတရားရုံး Ad-hoc International Criminal Tribunal for Yugoslavia (ICTY) မှာ အလုပ်လုပ်နေသော ဆွီဒင်နိုင်ငံမှ ရှေ့နေတဦးဖြစ်သော Ms. Asa Rydberg van der Sluis သည် တကမ္ဘာလုံး ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ မိတ်ဆက်ခြင်းနှင့် အဓိကကျသော အခြေခံမှုများ တင်ပြခဲ့သည်။ တကမ္ဘာလုံးဆိုင်ရာ သမိုင်းကြောင်း၊ နိုင်ငံတကာနှင့် သက်ဆိုင်တဲ့ ဆိုးရွားသောပြစ်မှုများအပေါ် တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ ကျင့်သုံးမှု မူတရပ်၊ တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာအတွက် ပြဋ္ဌာန်းထားသည့် နိုင်ငံတကာသဘောတူစာချုပ်များအကြောင်း၊ တကမ္ဘာလုံး ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာအပေါ် အခြေခံ၍ တိုင်ကြားထားသော တိုင်တန်းချက်များအကြောင်း၊ လက်တွေ့ကျသော စဉ်းစားချက် ယူဆချက်များအကြောင်းနှင့် လက်ရှိ မြန်မာနိုင်ငံနယ်မြေအတွင်း၌ ဖြစ်ပွားခဲ့သည့်ပြင် ဆက်လက်၍ ဖြစ်ပွားနေဆဲဖြစ်သော နိုင်ငံတကာအသိအမှတ်ပြုတဲ့ ဆိုးရွားသော ပြစ်မှုများကို တကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ ယူဆချက်များနှင့် ချဉ်းကပ်၍ နှိုင်းယှဉ်တင်ပြခဲ့သည်။

## ၅-၃။ ICC တရားရုံးမှာ တိုးတက်မှုရှိသော ပြစ်မှုစစ်ဆေးမှုများ

ICC တရားရုံးမှ ကိုယ်စားလှယ်များက လက်ရှိတရားရုံးတွင် ကိုင်တွယ်စစ်ဆေးနေဆဲ ပြစ်မှုများ၏ တိုးတက်မှုအကြောင်း ဆွေးနွေးခဲ့သည်။ နိုင်ငံတကာအဆင့်မှီ ဆိုးရွားသော ပြစ်မှုများကို ICC တရားရုံးတွင် ကိုင်တွယ်စစ်ဆေးနေသည်မှာ (၄) နိုင်ငံရှိပါသည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေ The Rome Statute of the International Criminal Court ၏ စီရင်ပိုင်အာဏာအောက်၌ ကျရောက်သော ပြစ်မှုဖြစ်ပွားခဲ့သော လေးနိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံဖြစ်၍ ကျန်တနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ဆုံးဖြတ်ပြီး အဆိုပါနိုင်ငံအတွင်း၌ ဖြစ်ပွားခဲ့သော ပြစ်မှုများကို ဖော်ထုတ်အရေးယူနိုင်ရန် ICC တရားရုံးထံသို့ လွှဲအပ်ပေးခဲ့ခြင်းဖြစ်သည်။

ICC တရားရုံး၌ စစ်ဆေးနေသော အဖွဲ့ဝင်သုံးနိုင်ငံသည် (၁) ကွန်ဂို ဒီမိုကရက်တစ် သမတနိုင်ငံ Democratic Republic of Congo ( DRC )၊ (၂) အလယ်ဗဟို အာဖရိက သမတနိုင်ငံ Central African Republic (CAR)၊ (၃) ယူဂန်ဒါနိုင်ငံ မြောက်ပိုင်း Northern Uganda တို့ဖြစ်ကြသည်။ ဤသုံးနိုင်ငံ၏ နယ်မြေအတွင်း၌ ဆိုးရွားသော ပြစ်မှုတွေကို ဖော်ထုတ်ပြီး၊ ရောမပြဋ္ဌာန်းဥပဒေ Rome Statute နဲ့ အညီ အရေးယူရန်အတွက် ICC တရားရုံးထံ၌ တိုက်ရိုက်လွှဲအပ်ပေးနိုင်ခဲ့သည်။ ဆူဒန်နိုင်ငံ ဒါဖာ ဒေသအတွင်း၌ ဆိုးရွားတဲ့ ပြစ်မှုတွေကို အရေးယူဖို့ရန် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ပြီး ICC တရားရုံးထံသို့ လွှဲအပ်ပေးခဲ့သည်။ ဆူဒန်သည် ICC တရားရုံး၏ အဖွဲ့ဝင်မဟုတ်သောကြောင့် တိုက်ရိုက်အားဖြင့် လွှဲအပ်ပေးလို့မရပါ။ ထို့ကြောင့် ရောမပြဋ္ဌာန်းဥပဒေ၏ အပိုဒ် ၁၃ (ခ) အရ ကုလသမဂ္ဂ မှတဆင့် ဆုံးဖြတ်ပြီး ICC တရားရုံးထံသို့ လွှဲအပ်ပေးခဲ့သည်။

ယူဂန်ဒါ နိုင်ငံသည် ဖြစ်ခဲ့သောပြစ်မှုတွေကို အရေးယူရန်အတွက် ၂၀၀၃ ခုနှစ်တွင် ICC တရားရုံးလက်ထဲသို့ လွှဲအပ်ပေးခဲ့ပြီး၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ (၅)ယောက်ကို ဖမ်းဆီးမိန့် (Arrest warrant) ထုတ်ထားခဲ့သည်။ ပြစ်မှုကျူးလွန်သူ (၂)ဦး သေဆုံးခဲ့သည်။ ကျန်ရှိသော (၃) ဦးမှာ တရားခံပြေးသူများဖြစ်သည်။ ကွန်ဂိုနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မတ်လတွင် ICC တရားရုံးထံ လွှဲအပ်ပေးခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဇွန်လမှ စုံစမ်းစစ်ဆေးမှု စတင်ခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူ (၄) ယောက်ကို ဖမ်းဆီးမိန့် ထုတ်ခဲ့သည်။ ၂၀၀၆၊ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တို့တွင် (၄) ယောက်ကို တရားရုံးတော်သို့ တင်ပို့နိုင်ခဲ့ပြီး တရားစွဲဆိုရန်အတွက် စွဲချက်များကိုလည်း တရားရုံးက အတည်ပြုလက်ခံခဲ့သည်။ စွဲချက်တင်ထားသော ပြစ်မှုကျူးလွန်သူ (၃) ဦးကို ၂၀၀၉ ခုနှစ်တွင် တရားခွင် ကြားနာမှုများ စတင်ခဲ့သည်။ ကျန်ရှိသော တဦးအား တရားခံပြေးအဖြစ် သတ်မှတ်ထားသည်။ အလယ်ဗဟို အာဖရိကနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ICC တရားရုံးလက်ထဲ၌ စတင်လွှဲအပ်ပေးခဲ့ပြီး မေလမှ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့သည်။ ပြစ်မှုကျူးလွန် (၁) ဦးကို ဖမ်းဆီးဝရမ်းထုတ်နိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လမှာ တရားရုံးတော်သို့ တင်ပို့နိုင်ခဲ့ပြီးသော်လည်း စွဲချက်တင်ထားခြင်း မရှိသေးပါ။ လက်ရှိ ICC တရားရုံး၏ အချုပ်စခန်းတွင် ချုပ်နှောင်ထားခဲ့သည်။ ဆူဒန်နိုင်ငံအမှုအား ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် ကုလသမဂ္ဂမှ ဆုံးဖြတ်ပြီး ICC တရားရုံးတော်သို့ လွှဲအပ်ပေးခဲ့သည်။ ပြစ်မှုကျူးလွန်သူ (၄) ဦးကို ဖမ်းဆီးမိန့်ထုတ်ခဲ့သော်လည်း ဆူဒန်နိုင်ငံ သမတတဦးကိုပဲ တရားရုံးတော်သို့ တင်ပို့နိုင်ခဲ့သည်။ ကျန် (၃) ဦးက တရားခံပြေးဖြစ်ပြီး၊ လက်ရှိတရားရုံးတွင် ပြစ်မှုကျူးလွန်သူ (၅) ဦးမှာမှု အမှုရင်ဆိုင်နေဆဲဖြစ်သည်။

## ၅-၄။ ICC တရားရုံးအတွက် ညွန့်ပေါင်းအဖွဲ့အကြောင်း မိတ်ဆက်ခြင်း၊

Coalition for the International Criminal Court (CICC) လို့ခေါ်တဲ့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအတွက် ညွန့်ပေါင်းအဖွဲ့၏ လုပ်ငန်းအကြောင်းကို Isabelle Olma က တင်ပြခဲ့သည်။ ယင်းအဖွဲ့အား နိုင်ငံတကာဆိုင်ရာ အစိုးရမဟုတ်သော အသင်းအဖွဲ့ International Non-governmental Organizations (NGOs) တွေအပေါ် အခြေခံ၍ ဖွဲ့စည်းထားခဲ့သည်။ တကမ္ဘာလုံးပါဝင်နေသော အသင်းအဖွဲ့ဝင်များ စုစုပေါင်း (၂၅၀၀) ရှိသည်။ ၎င်းအဖွဲ့၏ အခြေခံရည်ရွယ်ချက်မှာ (၁) ICC တရားရုံးသည် လွတ်လပ်သော တရားရုံးတရပ်၊ ထိရောက်သော တရားရုံးတရပ်၊ တရားမျှတမှုအတွက် အထောက်အပံ့ပေးနိုင်သော တရားရုံးတရပ်ဖြစ်လာအောင် စည်းရုံးလှုပ်ရှားသွားခြင်း၊ ယင်းအဖွဲ့၏ အဖွဲ့ဝင်များ လုပ်ဆောင်မည့် လုပ်ငန်းများမှာ ICC တရားရုံးနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းပါဝင်မှုများ အားကောင်းလာအောင် မိတ်ဖက်အနေဖြင့် ပူးပေါင်းသွားရန်၊ လွတ်လပ်၍ ထိရောက်ပြီး မျှတသော တရားရုံးတရပ်ဖြစ်စေရန်၊ တကမ္ဘာလုံးအတွက် မြင်သာ ထင်သာသည့် တရားမျှတမှု ရှာဖွေပေးရန်၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူသားဖြစ်မှု ဆန့်ကျင်ကျူးလွန်သောပြစ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် ယင်းပြစ်မှုများအပေါ် ကျူးလွန်ခံရသူများဖက်မှ တရားမျှတမှုရရှိစေရန် နိုင်ငံ (ပြည်တွင်း) ဥပဒေတွေကို အားကောင်းချက်များရှိလာအောင် မြှင့်တင်ပေးသွားရန်နှင့် အခြားအခြေခံလုပ်ငန်းများလည်း ချမှတ်ထားပါသည်။ ထို့ပြင် ICC တရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေသည် ၂၀၀၂

ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှစ၍ ၂၀၀၉ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံစုစုပေါင်း (၁၁၀) နိုင်ငံ ရှိကြောင်း တင်ပြဆွေးနွေးသွားခဲ့သည်။

## ၅-၅။ ICC တရားရုံး၏ အဓိကကျသော တရားစွဲဆိုအရာရှိ ဌာန

တရားစွဲဆိုအရာရှိ ဌာန၏ ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကို Mr. Claus Molitor က ဆွေးနွေးတင်ပြခဲ့သည်။ ယင်းဌာနကို ဌာနခွဲ (၃) ခုဖြင့် ထပ်မံ၍ ဖွဲ့ထားပြီး၊ ဌာနနှင့် ဌာနခွဲတို့ကို တရားစွဲဆို အရာရှိတဦးကနေ ဦးဆောင်သွားသည်။ တရားစွဲဆို အရာရှိဌာနအား ICC တရားရုံး၏ ထိန်းချုပ်မှုအောက်မှ ကင်းမဲ့စေမည့်အပြင် အခြားမည်သည့်အဖွဲ့အစည်းကမျှ လွှမ်းမိုးမှုမရှိဘဲ လွတ်လပ်သော ဌာနတခုဖြစ်သည်။ တရားစွဲဆိုအရာရှိဌာနလက်ထဲမှာ လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာများကိုလည်း အပ်နှင်း ထားသည်။

တရားစွဲဆိုအရာရှိ ဌာနတွင်လည်း အဓိက ဌာနခွဲ (၃) ခုဖြင့် ထပ်မံ ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ (၁) စုံစမ်းစစ်ဆေးမှုဌာနခွဲ၊ (၂) တရားစွဲဆိုခြင်းဌာနခွဲ၊ (၃) စီရင်ပိုင်ခွင့်အာဏာ (သို့) နိုင်ငံတနိုင်ငံ၏ ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာနှင့် လိုက်ဖက်အောင် ညှိနှိုင်းခြင်း (သို့) ပူးပေါင်းဆောင်ရွက်ခြင်းဌာနခွဲ တို့ဖြစ်သည်။ တရားစွဲဆို အရာရှိသည် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နိုင်မည့်နည်းလမ်း (၃) မျိုးရှိသည်။ ၎င်းတို့မှာ (၁) ICC တရားရုံး၏ အဖွဲ့ဝင်နိုင်ငံမှ လွှဲအပ်ပေးခြင်း၊ (၂) ကုလသမဂ္ဂလုံခြုံရေးအဖွဲ့မှ လွှဲအပ်ပေးခြင်း၊ (၃) သက်ဆိုင်ရာ NGOs အဖွဲ့များ (သို့) တဦးချင်းစီမှ ဆက်သွယ်ပေးပို့လာသော အချက်အလက်များအပေါ် အခြေခံ၍ စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်နိုင်သည်။

ထို့ပြင် အထက်ပါ နည်းလမ်း (၃) ခုထဲမှာ (၁) အဖွဲ့ဝင်နိုင်ငံမှ လွှဲအပ်ပေးခြင်းနှင့် (၂) ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ လွှဲအပ်ပေးခြင်းတို့အပေါ်မှာ တရားစွဲဆိုအရာရှိက စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်နိုင်မည်။ ထို့နောက် အချက် (၃) သည် တရားစွဲဆိုအရာရှိက စုံစမ်းစစ်ဆေးမှု စတင်ရန် အခြေခံမှု (၃)ရပ် ရှိနေကြောင်း၊ ယင်းတို့မှာ (၁) ထိုပြစ်မှုအပေါ် ICC တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ ရှိ မရှိ၊ (၂) လက်ခံခွင့်ပြုနိုင်သည့် အနေအထား ရှိ မရှိ၊ (၃) တရားမျှတမှုအတွက် အကျိုးအမြတ် ရှိ မရှိ စသည့်အချက်များအပေါ်အခြေခံ၍ သက်ဆိုင်ရာအဖွဲ့များမှ ဆက်သွယ်ပေးပို့သော အချက်အလက်များအပေါ် မူတည်ပြီး တရားစွဲဆိုအရာရှိက **တရားခွင်အကြို စစ်ဆေးရေးအဖွဲ့ Pre-Trial Chamber** ထံသို့ လုပ်ပိုင်ခွင့်အာဏာ တောင်းဆိုနိုင်သည်။ ထိုမှတဆင့် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ပါသည်။

## ၅-၆။ ICC တရားရုံးမှာ လိုအပ်သော ပြစ်မှုကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများအခန်းကဏ္ဍ၊

ရောမပြဋ္ဌာန်းဥပဒေ Rome Statute သည် တရားရုံးမှာ ပြစ်မှုကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ ပူးပေါင်းဆောင်ရွက်သော အခန်းကဏ္ဍအတွက် ယင်းဥပဒေ၏ ပြဋ္ဌာန်းချက်ထဲမှာ ချမှတ်ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေမှ ပြဋ္ဌာန်းထားသော ပြစ်မှုကျူးလွန်ခံရသူများ

နှင့် မျက်မြင်သက်သေများ၏ အခန်းကဏ္ဍဟာ အခြေခံမှုများရှိကြသည်။ ၎င်းတို့အား ပြစ်မှုကျူးလွန်ခံရသူများအတွက်ရော မျက်မြင်သက်သေများအတွက်ပါ အခြေခံမှုများအား (၁) ပူးပေါင်းပါဝင်ခြင်း၊ (၂) ကာကွယ်ပေးခြင်း၊ (၃) အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသော ယန္တယားများ၊ (၄) ထောက်ပံ့မှုများ၊ (၅) ပြင်ဆင်မှုများ၊ (၆) ပြစ်မှုကျူးလွန်ခံရသူများအတွက် ဘဏ္ဍာငွေထိန်းသိမ်းရေးအဖွဲ့၊ (၇) လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုများ၏ သက်သေခံချက်တွေကို နည်းစနစ်ကျကျ ထိန်းသိမ်းကာကွယ်ပေးခြင်း၊ (၈) အထူးလုပ်ငန်းဆောင်တာများ အပါအဝင် ရောမပြဋ္ဌာန်းဥပဒေအရ ၎င်းအခြေခံမှုတွေကို ပြဋ္ဌာန်းထားသည်။

## ၆။ မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားနေသောပြစ်မှုများကို တရားရုံးထံသို့ တင်ပို့နိုင်ရန် စည်းရုံးလှုပ်ရှားမှု၊

ဒီဟိတ်(ဒ်) ခရီးစဉ်တွင် ပါဝင်တက်ရောက်လာသော မြန်မာနိုင်ငံမှ လူ့အခွင့်အရေးအဖွဲ့များနှင့် ဥပဒေရေးရာ အဖွဲ့တို့သည် ဒီဟိတ်(ဒ်) မြို့ရှိ ဒတ်ချ် နိုင်ငံခြားရေးရာဌာန၏ အရာရှိများနှင့် ပြင်သစ်သံရုံး၊ ဆွီဒင်သံရုံး၊ ဖင်လန်သံရုံး ၎င်းသံရုံးများ၏ အရာရှိများနှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် ဒီဟိတ်(ဒ်) မြို့မှာ အခြေစိုက်သော ICC တရားရုံး၏ သက်ဆိုင်ရာ ဌာနအသီးသီးနဲ့လည်း တွေ့ဆုံခဲ့သည်။ လိုက်ဗေးရီးနိုင်ငံ၏ သမတဟောင်း Charles Ghankay Taylor သည် စီးရာလီယွန် အထူးတရားရုံး Special Court for Sera Leon မှာ တရားစွဲဆိုခံရပြီး ယင်းတရားခွင် ကြားနာစစ်ဆေးမှုများကိုလည်း ပါဝင်နားထောင်ခဲ့သည်။

ဒတ်ချ် နိုင်ငံခြားရေးရာအရာရှိများ၊ အခြားသံရုံးအရာရှိများနှင့် တွေ့ဆုံကြသည့်အခါ မြန်မာနိုင်ငံ နအဖ စစ်အစိုးရမှ ၂၀၀၈ ခုနှစ်က အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းနှင့် လက်ရှိမြန်မာနိုင်ငံအရှေ့ဖက်ခြမ်း ဒေသအတွင်း၌ ဖြစ်ပွားနေသော ဆိုးရွားလွန်သော ပြစ်မှုများကို ချဉ်းကပ်၍ တင်ပြဆွေးနွေးခဲ့သည်။ နအဖ စစ်အစိုးရ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်၏ အဓိကကျသောပြဋ္ဌာန်းချက်များကို တင်ပြဆွေးနွေးခဲ့သည်။ အုပ်ချုပ်မှုအခန်းကဏ္ဍ၊ နိုင်ငံတော်လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍ၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁၄)၊ ပုဒ်မ (၄၄၅) ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ နအဖ စစ်အစိုးရက ကျူးလွန်ထားခဲ့သော ပြစ်မှုတွေကို အရေးယူမှုမပြုရအောင် ကင်းလွတ်ခွင့်ပေးထားသော ပြဋ္ဌာန်းချက်ဖြစ်နေသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးသပ်ပြုပြင်မှု မလုပ်ပဲ ရွေးကောက်ပွဲကျင်းပလျင် နောက်ထပ်ပြဿနာများနှင့် ပြစ်မှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ကနေ ဦးဆောင်တင်ပြသွားသည်။ မြန်မာနိုင်ငံအတွင်း၌ အမျိုးသမီးဘဝ အခြေအနေနှင့် ပတ်သက်၍ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး လွယ်အေးနန်းက ဆွေးနွေးသွားသည်။ နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည် ကို တရားစွဲဆိုမှုအခြေအနေ၊ ၁၉၉၀ ခုနှစ် အနိုင်ရရှိသော ကိုယ်စားလှယ်တွေအပေါ် မတရားဖိနှိပ်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ဥက္ကဋ္ဌ ဦးသိန်းဦး က ရှင်းပြသွားသည်။

မြန်မာနိုင်ငံအတွင်း၌ ဆိုးရွားသောပြစ်မှုများကို ဖော်ထုတ်အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် ဖြစ်ပေါ်လာအောင် ဥရောပသမဂ္ဂပါလီမန်အစည်းအဝေးမှာ ဆွေးနွေးမှုများ ပိုမိုရှိလာအောင်၊ ထိုမှတဆင့် ကုလသမဂ္ဂလုံခြုံရေး အစည်းအဝေးထဲမှာ ဆွေးနွေးမှုများ ပို၍ရှိလာအောင် ဖိအားပေးသွားဖို့ FIDH၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် လူ့အခွင့်အရေးမှတ်တမ်း ကွန်ယက် (မြန်မာနိုင်ငံ) အဖွဲ့တို့မှ ဒတ်ချ်နိုင်ငံခြားရေးရာ အရာရှိများနှင့် အခြားသံရုံးအရာရှိတို့အပေါ် တောင်းဆိုခဲ့သည်။

## ၇။ ခရီးစဉ် အကျိုးသက်ရောက်မှုများနှင့် နိဂုံးချုပ်

ဤစာတမ်းတင်ပြရခြင်း ရည်ရွယ်ချက်သည် နိုင်ငံတကာအဝန်းအဝိုင်းမှာ မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ဆိုးရွားတဲ့ပြစ်မှုများကို ICC တရားရုံးထံသို့ တင်ပို့နိုင်အောင် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ စွမ်းဆောင်မှုမြှင့်တင်ပေးသွားရန်လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအတွက် ကင်းလွတ်ခွင့်ပြုခြင်းအား အဆုံးသတ်သွားရန်အတွက် အဆိုပါပြစ်မှုတွေကို ဖော်ထုတ်အရေးယူရန် လုံးဝ လိုအပ်နေကြောင်း ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ဆိုးရွားသောပြစ်မှုများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်အောင် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် ဖြစ်ပေါ်ပေါက်လာစေရေးအတွက် FIDH နှင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီတို့မှ ထုတ်ပြန်ထားသော အစီရင်ခံစာကို ဥရောပသမဂ္ဂအဖွဲ့၏ ပါလီမန်ဆွေးနွေးမှု ပို၍တိုးတက်လာစေပြီး ထိုမှတဆင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစည်းအဝေးမှာရော ဆွေးနွေးမှုများ ပိုမိုတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အရာရှိများက ပြောဆိုသွားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း၌ ကြီးလေးသောပြစ်မှုများကို ကင်းလွတ်ခွင့် အဆုံးသတ်သွားရန် ရည်ရွယ်၍ အနာဂတ်မြန်မာနိုင်ငံသည် တရားဥပဒေစိုးမိုးရေး အခြေခံကနေ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဒီမိုကရေစီအသွင်ကူပြောင်းရေးနှင့် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို အောင်မြင်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။

# မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ

## ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ်များ ပြုလုပ်ပေးရေးအပေါ် ဆွေးနွေးသုံးသပ်ခြင်း

ဥပဒေအထောက်အကူပြုဌာန

ဒီတပါတ် ရွှေ့ပြောင်း မြန်မာအလုပ်သမားအရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို တရားဝင်နိုင်ငံကူးလက်မှတ်များ ပြုလုပ်ပေးရေးအပေါ်မှာ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဆွေးနွေးသုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။ ဒီနိုင်ငံကူးလက်မှတ်တွေကို ဘာရည်ရွယ်ချက်နဲ့ ထုတ်ပေးတာလဲ၊ အလုပ်သမားတွေအတွက် ဘယ်လို ကောင်းကျိုး ဆိုးကျိုးတွေ ဖြစ်လာမလဲဆိုတာကို ဥပဒေရှုထောင့်ကနေ ဆွေးနွေးသုံးသပ်သွားမှာဖြစ်ပါတယ်။

### ယာယီနိုင်ငံကူး လက်မှတ်တွေကို လုပ်ကိုင်ဆောင်ရွက်ပေးရခြင်းရဲ့ ရည်ရွယ်ချက်

ယာယီနိုင်ငံကူးလက်မှတ်တွေ ပြုလုပ်ပေးရခြင်းရဲ့ ရည်ရွယ်ချက်ကို ပြောရရင် အဓိကအားဖြင့် အခြေခံအလုပ်သမား အခွင့်အရေးများရရှိရန် ဖြစ်ပြီးတော့ လူကုန်ကူးခြင်းအပါဝင် တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်းတို့ကို ကာကွယ်တားဆီးရန် ဆိုပြီးတော့ အဓိကရည်ရွယ်လုပ်ဆောင်တာ ဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းအစိုးရအပိုင်းမှာရော မြန်မာအစိုးရအပိုင်းမှာပါ နောက်ကွယ်က ရည်ရွယ်ချက်ကိုယ်စီ ရှိနေတယ်လို့ ယူဆလို့ရပါတယ်။ ထိုင်းအစိုးရအပိုင်းကို ပြောရရင် ၂၀၀၄ ခုနှစ်နောက်ပိုင်းမှာ ပိုမိုပြီးတော့ တရားမဝင် ဝင်ရောက်လာတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားဦးရေဟာ ဒီနေ့ထိဆိုရင် ထိုင်းနိုင်ငံအတွင်းမှာ (၂) သန်းကျော် ရှိနေပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံအတွင်းမှာ အလုပ်သမားဦးရေ ဖောင်းပွမှုကို စီစဉ်နိုင်ဖို့၊ ထိုင်းနိုင်ငံအတွင်းမှာ တရားမဝင်အလုပ်သမား မရှိဘူးဆိုတာကို ကမ္ဘာကိုသိအောင် ချပြဖို့ အခုလို လက်မှတ်အသစ်တွေ၊ ယာယီနိုင်ငံကူးလက်မှတ်တွေ လုပ်ပေးခြင်းအားဖြင့် ထိုင်းအစိုးရအနေနဲ့ ဝင်ငွေလည်းရ မြန်မာစစ်အစိုးရရဲ့ ဖိအားအပေါ်လည်း အကောင်းဆုံးနည်းနဲ့ ဖြေရှင်းရာလည်း ရောက်ပါတယ်။ အဲဒီလို ရည်ရွယ်ချက်တွေနဲ့ အကောင်ထည်ဖော် ဆောင်ရွက်တာဖြစ်နိုင်တယ်လို့ သုံးသပ်လို့ရပါတယ်။

မြန်မာစစ်အစိုးရအပိုင်းကို ပြောရရင် လာမည့် ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်ဖို့ ရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်တုန်းကလည်း နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေဘေးဒဏ်ကြောင့် ပြည်သူလူထု သွက်သွက်ခါအောင် ဒုက္ခရောက်နေတဲ့ကြားကပဲ နအဖက မသမာတဲ့နည်းလမ်းနဲ့ အတည်ပြုခဲ့ပါတယ် အဲဒီတုန်းက ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ဆန္ဒတွေကိုလည်း လုစ်လျူရှု မျက်ကွယ်ပြုခဲ့ပါတယ် ဒီအတွက်လည်း နိုင်ငံတကာရဲ့ ပြစ်တင်ရှုတ်ချဝေဖန်မှုကိုလည်း နအဖ ခံခဲ့ရပါတယ်။ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံတကာရဲ့ ဖိအားတွေကို ရှောင်ရှားနိုင်ဖို့အတွက် ထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ပါဝင်ပတ်သက်မှုကို ရယူလိမ့်မယ်လို့ တွက်ဆလို့ရပါတယ် ဒီအတွက် ထိုင်းအစိုးရနဲ့ နှစ်နိုင်ငံညှိနှိုင်းပြီး

ယာယီနိုင်ငံကူးလက်မှတ်တွေ ပြုလုပ်ပေးမယ်ဆိုပြီးတော့ နိုင်ငံရေးအရ တနည်းတဖုံနဲ့ ထိုင်းအစိုးရကို ဖိအားပေးတယ်လို့ ယူဆရပါတယ်။

ဆိုလိုချင်တာက မြန်မာစစ်အစိုးရရဲ့ အဓိက ရည်ရွယ်ချက်ဟာ ၂၀၁၀ မှာပြုလုပ်မည့် ရွေးကောက်ပွဲနဲ့ ဆက်စပ်ပြီး ထိုင်းနိုင်ငံအတွင်းမှာ ရွှေ့ပြောင်းအလုပ်သမား အရေအတွက် ဘယ်လောက်ထိရှိနေသလဲ အဲဒီအရေတွက်ပေါ်မှာ မူတည်ပြီး ရွေးကောက်ပွဲအတွက် အသုံးချသွားမှာ ဖြစ်တယ်လို့သုံးသပ်မိပါတယ်။

### ယာယီနိုင်ငံကူးလက်မှတ်နှင့် အလုပ်သမားအခွင့်ရေး

အလုပ်သမားတွေအနေနဲ့ မြန်မာဘက်က ပြုလုပ်ပေးတဲ့ တရားဝင်ယာယီ နိုင်ငံကူးလက်မှတ်နှင့် ထိုင်းဘက်က ပြုလုပ်ပေးတဲ့ ဗီဇာကို ပြုလုပ်ပြီး လက်တွေ့မှာ ထိုအလုပ်သမားတွေအတွက် ဘာတွေများ ခံစားခွင့်တွေရမလဲဆိုတာ ကြည့်ဖို့လိုပါလိမ့်မယ်။ ယာယီနိုင်ငံကူးလက်မှတ်နှင့် ဗီဇာကို ကိုင်ဆောင်ထားရုံနဲ့တော့ ရပိုင်ခွင့်ရှိတဲ့ အခြေခံအခွင့်ရေးတွေ အပြည့်အဝရပြီးလို့ ပြောလို့မရသေးပါဘူး။ ပြောချင်တာကတော့ ထိုင်းဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လုပ်အားခသတ်မှတ်ချက်၊ အလုပ်ချိန်၊ အနားယူချိန်သတ်မှတ်ချက်၊ ခွင့်သတ်မှတ်ချက် အချိန်ပိုကြေးသတ်မှတ်ချက်၊ လိုက်နာဆောင်ရွက်ရမည့် အလုပ်ရုံစည်းကမ်း အစရှိတဲ့ အချက်တွေကို သိရှိထားရမည့်အပြင် တစ်စုံတစ်ရာ အခွင့်အရေး ချိုးဖောက်ခံရပြီးဆိုရင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်သင့်သလဲဆိုတဲ့ နည်းလမ်းတွေကိုလည်း နားလည်ထားဖို့လိုပါတယ်။ ဒါဆိုရင် အခြေခံအခွင့်အရေးတွေ ရမှာလားလို့ မေးကောင်း မေးနိုင်ပါတယ် ဒီလိုမေးရင်တော့ မလုံလောက်သေးပါဘူးလို့ ဖြေရမှာပါ အလုပ်သမားတွေရဲ့ ခံစားပိုင်ခွင့် ပြဋ္ဌာန်းချက်တွေအပေါ်မှာ ထိုင်းလုပ်ငန်းရှင်တွေရော ဆိုင်ရာ အာဏာပိုင်တွေကပါ လေးစားလိုက်နာပြီး ပူးပေါင်းဆောင် ရွက်မှသာလျှင် ပြည့်ပြည့်ဝဝ ရနိုင်ပါလိမ့်မယ်။

### ယာယီနိုင်ငံကူးလက်မှတ်လုပ်တဲ့နေရာမှာ ဖမ်းဆီးမှုရှိမရှိ

နိုင်ငံကူးလက်မှတ်ကို သွားလုပ်တဲ့ အလုပ်သမားတွေကို ဖမ်းဆီးတာတွေရှိနေတယ်လို့ ကြားရပါတယ်။ အလုပ်သမားတွေကြားမှာ ဒီလိုစိုးရိမ်မှုတွေ ကြောက်ရွံ့မှုတွေဟာ ဖြစ်တတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာမှာ ကြောက်ရွံ့မှုတွေ ဖြစ်နေအောင် ရည်ရွယ်ချက်ရှိရှိနှင့် ဖိနှိပ်အုပ်ချုပ်ထားတဲ့ မြန်မာစစ်အစိုးရကြောင့်လို့ ပြောလို့ရနိုင်ပါတယ်။ ဒါကြောင့် မြန်မာစစ်အစိုးရကို ယုံကြည်မှုမရှိဘူးဆိုတာကို အလုပ်သမားတွေက ပြသနေပါတယ်။

ဖမ်းဆီးမှုတွေရှိ မရှိဆိုတာကိုတော့ ဘယ်သူမှ အတိအကျ ပြောလို့မရပါဘူး၊ မြန်မာအာဏာပိုင်တွေ ကိုယ်တိုင်ဘဲ သိမှာဖြစ်ပါတယ်။ ပွဲစားလုပ်တဲ့သူတွေကလည်း သတင်းလွှင့်တာ ဖြစ်နိုင်ပါတယ်။ ဘယ်လိုဘဲဖြစ်ပါစေ ယာယီနိုင်ငံကူးလက်မှတ် လုပ်မည့်အစီအစဉ်ဟာ လုံခြုံစိတ်ချရတဲ့ အစီအစဉ်ဖြစ်တယ်လို့ ထိုင်းမှာရှိတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေအားလုံးက အာမခံချက် မပေးနိုင်ပါဘူး။ ကာယကံရှင် အလုပ်သမားတွေကိုယ်တိုင် ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ (၉) လပိုင်း ၂၀ ရက်ဝန်းကျင်မှာ မြဝတီဘက်က ဗိုလ်မှူး အုန်းကျော် ဆိုသူ မဲဆောက်ကိုရောက်လာပြီး ဘန်ကောက်တက်မည့် အလုပ်သမားတွေကို နိုင်ငံကူးလက်မှတ်လုပ်ဖို့နဲ့ အဖမ်းအဆီးမရှိကြောင်း အာမခံပြီး ပြောဆိုသွားခဲ့ပါတယ်။ အောက်တိုဘာလ (၁၁) ရက် (၁၂) ရက်တုန်းက မြန်မာနှစ်နိုင်ငံ အစည်းအဝေးဖြစ်တဲ့ အလုပ်သမားလက်မှတ် အစီစဉ်သစ် ကိစ္စတုန်းကလည်း မြန်မာနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်ကလည်း မဖမ်းပါဘူး။ ဖမ်းတယ်ဆိုတာ မဟုတ်ရပါဘူး၊ မလုပ်ပါဘူးဆိုပြီး အာမခံ ပြောဆိုသွားတာရှိပါတယ်။ ယာယီနိုင်ငံကူးလက်မှတ်လာလုပ်တဲ့ အလုပ်သမားအရေတွက်မှာ ၂၁၀၀ ရှိတယ်လို့ အင်တာနက် စာမျက်နှာ တချို့မှာ ဖတ်ရှုရပါတယ်။ အဲ့ဒီ အလုပ်သမားတွေဟာ အများစုကတော့ ဘန်ကောက်က လာလုပ်ကြသူတွေ ဖြစ်ပါတယ်။

## ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပြီးနောက် ကောင်းကျိုး၊ ဆိုးကျိုး ဘယ်လိုရှိလာနိုင်

ယာယီနိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာ ပြုလုပ်ပြီး အလုပ်သမားတွေအနေနဲ့ ဘယ်လို ကောင်းကျိုးတွေ ရှိလာနိုင်သလဲဆိုရင် (၁) ထိုင်းနိုင်ငံတစ်နိုင်ငံလုံး ဘယ်လိုနေရာဒေသမဆို သွားလာနိုင်ပါတယ်၊ (၂) အမှုအခင်း တစ်စုံတစ်ရာ ရှိလာမယ်ဆိုရင် ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တွေ ပိုမိုရရှိလာနိုင်မှာ ဖြစ်ပါတယ်၊ (၃) တရားဝင်း အထောက်ထားတစ်ခု ရလာမှာဖြစ်တဲ့တွက် စိတ်အေးချမ်းစွာနဲ့ အလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကတော့ ကောင်းတဲ့အပိုင်းပါ။

ဆိုးကျိုးအပိုင်းက ဘာလဲဆိုတော့ အလုပ်သမားအများစုမှာ ယာယီနိုင်ငံကူးလက်မှတ်လုပ်ဖို့ ကုန်ကျစရိတ်ကို ဘယ်လိုမှ ပေးနိုင်မှာမဟုတ်ပါဘူး။ အလုပ်ရှင်တွေရဲ့ စိုက်ထုတ်ပေးတဲ့ ငွေကြေးနဲ့ လာရောက်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီအတွက် လက်မှတ်ရပြီးသည့်တိုင်အောင် အလုပ်ရှင်တွေက နိုင်ငံကူးလက်မှတ်ကို ထိန်းသိမ်းထားဦးမှာဖြစ်တဲ့တွက် လွှပ်လပ်မှုတွေ၊ အကျိုးခံစားမှုတွေက ဆက်လက်ပြီး ရှိနေဦးမှာဖြစ်ပါတယ်။

နောက်တစ်ချက်က အလုပ်သမားလက်မှတ် သက်တမ်းတိုးထားတာ မကြာသေးပါဘူး အဲဒီအတွက်လည်း အကြွေးတောင် ဆပ်လို့အကြေသေးပါဘူး အခုတခါ နောက်ဆက်တွဲအနေနဲ့ ယာယီနိုင်ငံကူးလက်မှတ်အတွက်ပါ ထပ်ပြီးကုန်ကျရဦးမယ်ဆိုတော့ အလုပ်သမားတွေအတွက် ငွေကုန်ကျေးကျ အရမ်းကိုများနေပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မတတ်နိုင်ကြတော့ပါဘူး။ လက်ရှိလုပ်အားခငွေနဲ့ ကုန်ကျစားရိတ် မလောက်ငှတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပိုပြီးဆိုးသွားတာက အလုပ်သမားတွေအနေနဲ့ ကိုယ်ရေးအချက်လက်နဲ့ နေရပ်လိပ်စာတွေကို အတိအကျ ပေးထားကြရတဲ့အတွက် မြန်မာပြည်မှာရှိနေတဲ့ မိဘဆွေးမျိုးတွေဆီမှာ မြန်မာအာဏာပိုင်တွေက ငွေကြေးတောင်းခံမှုတွေ တစုံတရာအတွက် ခြိမ်းခြောက် အကျပ်ကိုင်မှုမျိုးတွေ ရှိမလားနိုင်ဘူးလို့ ဘယ်သူကမှ အာမ မခံနိုင်ပါဘူး။

## လုပ်ငန်းစဉ်အောင်မြင်မှုရှိမရှိ

နှစ်နိုင်ငံပူးပေါင်းပြီး တရားဝင် ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရေး အစီစဉ်ကို ၂၀၀၆ ခုနှစ်တုန်းကလည်း တစ်ခါလုပ်ပေးပါတယ်။ ယခုလည်း ဘယ်လိုဘဲ ဖိအားတွေပေးပေး အောင်မြင်နိုင်တဲ့အလားလာ မရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်အချက်က ငွေကြေးကုန်ကျစ

ရိတ်ကို အလုပ်သမားတွေ မတတ်နိုင်ကြဘူး။ နှစ်အချက်က နိုင်ငံကူးလက်မှတ် ထုတ်ပေးရေး စခန်းကို (၃) နေရာသာထားရှိခြင်းနဲ့ ထိုင်းအစိုးရက ၂၀၁၀ ဖေဖော်ဝါရီလ အထိသာ အချိန် သတ်မှတ်ထားခြင်းကိစ္စပါ။ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းကို (၃) နေရာသာ ထားရှိ ထားတဲ့အတွက် နိုင်ငံသားဖြစ်ကြောင်း စိစစ်လုပ်ဆောင်ရမည့် အချက်လက်အရဖြစ်စေ၊ အချိန် ရဖြစ်စေ နေ့တိုင်း အစွမ်းကုန် ဆောင်ရွက်ပေးသည့်တိုင်အောင် တစ်ရက်ကို လူဦးရေ ၁၀၀ ဝန်းကျင်လောက်ပဲ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ အချိန်အားဖြင့်လည်း (၅) လသာရှိတဲ့ ကာလအတွင်းမှာ အလုပ်သမား(၂) သန်းကျော်ကို နိုင်ငံကူးလက်မှတ် လုပ်ပေးဖို့ဆိုတာ ဘယ်လို နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

သုံးအချက်ကိုပြောရရင် ထိုင်းအလုပ်ရှင်တွေအနေနဲ့ သူတို့ရဲ့ အလုပ်သမားတွေကို နိုင်ငံကူးလက်မှတ်လုပ်ပေးဖို့ ဆန္ဒမရှိကြပါဘူး။ အလုပ်သမားတွေကို ဒီကိစ္စနဲ့ပတ်သက်ပြီး စကား တောင် မဟကြပါဘူး။ မဲဆောက်စက်ရုံတွေမှာဆိုရင် အလုပ်သမားတွေဟာ နိုင်ငံကူးလက်မှတ် လုပ်ပေးတဲ့ကိစ္စကို ပြီးခဲ့တဲ့ တစ်လဝန်းကျင်းလောက်ကမှစပြီး သိတာဖြစ်ပါတယ်။ အလုပ်သမား တွေရဲ့ အခြေနေကလည်း အလုပ်ရရှိရေးနဲ့ လုပ်အားခရရှိရေးကိုပဲ လုံးပမ်းနေကြတဲ့အတွက် ဒီယာယီနိုင်ငံကူးလက်မှတ် လုပ်ပေးရေးကိစ္စကို စိတ်မဝင်စားကြဘူး ဖြစ်နေပါတယ်။

နောက်ဆုံး လေးအချက်အနေနဲ့ အလုပ်သမားတွေတင်ပြရမည့် အချက်လက်နဲ့ တိုက် ရိုက်ပတ်သက်နေပါတယ်။ အလုပ်သမားအများစုမှာ မြန်မာနိုင်ငံသား မှတ်ပုံတင်မရှိကြပါဘူး။ အလုပ်သမားလက်မှတ်လည်း မရှိကြပါဘူး။ အဲဒီအချက်လက်တွေကို တင်ပြရမယ်ဆိုတဲ့အခါ ကြတော့ နိုင်ငံသား စိစစ်ရေးအဆင့်မှာပင် အောင်မြင်ဖို့ အလားအလာမရှိနိုင်ပါဘူး။ ဒါကြောင့် ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရေး အစီအစဉ်တစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ဘယ်လိုမှ အောင်မြင်နိုင်တဲ့ အလားအလာ မရှိဘူးဆိုတာကို တင်ပြချင်ပါတယ်။

## ခြုံငုံသုံးသပ်ချက်

ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးတဲ့ အစီစဉ်ရဲ့ နောက်ဆက်တွဲအနေနဲ့ အခက်အခဲ တွေ ပြဿနာတွေကတော့ အများကြီးကိုပဲ ဆက်လက်ပြီး ကြုံတွေ့နေရအုံးမှာ ဖြစ်ပါတယ်။ အဲဒီလို အခက်အခဲတွေ ပြဿနာတွေ ဖြစ်နေရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ တစ်ဦး နှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုကင်းမဲ့နေကြခြင်းဘဲ ဖြစ်ပါတယ်။ အလုပ်သမားတွေကလည်း စစ်အာဏာရှင်စနစ်အောက်မှာ မွေးဖွားကြီးပြင်းခဲ့ကြသူတွေ ဖြစ်နေတော့ ရက်စက်ဆိုးဝါးလှတဲ့ အဖြစ်ပျက်တွေကို မြင်ဖူးကြားဖူးခဲ့ကြသူတွေပီပီ စိုးရိမ်စိတ် တွေနဲ့ မြန်မာစစ်အစိုးရကို မယုံသလို မြန်မာအာဏာပိုင်တွေဘက်ကလည်း မှန်ကန်တဲ့ သတင်း ဖြန့်ဝေမှုတွေ မရှိတဲ့အတွက် ဒီကိစ္စတစ်ခုလုံးမှာ ဇဝေဇဝါတွေ ဖြစ်ကုန်ကြတယ်လို့ ယူဆမိပါ တယ်။ ဒီလိုဖြစ်ပေါ်နေတဲ့ သံသယတွေကို သေသေချာချာ ဆန်းစစ်ကြည့်မယ်ဆိုရင် တာဝန်အရှိ ဆုံးကတော့ မြန်မာစစ်အစိုးရကိုယ်တိုင် ဖြစ်နေပါတယ်။

မြန်မာစစ်အစိုးရဟာ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေအပေါ် ၂၀၁၀ ရွေးကောက် ပွဲမှာ နိုင်ငံရေးအရ အမြတ်ထုတ်သွားမှာဖြစ်တဲ့တွက် မြန်မာစစ်အစိုးရတွက်တော့ နိုင်ငံရေးအရ

အကျိုးအမြတ်ရှိသွားမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကတော့ ဆက်လက်ပြီး အပစ်ပယ်ခံ အသုံးချခံဖြစ်နေအုံးမှာ ဖြစ်ပါတယ်။

တရားမဝင် ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ နိုင်ငံကူးလက်မှတ်လုပ်ပြီး အဲဒီလက်မှတ်နဲ့ ထိုက်တန်တဲ့ လုပ်အားခတွေ ခံစားခွင့်တွေရဖို့ လိုအပ်ပါလိမ့်မယ်၊ ဥပဒေအရ အကာအကွယ်တွေရဖို့ လိုအပ်ပါလိမ့်မယ်။ အဲဒါမှ မဟုတ်ပဲ အလုပ်သမားတွေက လက်မှတ်လုပ်ပြီး နဂိုအတိုင်းပဲ ခံစားခွင့်တွေ ဘာမှမရှိဘူး။ လုပ်အားခတွေလည်း ပေးချင်သလိုပေးနေမယ်။ ဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုကိုလည်း မရဘူးဆိုရင် ထိုင်းအလုပ်ရှင်တွေနဲ့ ထိုင်းအစိုးရကသာ အကျိုးရှိသွားမှာဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားတွေကတော့ လုပ်အားခေါင်းပုံဖြတ်ခံ ရမှုတွေက ဆက်လက်ပြီးရှိသွားမှာဖြစ်ပါတယ်။

အဲဒီတော့ ထိုင်းအလုပ်ရှင်တွေရဲ့ လုပ်အားခေါင်းပုံဖြတ်ခံရမှုတွေက ဆက်လက်ရှိသွားအုံးမယ်။ မြန်မာစစ်အစိုးရရဲ့ အပစ်ပယ်ခံ အသုံးချခံရမှုတွေ ဆက်လက်ရှိနေဦးမယ်ဆိုရင် အဲဒီအစိုးရတွေ အပေါ်မှာ ယုံကြည်မှုတွေကင်းမဲ့လာပြီး ရွှေ့ပြောင်းအလုပ်သမားထုရဲ့ ခံစားချက်တွေဟာ နောက်ဆုံးမှာ တစ်နည်းတစ်ဖုံနဲ့ ပေါက်ကွဲလာလိမ့်မယ်လို့ သုံးသပ်လိုက်ရပါတယ်။

# ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာအတွက်နိုင်ငံသားစိစစ်ရေးလုပ်ဆောင်ရန် လိုအပ်သောအချက်များ

*(ဥပဒေအထောက်အကူပြုဌာန)*

ထိုင်းနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် မြန်မာနိုင်ငံသားစိစစ်ရေး လုပ်ဆောင်မှုအစီအစဉ်အရ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစပြီး အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရန်အတွက် နိုင်ငံသား စိစစ်မှုပြုလုပ်ရမည်ဖြစ်ကြောင်း ဇူလိုင်လတွင် ထိုင်း–မြန်မာ နှစ်နိုင်ငံကြား သဘောတူ လက်မှတ်ထိုးခြင်းကို ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံသားစိစစ်ပြီးသည်နောက် ယာယီနိုင်ငံကူးလက်မှတ် (Temporary Passport) ကို မြန်မာနိုင်ငံမှ ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံဝင်ခွင့် ဗီဇာ (Visa) ကို ထိုင်းနိုင်ငံမှ ထုတ်ပေးမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် နိုင်ငံသားစိစစ်မှုပြီးမြောက်ရန် လိုက်နာလုပ်ဆောင်ရမည့် လုပ်ဆောင်ပုံအဆင့်ဆင့်ကို အောက်ပါအတိုင်း အဆင့်လိုက်ဖော်ပြလိုက်ပါသည်။

**အဆင့် (၁)** အလုပ်ရှင်များအနေဖြင့် ထိုင်းအလုပ်သမား ဝန်ကြီးရုံး၏ လုပ်သမားရေးရာဌာနမှ ထုတ်ဝေသော နိုင်ငံသားစိစစ်ရေး လျှောက်လွှာ (Form) ကို လက်ခံရယူပြီး မိမိအလုပ်သမားများအား လက်ဆင့်ကမ်း၍ အလုပ်သမားများမှ လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်သည်။ လျှောက်လွှာမရရှိသော အလုပ်သမားများအနေဖြင့် ပြည်နယ် အလုပ်သမားရေးရာရုံးသို့ ဆက်သွယ်ရယူနိုင်သည်။

**(မှတ်ချက်။ ။ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကိုင်ဆောင်ထားသော ရွှေ့ပြောင်းအလုပ်သမားများသာလျှင် နိုင်ငံသားစိစစ်ရေးကို လုပ်ပိုင်ခွင့်ရှိသည်။)**

**အဆင့် (၂)** အလုပ်ရှင်များမှ အောက်ပါစာရွက်စာတမ်းများနှင့်အတူ PEO သို့ လျှောက်တင်ရမည်။

- ထော်ရော် (Tor-Ror 38/21) မှတ်ပုံတင်ထားသော စာရွက်စာတမ်း သို့မဟုတ် အလုပ်လုပ် ကိုင်ခွင့်လက်မှတ်မိတ္တူ။
- နိုင်ငံသားစိစစ်ရေးလျှောက်လွှာ(Form)
- အလုပ်သမားဌားရမ်းသည့် စာရွက်စာတမ်း (ကိုတာ)

**အဆင့် (၃)** PEO သည် အလုပ်ရှင်မှတင်လာသော လျှောက်လွှာများကို ဘန်ကောက်ရှိ အလုပ်သမားရေးရာဌာန သို့ လွှဲပြောင်းပေးသည်။

**အဆင့် (၄)** လစဉ် (၂၅) ရက်နေ့ရောက်တိုင်း အလုပ်သမားရေးရာ ဌာနသည် PEO မှ လက်ခံရရှိသော နိုင်ငံသား စိစစ်ရေးလျှောက်လွှာများကို နိုင်ငံခြားသံတမန် လမ်းကြောင်းမှတဆင့် မြန်မာပြည်ရှိ တာဝန်ရှိပုဂ္ဂိုလ်များသို့ လွှဲပြောင်းတင်ပို့ပေးသည်။

**အဆင့် (၅)** မြန်မာပြည်ရှိ တာဝန်ရှိသူများသည် လျှောက်လွှာစိစစ်ပြီးသောအခါ နိုင်ငံသားစိစစ်ရေး အောင်မြင်သူများစာရင်းကို သံတမန်ဆက်ဆံရေးလမ်းကြောင်းမှတဆင့် ထိုင်းနိုင်ငံခြားရေးရာဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

**အဆင့် (၆)** နိုင်ငံခြားရေးရာ ဌာနမှတဆင့် အလုပ်သမားရေးရာဌာနသို့ နိုင်ငံသားစိစစ်ရေး အောင်မြင်သူများစာရင်းကို ပြန်လည်ပေးပို့မည်ဖြစ်သည်။ အလုပ်သမားရေးရာဌာနမှ ရွှေ့ပြောင်းအလုပ်သမားများအား အသိပေး ရက်ချိန်းပြုရန်အတွက် ထိုင်းနယ်စပ် ထိန်းသိမ်းရေး ဗဟိုဌာနများရှိရာ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်း သုံးဌာနမှ တခုသော ဗဟိုဌာနကို ဆက်လက် အကြောင်းကြားသွားမည်ဖြစ်သည်။ နယ်စပ်ထိန်းသိမ်းရေးဗဟိုဌာနမှ တွေ့ဆုံရန် ရက်ချိန်းကို အလုပ်ရှင်များမှတဆင့် အလုပ်သမားများဆီသို့ အကြောင်းကြားလာမည်ဖြစ်သည်။ ထို့နောက် မိမိလုပ်ငန်းခွင်မှ နယ်စပ်ထိန်းသိမ်းရေးဗဟိုဌာနရုံးသို့ လွတ်လပ်စွာ သွားလာနိုင်ရန် အလုပ်သမားများသည် ထုတ်ပေးသော တရားဝင်ခွင့်ပြုချက်အရ လက်မှတ်တစ်စောင် ရရှိမည်ဖြစ်သည်။

**အဆင့် (၇)** အလုပ်သမားများသည် အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ကိုယ်စားလှယ် တဦးဦးနှင့်အတူ နယ်စပ်ထိန်းသိမ်းရေး ဗဟိုဌာနသို့ လိုအပ်သော စာရွက်စာတမ်းများ အားလုံး တပါတည်းယူဆောင်သွားမည်ဖြစ်သည် ဗဟိုရုံးမှ တာဝန်ရှိသူများသည် ပြင်ဆင်ထုတ်ပြန်သော အကြောင်းကြားစာ Delivery Letter ကို ထုတ်ပေးပြီး မြန်မာပြည် ယာယီနိုင်ငံကူးလက်မှတ်ဌာနရုံးသို့ လျှောက်တင်ထားရမည်ဖြစ်သည်။

**အဆင့် (၈)** ဤစာရွက်စာတမ်းကို ရရှိပြီးသည့်နောက် အလုပ်သမားများသည် နယ်စပ်ကိုဖြတ်လာပြီး မြန်မာပြည် ယာယီနိုင်ငံကူးလက်မှတ် ဌာနရုံးရှိရာ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

**အဆင့် (၉)** ဤရုံးများမှ နိုင်ငံသာစိစစ်ပြီးသည့်နောက် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ရန် အလုပ်သမားများက (၃၀၀၀) ကျပ် သုံးထောင်ကျပ် ပေးဆောင်ရမည်ဖြစ်သည်။

**အဆင့် (၁၀)** ထိုရုံးများသည် အလုပ်သမားများအား နိုင်ငံသားစိစစ်ရေး လုပ်ဆောင်မှုရလာဒ်နှင့်အတူ ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးမည် (သို့) မထုတ်ပေးမည်ကို ဖော်ပြထားသော စာတစောင်ရရှိမည်ဖြစ်သည်။ ၎င်းစာရွက်သည် ထိုင်းနယ်စပ်ထိန်းသိမ်းရေး ဗဟိုဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်သည်။ ၎င်းဗဟိုဌာနများသည် မိမိနယ်မြေတွင် နိုင်ငံသားစိစစ်ရေး လုပ်ဆောင်မှု အဆင့်ဆင့်ကို ထိုင်းနိုင်ငံအလုပ်သမားရေးရာဝန်ကြီးဌာနရုံးသို့ လစဉ် အစီရင်ခံတင်ပြမည်ဖြစ်သည်။

**အဆင့် (၁၁)** အလုပ်သမားများသည် အလုပ်ရှင် သို့မဟုတ် ၎င်းတို့ ကိုယ်စားလှယ်နှင့်အတူ နီးစပ်ရာ လူဝင်မှုကြီးကြပ်ရေးဌာနတွင် နိုင်ငံဝင်ခွင့်ဗီဇာကို တောင်းခံနိုင်ပါသည်။ နိုင်ငံဝင်

ခွင့် ဗီဇာ(Visa) လျှောက်ရန် လိုအပ်သော စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ယာယီနိုင်ငံကူးလက်မှတ်နှင့်အတူ မိတ္တူတစ်စုံ
၂။ နိုင်ငံဝင်ခွင့် ဗီဇာလျှောက်လွှာနှင့် (4×6 cm)အရွယ် ဓာတ်ပုံတစ်ပုံ
၃။ TM ၆ လျှောက်လွှာပုံ
၄။ လျှောက်လွှာကြေး (၂၀၀၀ ဘတ်)[၁]
၅။ Pink Card ပန်းရောင် လက်မှတ်နှင့်အတူ မိတ္တူတစ်စုံ
၆။ ထော်ရော်လျှောက်လွှာပုံစံနှင့် ငွေစားရင်းသွင်းပြီးဖြတ်ပိုင်း (အကယ်၍ လျှောက်ထားသူသည် ပန်းရောင်လက်မှတ်မရှိပါက ဤစာရွက်စာတမ်းကို တင်ပေးရသည်။)
၇။ အလုပ်ရှင်မှ အလုပ်သမားငှားရမ်းသည့် စာရွက်စာတမ်း (ကိုတာ) နှင့်အတူ မိတ္တူတစ်စုံ
၈။ အလုပ်သမားလက်မှတ်နှင့်အတူ မိတ္တူတစ်စုံ
၉။ ကုမ္ပဏီမှတ်ပုံတင်ထားသော စာရွက်စာတမ်း

နိုင်ငံဝင်ခွင့် ဗီဇာရရှိပြီးနောက် ရွှေ့ပြောင်းသွားလာသူ အလုပ်သမားများအနေဖြင့် ရက်ပေါင်း ၉၀ ပြည့်တိုင်း မိမိနေထိုင်ရာဒေသသို့ ပြန်လည်အကြောင်းကြားအစီရင်ခံ တင်ပြရန် လိုအပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက ဒဏ်ကြေးငွေအဖြစ် ၅၀၀၀ ဘတ်ကို ပေးဆောင်ရမည်ဖြစ် သတိပေးချက် အကြောင်းကြားစာမရရှိသေးပါက ရက်လွန်ကြေးအနေဖြင့် ဘတ်ငွေ ၂၀၀ အား အပိုပေးဆောင်ရန် မလိုပါ။[၂]

**အဆင့် (၁၂)** နိုင်ငံဝင်ခွင့်ဗီဇာရရှိပြီးနောက်၊ ငါးလုပ်ငန်း၊ လယ်ယာမွေးမြူရေးလုပ်ငန်းနှင့် အိမ်မှုကိစ္စလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်သော အလုပ်သမားများသည် လူမှုဖူလုံရေး ရံပုံငွေအဖွဲ့ဝင်လျှောက်ပိုင်ခွင့် မရှိပါ။ ထို့ကြောင့် ၎င်းအလုပ်သမားအနေဖြင့် အလုပ်သမား ကျန်းမာရေးအာမခံလျှောက်ရမည် (ဆေးစစ်ရန် အတွက် ၆၀၀ ဘတ်နှင့် တစ်နှစ်စာ ကျန်းမာရေးအာမခံအတွက် ၁၃၀၀ ဘတ်နှစ်စဉ် ပေးဆောင်ရမည်)။ အခြားလုပ်ငန်းခွင်တွင် လုပ်ကိုင်သော အလုပ်သမားများ အားလုံးသည် လူမှုဖူလုံရေးရံပုံငွေမှ အကျိုးခံစားရမည်ဖြစ်သည်။ အလုပ်ရှင်များသည် အလုပ်သမားများ၏ လစာမှ ၃.၅ ရာခိုင်နှုန်း[၃] ကို နုတ်ယူပြီး လူမှုဖူလုံရေး ရံပုံငွေသို့ ပေးသွင်းရမည် ဖြစ်သည်။ အလုပ်ရှင်များသည်လည်း ထိုပမာဏအတိုင်း ရံပုံငွေကို လစဉ်ပေးဆောင်ရမည်ဖြစ်သည်။

**အဆင့် (၁၃)** ပြည်ပရောက် အလုပ်သမားများသည် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်လျှောက်ရန် ၁၀၀ ဘတ်ပေးဆောင်ရမည် ဖြစ်သည်။ အလုပ်လုပ်ကိုင်ခွင့် သက်တမ်း ၁ နှစ်ရှိသော လက်မှတ်အတွက် ၁၈၀၀ ဘတ် ပေးဆောင်ရမည်။ ၂ နှစ်သက်တမ်းရှိ လက်မှတ်ထပ်တိုးလျှင် နောက်ထပ် ၂ နှစ် သက်တမ်းရရှိမည် ဖြစ်သည်။ နိုင်ငံသား စိစစ်ပြီးအနေအထားနှင့် အလုပ်လုပ်ပိုင်ခွင့်လက်မှတ် ရရှိထားသော ပြည်ပရောက် မြန်မာအလုပ်သမားများအနေဖြင့် အထက်ပါသွင်းငွေများနှင့် ကင်းလွတ်မည်ဖြစ်သည်။ သို့သော် ထိုကင်းလွတ်ခွင့်သည် အလုပ်လုပ်ပိုင်ခွင့်လက်မှတ်သက်တမ်း ကျန်ရှိသူများအတွက်သာ ဖြစ်သည်။

## သတင်းအရင်းအမြစ် (Sources)

အထက်ပါ သတင်းအချက်အလက်များသည် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနရှိ အလုပ်သမားရေးရာဌာန၏ ရွှေ့ပြောင်းနိုင်ငံခြားသား အလုပ်သမားများဆိုင်ရာ စီမံအုပ်ချုပ်ရေးရုံးမှ ထုတ်ပြန်သော **"မြန်မာနိုင်ငံသားစိစစ်ရေး လုပ်ဆောင်မှုလမ်းညွှန်"** မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။

## ဖြည့်စွက်အသိပေးခြင်း

(၁) အထက်ပါ သတင်းအချက်အလက်များသည် ထိုင်းအစိုးရ၏ လမ်းညွှန်စာစောင်ကို တိုက်ရိုက် ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။

(၂) IOM International Organization for Migration မှ ဘာသာ ပြန်ဆိုမှုကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

(၃) ဤလုပ်ငန်းစဉ်ကို အပြည့်အဝ ထောက်ခံအားပေးခြင်းမဟုတ်ပါ။

(၄) မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုသည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မြန်မာစစ်အစိုးရအား ပေးခြင်းသည် အန္တရာယ်ရှိနိုင်ကြောင်း ပြောဆိုနေကြသည်။

(၅) ဤအစီအစဉ်သည် လုံခြုံစိတ်ချရသော အစီအစဉ်ဖြစ်သည်ဟု အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) များမှ အာမခံချက် မပေးနိုင်ပါ။ မိမိကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပါသည်။

(၆) အထူးသတိပြုရန်မှာ ပွဲစားများနှင့် လုပ်ဆောင်ပါက စိတ်ချရသော ပွဲစားများနှင့်သာ လုပ်ဆောင်ရန် လိုအပ်ပါသည်။

---

[၁] ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံသားစိစစ်ပြီး ယာယီနိုင်ငံကူးလက်မှတ်ရရှိသော မြန်မာအလုပ်သမားများအတွက် နိုင်ငံဝင်ခွင့်ဗီဇာခကို ၂၀၀၀ ဘတ်မှ ၅၀၀ ဘတ်အထိ လျှော့ပေးရန်အတွက် ပြည်ထဲရေးရာဝန်ကြီးဌာနမှ စည်းမျဉ်းထုတ်ပြန်ပေးမည်ဖြစ်သည်။ (ဤစာ ထုတ်ဝေချိန်တွင် ဝန်ကြီးဌာနမှ စည်းမျဉ်းထုတ်ပြန်မှုမရှိသေးပါ)

[၂] လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ဘီအီး ၂၅၂၂၊ ပုဒ်မ– ၇၆

[၃] လစာဖြတ်တောက်မှုနှုန်းကို ၄.၅ ရာခိုင်နှုန်းမှ ၃.၅ ရာခိုင်နှုန်းထိလျှော့ချထားသည်၊

## စာပဒေသာ

# နိုင်ငံရေးအမှုလိုက်ရှေ့နေတစ်ဦးရဲ့ ဒိုင်ယာရီမှတ်စု

*(ညီညီဘိုလှိုင်)*

### သောတရှင်များခင်ဗျား

ယနေ့ တရားစီရင်ရေးယန္တရား တစ်ခုလုံးဟာ ဥပဒေမှာဘယ်လိုပဲပြဋ္ဌာန်းထားသည်ဖြစ်စေ "အထက်ပါအတိုင်းမည်သို့ပင်ဆိုစေကာမူ" ဆိုတဲ့စကားလုံးကို သုံးပြီး စီရင်ချက်အမိန့်ချမှတ်နေတဲ့ခေတ်၊ "ငါလုပ်ချင်တာလုပ်မယ်ကွာ" ဆိုတဲ့ ခေတ်ကြီးထဲမှာ ဘယ်လိုမှ တရားမျှတတဲ့ တရားစီရင်ရေး ဖြစ်လာမှာမဟုတ်ပါဘူး။ တရားစွဲအဖွဲ့စည်းနဲ့ အာဏာပိုင်စေခိုင်းသမျှ မည်သို့ပင်ဆိုစေကာမူဆိုတဲ့ စကားလုံးကိုသုံးပြီး အမိန့်ချမှတ်ပေးနေတဲ့ တရားသူကြီးတွေရှိနေသမျှ တရားရုံးတွေရဲ့ ဂုဏ်သိက္ခာ ကျဆင်းနေမှာဖြစ်ပြီး နောက်ဆုံး တရားသူကြီးဆိုတာလည်း မလိုအပ်တော့ဘူး။ အမှုမှန်ပေါ်ပေါက်အောင် ကြိုးစားပေးမယ့် ရှေ့နေဆိုတာလည်း လိုအပ်မှာ မဟုတ်တော့ပါဘူး။ ရဲတွေက အမြင်ကပ်တဲ့သူကိုဖမ်း၊ စခန်းရောက်ရင် သူတို့ပဲ ခေါင်းပေါင်းကလေးပေါင်းပြီး တခါတည်း အမိန့်ချလိုက်ရုံပဲဆိုတဲ့ အခြေအနေရောက်နေပါပြီ။ ဒါပေမယ့် တရားသူကြီးဆိုတာ ရဲကခိုင်းသမျှ ကြောက်လန့်ပြီး လုပ်ပေးရတယ်ဆိုတဲ့ဘဝကို အရောက်မခံချင်တဲ့ တရားသူကြီးအနည်းငယ်တော့ ရှိနေသေးတယ်ဆိုတာကို ကိုယ်တိုင်ကြုံတွေ့ ခဲ့ရဘူးပါတယ်။

ကျွန်တော်လိုက်ပါဆောင်ရွက်ပေးခဲ့တဲ့ အမှုတွေထဲက ၂၀၀၇ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဒီပြေမ်းလင်း ကို တရားရုံး လေးရုံးက တရားစွဲခဲ့တယ့်အထဲမှာ ဒဂုံမြို့နယ် တရားရုံးကတော့ အပြီးအပြတ် လွှတ်မိန့်ချမှတ်ခဲ့ဘူးပါတယ်။ ဒါဟာ တကယ့်ကို ရှားရှားပါးပါးလွှတ်ပေးခဲ့တဲ့ နိုင်ငံရေးအမှုလို့ ပြောရမှာပါတယ်။

အသက် ၁၉ နှစ်အရွယ် ၂၀၀၇ မျိုးဆက်သစ် ကျောင်းသားခေါင်းဆောင် ဒီပြေမ်းလင်းကို ရန်ကုန်မြို့တွင်း၊ မြို့နယ်လေးခုမှာ တရားစွဲဆိုခဲ့တာပါ။ အဲဒီလို ရုံးလေးရုံးမှာ စွဲဆိုခဲ့တဲ့အထဲက တစ်ရုံးက ၁၉၈၈ ခုနှစ် အသင်းဖွဲ့ဥပဒေ ပုဒ်မ (၆) နဲ့ အပြီးအပြတ် လွှတ်မိန့်ချလိုက်လို့ စိတ်အေးမယ်မှ မရှိသေးဘူး။ နောက်တစ်ပတ်ကျတော့ တောင်ဒဂုံမြို့နယ်တရားရုံး တစ်ရုံးက ၁၉၈၈ ခုနှစ် သင်းဖွဲ့ဥပဒေပုဒ်မ (၆)နဲ့ပဲ ထပ်စွဲပြန်ပြီဆိုတာ ကြားလိုက်ရတော့တာပါဘဲ။ အဲဒီလိုဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ၅၀၅၊ (ခ) တို့နဲ့ စမ်းချောင်းမြို့နယ်တရားရုံးက အများဆုံး ပြစ်ဒဏ် ၄ နှစ်ချမှတ်ရမယ့်နေရာမှာ ၆ နှစ်ခွဲချလိုက်လို့ အံ့အားသင့်လို့မှ မပြီးသေးဘူး။ ထန်းတပင်မြို့နယ်က အဲဒီပုဒ်မ ၂ ခုနဲ့ပဲ ထပ်ပြီးတရားစွဲပြန်ပါတယ်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ (၁) အရ လူတစ်ဦးတစ်ယောက်တည်းအား တစ်မှုထက်ပိုပြီး မျိုးတူဖြစ်သော ပြစ်မှုများကို တစ်ဆယ့်နှစ်လအတွင်း ကျူးလွန်ကြောင်း စွပ်စွဲသည့်အခါ သုံးမှုထက် မပိုသည့် ပြစ်မှုများအတွက် စွဲချက်တင်ပြီး အမှုတစ်မှုတည်းတွင် စစ်ဆေး

နိုင်သည်ဟု ပြဋ္ဌာန်းထားပေမယ့် အချိန်ကုန်၊ လူပမ်း၊ အပြစ်များများကျစေဖို့ ရည်မှန်းပြီး တစ်မှုစီခွဲကာ တရားစွဲခဲ့ပါတယ်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) အရ ပြစ်မှုတစ်ရပ် အတွက် တစ်ကြိမ် စစ်ဆေးပြီး အဆိုပါအမှုမှ အပြီးအပြတ်လွှတ်လိုက်သည့် စီရင်ချက်သည် အတည် ဖြစ်လျက်ရှိနေချိန်မှာ ၎င်းထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက်စေရ လို့ပြဋ္ဌာန်းထားပေမယ့် အဲဒီဥပဒေကို မလေးစား မလိုက်နာဘဲ နောက်တစ်မှု ထပ်စွဲခဲ့တာဟာ တရားဥပဒေစိုးမိုးမှု ပျောက်ကွယ်နေတယ်ဆိုတာကို သက်သေပြလိုက်တာပါဘဲ။

ဒဂုံမြို့နယ်မှာ တရားစွဲခဲ့အမှုမှာ ဘာကြောင့်လွှတ်ပေးလိုက်ရသလဲဆိုတာကို အနည်းငယ်တင်ပြပေးပါ့မယ်။ အမှုဖြစ်စဉ်တစ်လျှောက်လုံးမှာ ပြောစရာတွေတော့ အများကြီးပေါ့။ အဲဒီအထဲကမှ အဓိကကျတဲ့ ၂ ချက်လောက် အကျဉ်းချုံး ပြန်ပြောရရင် အခင်းဖြစ်တယ်ဆိုတဲ့ နေရာဟာ အမေရိကန်သံရုံး ဧရိယာအတွင်းမှာဖြစ်ပြီး နိုင်ငံတကာသံတမန်များ အထူးကင်း လွတ်ခွင့် အခွင့်အရေးအရ သံရုံးပိုင်မြေနေရာဆိုတာ အဲဒီနိုင်ငံရဲ့ ပိုင်နက်ဖြစ်တယ်လို့ သတ်မှတ် ထားတာကြောင့် အမေရိကန်နိုင်ငံရဲ့ နယ်နမိတ်ထဲမှာ ဖြစ်ပွားခဲ့တယ်ဆိုတာ ပေါ်ပေါက်ပါတယ်။ အဲဒီအမေရိကန်နိုင်ငံ ပိုင်နက်အတွင်းကို ဝင်ရောက်စုံစမ်း စစ်ဆေးမှုလုပ်မယ်ဆိုရင် အဲဒီနိုင်ငံရဲ့ အာဏာပိုင်တွေဆီမှာ ခွင့်ပြုချက်တောင်းခံရပါမယ်။

အခုအမှုမှာ အဲဒီလို တရားဝင်ခွင့်ပြုချက် တောင်းခံထားတဲ့ စာရွက်စာတမ်း သက်သေ၊ လူသက်သေ တင်ပြထားတာမရှိပါဘူး။ တင်ပြမယ်ဆိုရင်တောင် ဒါဟာ သံတမန်အထူးကင်းလွတ် ခွင့်၊ အခွင့်အရေးကို ချိုးဖောက်တဲ့ပြစ်မှု ဖြစ်နေပါတယ်။ ဒီတော့ ပြစ်မှုကျူးလွန်သူဟာ တရားလို ကိုယ်တိုင် ဖြစ်သွားနိုင်ပါတယ်။ နောက်တစ်ချက်က အဲဒီ ဝင်ရောက် မစုံစမ်းခဲ့ဘဲ စွပ်စွဲခံရသူကို ပြစ်မှုကျူးလွန်ပါတယ်လို့ အမိန့်ချမယ်ဆိုရင်လည်း စစ်ကြောရေး ထွက်ချက်တစ်ခုတည်းကို ထောက်ခံတယ် အခြားသက်သေခံချက်မရှိဘဲ အပြစ်ပေးတာဖြစ်ပြီး၊ ရဲတပ်ဖွဲ့ဝင်တွေကိုယ်တိုင် သွားရောက်စစ်ဆေး ထောက်လှမ်းပြီး သတင်းရယူခဲ့တာ မဟုတ်ဘူးဆိုပြန်ရင်လည်း တဆင့် ကြား သက်သေခံချက်တွေအပေါ်မှာ အမှုတည်ဆောက်ထားတာ ဖြစ်နေတာကြောင့် လွှတ်ပေး လိုက်ရတာပါ။ ဒီလို ပြစ်မှုမထင်ရှားလို့ အပြီးအပြတ် လွှတ်ပေးလိုက်သည်ဆိုတဲ့ အမိန့်ချမှတ် သင့်ပါလျက် မချခဲ့တဲ့ တရားသူကြီးတွေကတော့ မြန်မာပြည်မှာ ဒုနဲ့ဒေးပါ။

တရားဥပဒေဆိုတာတွေ စတင်ပြဋ္ဌာန်းခဲ့တဲ့ မူလရည်ရွယ်ချက်တွေထဲမှာ အဲဒီလို ရဲကဖမ်း ချင်တိုင်း ဖမ်းပြီး ထောင်ချချင်တိုင်း ချလို့မရအောင် တရားသူကြီးတွေ၊ ရှေ့နေတွေက အမှုမှန် ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းထိမ်းသိမ်းပေးနိုင်အောင် အခွင့်လမ်းတွေဖွင့်ထားတဲ့ တရားစီရင် ရေးမှသာ တရားမျှတတဲ့ တရားစီရင်ရေး ဖြစ်လာမှာပါ။ အခုဟာက တရားစွဲအဖွဲ့စည်းမှာ အာဏာပါဝါ အလွန်အကျူး သုံးစွဲခွင့်ရှိနေတော့ အဲဒီတရားစွဲ အဖွဲ့စည်းတွေရဲ့ အာဏာကို ထိန်းညှိပေးတဲ့ Checks and Balances ဆိုတာ မရှိတဲ့အတွက် တစ်ဖက်စောင်းနင်း တရားစီရင် စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားပေမယ့် အချိန်ကုန်၊ လူပန်း၊ အပြစ်များများကျစေဖို့ ရည်မှန်းပြီး တစ်မှုစီခွဲကာ တရားစွဲခဲ့ပါတယ်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) အရ ပြစ်မှုတစ်ရပ်အတွက် တစ်ကြိမ်စစ်ဆေးပြီး အဆိုပါအမှုမှ အပြီးအပြတ်လွှတ်လိုက်သည့် စီရင် ချက်သည် အတည်ဖြစ်လျက်ရှိနေချိန်မှာ ၎င်းထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက်

စေရလို့ ပြဋ္ဌာန်းထားပေမယ့် အဲဒီဥပဒေကို မလေးစားမလိုက်နာဘဲ နောက်တစ်မူ ထပ်စွဲခဲ့တာ ဟာ တရားဥပဒေစိုးမိုးမှု ပျောက်ကွယ်နေတယ်ဆိုရေးစနစ် ဖြစ်နေရတာပါ။ ဒါကြောင့် တရားမျှ တရေးဆိုတာလည်း ဒီခေတ်ကြီးမှာ မရှိနိုင်တော့ပါဘူး။ အမှုမဖြစ်လိုက်နဲ့ တရားစွဲခံရပြီဆို တာနဲ့ ဟုတ်တာ မဟုတ်တာ အပထား၊ တရားရုံးရောက်ပြီဆိုတာနဲ့ ပြစ်ဒဏ်ချမှတ်ဖို့ကတော့ သေချာသလောက်ပါပဲ။ မြို့နယ် ရဲစခန်းတွေမှာက မှုခင်းကျဆင်းရေး စီမံချက်အနေနဲ့ တစ်လ အတွင်း လောင်းကစားမှုဘယ်နှစ်မှု၊ မူးယစ်မှုကဘယ်နှစ်မှု စသည်ဖြင့် မဖြစ်မနေ ဖမ်းပေးရမယ် ဆိုတဲ့စီမံချက်၊ ရာထားချက် ပြည့်မှီအောင်ဖမ်းပေးရတဲ့အချိန်မှာ အစိုးရရှေ့နေနဲ့ တရားသူကြီး တွေက ပြစ်မှုမထင်ရှားလို့ လွှတ်ပေးလိုက်တယ်ဆိုရင် ဘာကြောင့် လွှတ်ပေးလိုက်ရပါတယ် ဆိုတာကို အဆင့်မြင့်ရုံးတွေကို ထုချေလွှာ တင်ပေးရပါတယ်။ ဒါကြောင့် အထက်လူကြီးတွေ ပြုံပြင်စေမယ့် အလုပ်မျိုးတော့ အောက်ရုံး တရားသူကြီးသူတွေက ပိုက်ဆံမရဘဲ၊ ပြစ်မှုမထင်ရှား လို့ လွှတ်ပေးရတယ်ဆိုရင်တောင် အထက်လူကြီးတွေက ပိုက်ဆံရလို့ လွှတ်ပေးတယ်လို့ ထင် မြင်စရာတွေတော့ အဖြစ်မခံကြပါဘူး။ ဒါကြောင့် ရဲကဖမ်းလာပြီဆိုရင် အောက်ရုံးတရားသူကြီး တွေက ထောင်ချလိုက်တာ အစဉ်လာလိုဖြစ်နေပါပြီ။ ငွေအလုံအလောက်ရလို့ အထက်လူကြီး တွေက ဆူငေါက်ခံရတယ်ဆိုတော့လည်း တစ်မျိုးပေါ့။

အမှုတိုင်းမှာ ညှင်းပန်းနှိပ်စက်ပြီး ရရှိလာတဲ့ ရဲထံထွက်ချက်တွေလောက်နဲ့ တကယ်တော့ ဥပဒေအရ ထောင်ချခွင့်မရှိပါဘူးဆိုတာ တရားသူကြီးတိုင်း သိပြီးသားပါ။ ဒါပေမယ့် တရား သူကြီးအများစုကတော့ ရဲတွေကိုမလွန်ဆန်နိုင်ရှာပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရတဲ့ တစ်သိန်းမပြည့်တဲ့လစာက ယနေ့ကုန်ဈေးနှုန်းနဲ့ ဘယ်လိုမှ မလောက်ငှတာကြောင့် အနည်းနဲ့ အများတော့ အဂတိတရားလိုက်စား မိကြပါတယ်။ အဲဒီလိုဖြစ်အောင်လည်း တမင်လုပ်ထား တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်ငွေရှိပြီး၊ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို မြတ်နိုးတဲ့ တရားသူကြီးတွေကတော့ အဂတိတရားကင်းစွာနဲ့ အမှုမှန်တာကို မှန်တဲ့အတိုင်း ဆုံးဖြတ်ပေးနေဆဲပါ။ ဒါဟာ တစ်ဦးချင်းစီရဲ့ မိမိအလုပ်ကို ချစ်မြတ်နိုးမှုနဲ့လည်း ဆိုင်သလို၊ ငွေကြေးမျက်နှာ တစ်ခုတည်းကိုကြည့်ပြီး ဘဝရပ်တည်ရေးအတွက် ကိုယ်ကျင့်တရားကို ရောင်း မစားဘူးဆိုတဲ့ ဆုံးဖြတ်ချက်တွေနဲ့လည်း ဆိုင်ပါတယ်။ နောက်ပြီးတော့ တရားသူကြီးတွေတိုင်း မှာ အဓိကရှိရမယ့် ဆင်ခြင်တုံတရားရှိခြင်း၊ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းဆိုတာတွေနဲ့လည်း ဆိုင်ပါတယ်။

အဲဒီလို ကိုယ်ကျင့်တရားကို တန်ဖိုးထားတဲ့ တရားသူကြီးတွေရှိသလို၊ အကြောင်း ကြောင်းတွေကြောင့် ရဲတွေကိုကြောက်နေရတဲ့ တရားသူကြီးတွေ မြန်မာနိုင်ငံမှာရှိနေတာ ကြောင့် လမ်းဘေးက ကောက်ရတယ်ဆိုတဲ့ စာရွက်တစ်ရွက်ကို ကိုးကား အထောက်ထားပြုပြီး တောင်ဒဂုံ ရဲစခန်းမှာ တိုင်ချက်ဖွင့်ခဲ့ပါတယ်။ အဲဒီ ကောက်ရတဲ့ စာရွက်ကို ကောက်ရတယ်ဆိုတဲ့ ဒုတပ်ကြပ်က ရဲစခန်းကို အပ်ပေးခဲ့တယ့်နေ့ဟာ အမှုဖွင့်ခဲ့တဲ့နေ့ထက် ၁ နှစ်နီးပါးလောက် နောက်ကျနေခဲ့ပေမဲ့ အဲဒီစာရွက်ကြောင့် အသင်းဖွဲ့ ဖွဲ့ခဲ့တာ ထင်ရှားတဲ့အတွက် ထောင်ဒဏ်ငါး နှစ် ထပ်မံချလိုက်ထားလိုက်တဲ့ တရားသူကြီးတွေလည်းရှိတာကြောင့် ကျောင်းသားခေါင်း ဆောင် ဒီပြိမ်းလင်း ဟာ အားလုံး ထောင်ဒဏ် ၁၅ နှစ်၊ ခြောက်လ ကျသွားခဲ့ရပါတယ်။ အဲဒီဖြစ် ရပ်တွေထဲမှာ တရားစွဲတုန်းကရော စွဲချက်တင်တုန်းက ပါမပါတဲ့ အမှု ၂ မှု ကို အပြီးသတ်

စီရင်ချက်ချတော့မှ လက်ဆောင်အဖြစ်၊ စမ်းချောင်းမြို့နယ် တရားရုံးက အပိုချီးမြှင့်ပေးလိုက်တဲ့ ထောင်ဒဏ် ၂ နှစ်နဲ့ ဖလ လည်း အပါအဝင် ဖြစ်သလို ထန်းတပင်မြို့နယ် တရားရုံးမှာလည်း အနောက်ပိုင်း တက္ကသိုလ်ဝင်းထဲမှာ ဘူမိဗေဒ နောက်ဆုံးနှစ် ကျောင်းသားဖြစ်တဲ့ ကျောင်းသား ခေါင်းဆောင် ဒီငြိမ်းလင်း ဟာ ကျောင်းချိန်အတွင်းမှာ သူငယ်ချင်း ၂ ဦးနဲ့အတူ လမ်းဖြတ် လျှောက်တာကို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို အထိမ်းသိမ်းခံထား ရတဲ့အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ်နဲ့ အနက်ရောင် ဝမ်းဆက်ဝတ်ပြီး မျက်နှာထား တင်းတင်းနဲ့ စာသင်ခန်းရှေ့က ဖြတ်လျှောက်ခဲ့တဲ့အတွက် စာသင်ခန်းထဲက ကျောင်းသားအချို့ က လှည့်ကြည့်မိတယ်။ တစ်ချို့က ထကြည့်တယ်။ တစ်ချို့က စာသင်ခန်းအပြင်ထိ လိုက်ကြည့် တယ်လို့ အမှုမှာပေါ် ပေါက်ပါတယ်။ အဲဒါကြောင့် ဥပဒေနဲ့ ဆန့်ကျင်တဲ့ လူစုလူဝေးတွင်ပါဝင် ကာ ရန်းရင်းဆန်ခတ်ဖြစ်စေတာကြောင့်ဆိုပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၇ နဲ့ ၅၀၅ (ခ) တို့အရ ၄ နှစ် ထောင်ချမှတ်လိုက်သည် ဆိုတာလည်း အပါအဝင်ပေါ့။

သောတရှင်များလည်း အနက်ရောင်ဝမ်းဆက်ဝတ်ပြီး မျက်နှာထားတင်းတင်းနဲ့ စာသင် ခန်းရှေ့ ဖြတ်လျှောက်မိလို့ ထောင် ၄ နှစ်ချလိုက်တဲ့ တရားသူကြီးတွေ တရားစွဲတုန်းကလည်း မပါ၊ စွဲချက်တင်တော့လည်းမပါတဲ့ ပြစ်မှုနဲ့နောက်ဆုံးအမိန့်ချမှ အပိုဆုချီးမြှင့်တတ်တဲ့ တရား သူကြီးတွေ၊ ကောက်ရတဲ့စာရွက်ကလေးနဲ့ ၅ နှစ်ထောင်ချတတ်တဲ့ တရားသူကြီးတွေနဲ့ မတွေ့ ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်။

## စာစောင်မှာယူခြင်း

သို့
တာဝန်ခံ
ရုံးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
လက်မှတ် _ _ _ _ _ _ _ _ _ _ _ _ _ _ _
အမည် _ _ _ _ _ _ _ _ _ _ _ _ _ _ _
ရက်စွဲ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)
_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊
_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

မှာယူလိုသည့်စာအုပ်အရေအတွက် ( _ _ _ )အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက -
အမှတ်စဉ် ( _ _ _ )၊ အုပ်ရေ ( _ _ _ ) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ
_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။